# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ စနေနေ့။ Saturday, 7 October 2017 (၉၀၇၀)


**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ရောက်ရှိ ဘရူနိုင်းဘုရင်မင်းမြတ်၏ နန်းမွေဆက်ခံသည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်



ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ်ဘိုလ်ကီးယားမူအစ် ဇာဒင် ဝါဒူလာ၏ နန်းမွေဆက်ခံသည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ရန် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။** (အပေါ်ပုံ)

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻



**တိုင်းရင်းသားရေးရာအထူးကဏ္ဍ**

**အချပ်ပို ၄ မျက်နှာ ပါရှိ**

## ရိုးရာနဂါးလှေသဘင်ပွဲတော်အတွက် ရွှေနန်းသာရီနှင့် ငွေနန်းသာရီတို့အား စမ်းသပ်လှော်ခတ်




**တနင်္သာရီ အောက်တိုဘာ ၆**

တနင်္သာရီမြို့နယ်၌ ရိုးရာနဂါးလှေသဘင်ပွဲတော် ကျင်းပနိုင်ရန်နှင့် ကြိုတင်လှော်ခတ် လေ့ကျင့်နိုင်ရန်အတွက် ရွှေနန်းသာရီနဂါးလှေနှင့် ငွေနန်းသာရီနဂါးလှေတော် နှစ်စင်းအား ချောင်းကြီးကျောင်းတိုက်ဦးစီးပဓာန သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တပညာဒီပ၏လမ်းညွှန်မှုဖြင့် ချောင်းကြီးရပ်ကွက်-ရွှေလိပ်ပြာကမ်းနားလမ်းရှိ နဂါးလှေရုံလျှောဆင်းလမ်းနေရာနှင့် ရေလိပ်ပြာရေဆိပ်နေရာတို့တွင်

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ✻**



ဘရူနိုင်းဘုရင်မင်းမြတ်၏ နန်းမွေဆက်ခံသည့်
နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။

တွေ့ဆုံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရူနိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့် တွေ့ဆုံစဉ်။

**✻ ရှေ့ဖုံးမှ**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များအား ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ရှေ့နေချုပ် Her Excellency Datin Seri Paduka Hajah Hayati POK Dato Seri Paduka Haji Mohd Salleh၊ တော်ဝင်ဘရူနိုင်း ဘုရင့်တပ်မတော်နှင့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ဘုရင့်နန်းတော် သံတမန်ဌာနအကြီးအကဲ၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချိုထွန်းအောင်၊ မြန်မာသံရုံးဝန်ထမ်းများနှင့် မိသားစုများက ဘရူနိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ အစိုးရဧည့်ဂေဟာသို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ မြန်မာသံရုံး၌ ဘရူနိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့်တွေ့ဆုံ၍ ရင်းနှီးစွာနှုတ်ဆက်စကားပြောကြားပြီး ၎င်းတို့သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘရူနိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ Istana Nurul Imam ဘုရင့်နန်းတော်၌ကျင်းပသည့် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ နန်းမွေဆက်ခံသည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။ **(သတင်းစဉ်)**

# မြန်မာ့ရိုးရာဂီတ အခြေခံအဆိုသင်တန်းဖွင့်လှစ်

**ကျိုက်ထို အောက်တိုဘာ ၆**

ကျိုက်ထိုမြို့နယ် ဗမာတိုင်းရင်းသားလူမျိုးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကကြီးမှူး၍ အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကထိကများက နည်းပြအဖြစ် လာရောက်သင်ကြားပို့ချသည့် မြန်မာ့ရိုးရာဂီတ အခြေခံအဆိုသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲကို မော်လမြိုင်တက္ကသိုလ်မှ တတိယနှစ်ကျောင်းသူ မနန်းချယ်ရီထွန်းက တံတျာတေရှင်သီချင်းကိုသီဆို၍ လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်မှ မမေသဇင် ဒုတိယနှစ် ကျောင်းသူက ဝေဇယန္တာမဟာဂီတသီချင်းကိုသီဆို၍ လည်းကောင်း၊ မပန်းအိစံ တတိယနှစ်ကျောင်းသူက မြန်မာ့စောင်းကို တီးခတ်၍လည်းကောင်း ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦးက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့တိုင်းရင်းသားများ၏ ဂီတအနုပညာသည် သိမ်မွေ့နူးညံ့ပြီး မာန်မာနဒေါသတရားကို ဖြေဖျောက်နိုင်သလို အမျိုးသားရေးဂုဏ်ကို မြင့်မားစေ၍ တန်ဖိုးထားလေးစားလျက်ရှိကြောင်း၊ ယနေ့လူငယ်များသည် အနောက်တိုင်းသံစဉ်များကြောင့် ဒေါသမောဟများပြီး လမ်းမှားသို့ရောက်နေသည်ကို တွေ့မြင်နေရကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းသည် မြန်မာ့ဂုဏ်ကိုဖော်ဆောင်သည့်အတွက် လိုအပ်ချက်များကိုလည်းဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားပြီး အမျိုးသားယဉ်ကျေးမှု အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကထိကဒေါ်ခိုင်ဇင်ရွှေက မိတ်ဆက်စကားပြောကြား၍ ဗမာတိုင်းရင်းသားလူမျိုးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌဦးနိုင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကိုပြောကြားကာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်မှူး ဦးထိန်လင်းအောင်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားယဉ်ကျေးမှုအနုပညာ တက္ကသိုလ်(ရန်ကုန်)မှ ရွှေတံဆိပ်ဆုရှင် ကထိက ဒေါ်ခိုင်ဇင်ရွှေနှင့် ကထိကဦးသန်းမြတ်စိုးတို့က နန်းဘုံ သီဟာဝွေမဟာဂီတကို သီဆိုရာ ရွှေတံဆိပ်ဆုရှင် ဦးနိုင်ဦး၊ မပန်းအိစံတို့က မြန်မာ့စောင်းတီးခတ်၍ ကူညီပံ့ပိုးခဲ့ပြီး ဗမာတိုင်းရင်းသားလူမျိုးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ နာယက ဦးညာဏ်တင်က သင်တန်းဖြစ်မြောက်ရန် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ကထိက ဒေါ်ခိုင်ဇင်ရွှေနှင့် ကထိက ဦးသန်းမြတ်စိုးတို့က ရက်သတ္တသုံးပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ ဆရာ ဆရာမများ ရပ်ကွက်၊ ကျေးရွာများမှ ဝါသနာရှင် စုစုပေါင်း ၃၀ တက်ရောက်သင်ကြားခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**





# အာရှလူငယ်တံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ်ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပလျက်ရှိသည့် ၂၀၁၇ ခုနှစ် အာရှလူငယ် အသက်(၁၇)နှစ်အောက်နှင့် အသက်(၁၅)နှစ်အောက် တံခွန်စိုက်ကြက်တောင်ရိုက် အားကစားပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲဝင် မြန်မာကြက်တောင်ရိုက် အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ယင်းနောက် အာရှကြက်တောင်အဖွဲ့ချုပ်မှ အုပ်ချုပ်မှု မန်နေဂျာ Mr. ChooiWeng Sheng နှင့်တွေ့ဆုံ၍ အိမ်နီးချင်း နိုင်ငံများဖြစ်သော မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ကြက်တောင်ရိုက်အားကစားတိုးတက်မှုများရရှိလျက်ရှိကြောင်း၊ ထိုသို့တိုးတက်နေသည်မှာ မည်သို့လုပ်ဆောင်၍ တိုးတက်နေသည်ဖြစ်ကြောင်းကို လေ့လာရန်အတွက် ကိုယ်စားလှယ်များ စေလွှတ်လေ့လာရန် ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် သယ်န်းကျွန်းစံပြဆေးရုံကြီးသို့ ရှောင်တခင်သွားရောက်ကာ အရေးပေါ် လူနာကုသမှုဌာန၌ လူနာလက်ခံကုသပေးနေမှုများကို ကြည့်ရှုခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဆေးရုံ၏ကုသမှုလုပ်ငန်းများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လာရောက်ခြင်း ဖြစ်ကြောင်း၊ ဆရာဝန်၊ သူနာပြုများက စနစ်တကျကုသပေးနေမှုများ၊ စနစ်တကျ စာရင်းဇယား မှတ်တမ်းရေးသွင်းနေမှုများ ပြုလုပ်၍ လူနာများ၏ ကျေနပ်နှစ်သက်မှုရရှိစေရန် ဆောင်ရွက်နေမှုများကို တွေ့ရှိရသည့်အတွက် အထူးကျေနပ်ဝမ်းမြောက်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်နေမှုများကို ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် ဆက်လက်ထိန်းသိမ်းကြရန်ဖြစ်ကြောင်း၊ ထိုသို့ ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် လိုအပ်ချက်များကို ဝန်ကြီးဌာနက ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် Novotel Hotel, Bagan Room ၌ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က တင်ပြသော နိုင်ငံတကာအဆင့်မီ မြန်မာဘောလုံး အားကစားသမားကောင်းများ မွေးထုတ်နိုင်ရေးအတွက် Youth Development Proposal ကို အသေးစိတ် ပြန်လည်ဆွေးနွေးခဲ့ပြီး မြန်မာဘောလုံးအားကစား အပါအဝင် အားကစားလောကတစ်ခုလုံး တိုးတက်စေရေးအတွက် လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ဆွေးနွေးမှာကြားသည်။

Youth Development Proposal သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ဝင် ဘောလုံးအသင်းများပါဝင်သော ငါးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်ဖြစ်ပြီး ငယ်ရွယ်စဉ် စာသင်ကျောင်းများမှစတင်၍ ဘောလုံးအားကစားကို လေ့ကျင့်စေပြီး နောက်ပိုင်းတွင် မြန်မာ့လက်ရွေးစင် ဘောလုံးအားကစားသမားများဖြစ်သည်အထိ အဆင့်ဆင့်ရွေးချယ် လေ့ကျင့်ပေးသွားမည့်အစီအစဉ်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆော်ဒီအာရေဗျဘုရင်နှင့် ရုရှားသမ္မတ တွေ့ဆုံဆွေးနွေး၊ စစ်လက်နက်ပစ္စည်းများဝယ်ယူရေး သဘောတူညီချက်လက်မှတ်ထိုး

**ရီယာ့ဒ် အောက်တိုဘာ ၆**
ရုရှားလုပ် အက်စ်-၄၀၀ မြေပြင်မှ ဝေဟင်ပစ် ဒုံးလက်နက်များကို ဝယ်ယူရန် ဆော်ဒီအာရေဗျနိုင်ငံက သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆော်ဒီဘုရင် ဆယ်လ်မန် သည် ရုရှားနိုင်ငံမြို့တော် မော်စကိုသို့ ရောက်ရှိနေစဉ်အတွင်း အထက်ဖော်ပြပါ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ရုရှားနိုင်ငံက အကူအညီပေးမည့် နှစ်နိုင်ငံနားလည်မှု စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ရုရှားလုပ် အက်စ်-၄၀၀ အမျိုးအစား မြေပြင်မှ ဝေဟင်ပစ်ဒုံးလက်နက်များ၊ ကော်နက်အီးအမ် အမျိုးအစား တင့်ကားဖျက် ပဲ့ထိန်းဒုံးကျည်များ၊ တီအိုအက်စ်- ၁ အေ အမျိုးအစား ရော့ကက်များ၊ အေဂျီအက်စ်-၃၀ အမျိုးအစား၊ အော်တိုမက်တစ်ဒုံးပစ်လောင်ချာများ၊ အေကေ-၁၀၃ အမျိုးအစား မောင်းပြန်ရိုင်ဖယ်သေနတ်များ ဝယ်ယူရေးအတွက် ကန်ထရိုက်စာချုပ်များကို ဆော်ဒီအာရေဗျ နိုင်ငံပိုင် ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများ ကော်ပိုရေးရှင်းနှင့် ရုရှားနိုင်ငံပိုင် လက်နက်တင်ပို့ရေး ကုမ္ပဏီ ရိုဆိုဘိုရိုနက်ပေ့ါတို့အကြား လက်မှတ်ရေးထိုးခဲ့သည်။

ဆော်ဒီဘုရင် ဆယ်လ်မန်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြို့တော်မော်စကိုရှိ ကရင်မလင်နန်းတော်၌ အောက်တိုဘာ ၅ ရက်ကတွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေး မြှင့်တင်ရန် သဘောတူညီခဲ့ကြောင်း ဆော်ဒီနိုင်ငံပိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။

**ရိုက်တာ။**






# ၂၀၁၇ ခုနှစ် ငြိမ်းချမ်းရေးနိုဗယ်လ်ဆု နျူကလီးယားလက်နက်ဖျက်သိမ်းရေး နိုင်ငံတကာ စည်းရုံးလှုံ့ဆော်သည့် အဖွဲ့ရရှိ

**ဂျီနီဗာ အောက်တိုဘာ ၆**
၂၀၁၇ ခုနှစ် ငြိမ်းချမ်းရေး နိုဗယ်လ်ဆုကို နျူကလီးယားလက်နက်ဖျက်သိမ်းရေး နိုင်ငံတကာ စည်းရုံးလှုံ့ဆော်သည့် အဖွဲ့အစည်းတစ်ခု (NGO International Campaign to Abolish Nuclear Weapons) အား ချီးမြှင့်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုဗယ်လ်ဆုချီးမြှင့်ရေးကော်မတီက အောက်တိုဘာ ၆ ရက်တွင် ဂျီနီဗာအခြေစိုက် နျူကလီးယားလက်နက်ဖျက်သိမ်းရေး နိုင်ငံတကာစည်းရုံးလှုံ့ဆော်သည့် အဖွဲ့အစည်းအား နျူကလီးယားလက်နက်ကင်းစင်သည့် ကမ္ဘာဖန်တီးနိုင်ရေးအတွက် ၎င်းတို့၏ ကြိုးစားအားထုတ်မှုများကို ဂုဏ်ပြုသည့်အနေဖြင့် ၂၀၁၇ ခုနှစ် ငြိမ်းချမ်းရေး နိုဗယ်လ်ဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

နျူကလီးယားလက်နက် ဖျက်သိမ်းရေး နိုင်ငံတကာစည်းရုံးလှုံ့ဆော်သည့် အဖွဲ့အစည်းကို ၂၀၀၇ ခုနှစ်တွင် သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ စတင်ဖွဲ့စည်းခဲ့ပြီး ဂျပန်၊ အမေရိကန်နှင့် ဗြိတိန်အပါအဝင် အခြားသော နိုင်ငံများမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက ပူးပေါင်းပါဝင်လာခဲ့သည်။

ကမ္ဘာ့နိုင်ငံများ၏ အစိုးရအဖွဲ့အစည်းများအပါအဝင် ပြည်သူများအားလုံးကို နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးအတွက် အဆိုပါ အဖွဲ့အစည်းက တိုက်တွန်းလှုံ့ဆော်လျက်ရှိသည်။

နျူကလီးယားလက်နက် ဖျက်သိမ်းရေး နိုင်ငံတကာ စည်းရုံးလှုံ့ဆော်သည့် အဖွဲ့အစည်းသည် ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါဆာကီ ဗုံးဒဏ်ခံရသူများ အဖွဲ့ချုပ် အပါအဝင် နိုင်ငံအများအပြားမှ ငြိမ်းချမ်းရေးဖော်ဆောင်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိသည်။

နျူကလီးယားလက်နက်များသည် လူမဆန်သော လက်နက်များပင် ဖြစ်ပြီး ၎င်းတို့၏ နောက်ဆက်တွဲဆိုးကျိုးများရရှိပုံကို သိရှိနားလည်သဘောပေါက်စေရန် အဆိုပါအဖွဲ့အစည်းက နိုင်ငံတကာသို့ အသိပညာဖြန့်ဝေလျက်ရှိသည်။

ထို့ပြင် အစိုးရအဖွဲ့အစည်းများကိုလည်း နျူကလီးယားလက်နက်များ အသုံးမပြုရေး ပိတ်ပင်တားမြစ်သည့် စာချုပ်များ ချုပ်ဆိုရန် တိုက်တွန်းလျက်ရှိသည့်အပြင် နိုင်ငံများချုပ်ဆိုထားသည့် နျူကလီးယားမပြန့်ပွားရေးစာချုပ် (Nuclear Non-proliferation Treaty) ကို လေးစားလိုက်နာကြရန် လိုအပ်ကြောင်း ၎င်းတို့က ပြောခဲ့သည်။

ဇူလိုင်လတွင် ကုလသမဂ္ဂ အစည်းအဝေးတစ်ခု၌ နျူကလီးယားလက်နက်ကင်းစင် ပပျောက်ရေး စာချုပ်ကို ၁၂၂ နိုင်ငံ (ကုလသမဂ္ဂ အဖွဲ့ဝင် ၆၀ ရာခိုင်နှုန်းကျော်) က လက်မှတ်ရေးထိုးထောက်ခံအတည်ပြုခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

❑

# ဒိုင်နိုဆောသတ္တဝါတစ်ကောင်၏ ရုပ်ကြွင်းကို ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း၌ ရှာဖွေတွေ့ရှိ

**ဗန်ကောက် အောက်တိုဘာ ၆**
ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်း၌ ဒိုင်နိုဆော သတ္တဝါတစ်ကောင်၏ ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိကြောင်း၊ နိုင်ငံအတွင်း ရှာဖွေတွေ့ရှိဖူးသမျှ ဒိုင်နိုဆော ရုပ်ကြွင်းများအနက် အကြီးဆုံးသော ရုပ်ကြွင်းဖြစ်သည်ဟု ယူဆရကြောင်း အစိုးရတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မြို့တော်ဗန်ကောက် အရှေ့မြောက်ဘက် ကီလိုမီတာ ၃၄၀ ခန့်အကွာ ချေယာဖန်းပြည်နယ် နောင်သူအာခရိုင်တွင် လွန်ခဲ့သည့်နှစ်က ဒိုင်နိုဆောရုပ်ကြွင်း အပိုင်းအစတစ်ခုကို ကျေးရွာသားတစ်ဦးက ရှာဖွေတွေ့ရှိခဲ့ပြီးနောက် တာဝန်ရှိသူများက တူးဖော်ရှာဖွေရာတွင် ဒိုင်နိုဆောရုပ်ကြွင်း အပိုင်းအစ ၂၀ ကျော်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဓာတ်သတ္တုအရင်းအမြစ်များ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် နီဝပ်မာနီကွတ်က ပြောကြားသည်။

အဆိုပါ ဒိုင်နိုဆော ရုပ်ကြွင်းမှာ သက်တမ်းနှစ်ပေါင်း သန်း ၁၀၀ ခန့် ရှိသည်ဟု ခန့်မှန်းရပြီး ထိုင်းနိုင်ငံ၌ ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ ဒိုင်နိုဆော ရုပ်ကြွင်းများအနက် အရွယ်အစား အကြီးဆုံးဟု ယူဆရကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ရှာဖွေတွေ့ရှိသော ဒိုင်နိုဆောရုပ်ကြွင်းများကို အခြားနိုင်ငံများ၌ ရှာဖွေတွေ့ရှိသော ဒိုင်နိုဆော ရုပ်ကြွင်းများနှင့် နှိုင်းယှဉ်ကာ လေ့လာကြည့်ရန်မိမိတို့ဌာနက သုတေသနပြုလုပ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ယခုရှာဖွေတွေ့ရှိသော ဒိုင်နိုဆောမှာ ရှေ့ခြေတံများ ရှည်လျားသည့် တိုင်တန်ဒိုင်နိုဆော အမျိုးအစားနှင့် ဆက်နွယ်မှုရှိသည်ဟု ယူဆရသည်ဆို၏။ **ဆင်ဟွာ။**



# နာတေးအမည်ရှိ အပူပိုင်းမုန်တိုင်း အမေရိကအလယ်ပိုင်းတွင် တိုက်ခတ်

**ဆန်ဟိုဆေး အောက်တိုဘာ ၆**
အမေရိကတိုက်အလယ်ပိုင်းဒေသတွင် အောက်တိုဘာ ၅ ရက်က နာတေးအမည်ရှိ အပူပိုင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း၊ အဆိုပါ မုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ ကာရစ်ဘီယန် ကမ်းခြေဒေသ အပန်းဖြေစခန်းများနှင့် အမေရိကန် ပင်လယ်ကွေ့ ကမ်းရိုးတန်းဒေသတို့သို့ ဦးတည်ရွေ့လျားနေပြီး ယခု ရက်သတ္တပတ်ကုန်တွင် ဟာရီကိန်းမုန်တိုင်းအဖြစ်



ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် နီကာရာဂွါနိုင်ငံတွင်လူ ၁၁ ဦးထက် မနည်း သေဆုံးရပြီး ခုနစ်ဦး ပျောက်ဆုံးနေကြောင်း၊ ဒေသခံ ပြည်သူထောင်ပေါင်းများစွာတို့ကို ရေကြီးရေလျှံမှုဘေးမှ လွတ်မြောက်ရေးအတွက် ရွှေ့ပြောင်းပေးခဲ့ရကြောင်း နီကာရာဂွါ ဒုတိယသမ္မတ ရို့စ်ဆာရီမိုမူရီလိုက ပြောကြားသည်။

ကော်စတာရီကာနိုင်ငံ၌ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း၊ သေဆုံးသူများထဲတွင် ကလေးငယ်နှစ်ဦး ပါဝင်ကြောင်း၊ လူ ၁၇ ဦးမှာ ပျောက်ဆုံးနေပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ဒေသခံ ပြည်သူ ၇၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပို့ဆောင်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ကော်စတာရီကာတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် အရေးပေါ်ကြေညာချက် ထုတ်ပြန်ထားပြီး စာသင်ကျောင်းများကို ပိတ်ထားလိုက်ရသည်။

ရွှံ့မြေပြိုကျမှုများ ဖြစ်ပွားနေသဖြင့် နိုင်ငံအတွင်းရှိ အဝေးပြေးလမ်းမများကို ပိတ်ထားလိုက်ရပြီး ဒေသအများအပြား၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ရဲတပ်ဖွဲ့ဝင် ၃၅၀၀ ကျော်ကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် စေလွှတ်ထားသည်။ **ရိုက်တာ။**

# နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသာရ ဆရာတော်မဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိစျာပနအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဓမ္မသာရ ဆရာတော်မဟာထေရ်မြတ်ကြီး၏ အန္တိမအဂ္ဂိစျာပန အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းတိုက်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ တိုင်းသံဃနာယကအဖွဲ့ ဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် အရာရှိကြီးများ၊ သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သီလရှင်၊ ယောဂီတပည့်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေပြည်သာမြို့နယ် ရွှေပြည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တနာဂိတက ဘဝနတ်ထံစံမြန်းတော်မူသော ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကထာကို ဖတ်ကြားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သံဝေဂဉာဏ်ပွားများကြောင်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေပြည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တနာဂိတက ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဝမ်းနည်းကြောင်း သဝဏ်လွှာ ဖတ်ကြားပူဇော်ပြီး အန္တိမအဂ္ဂိစျာပန အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာများ၊အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဘဒ္ဒန္တဂုဏိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အနိစ္စာဝတသင်္ခါရာ အစရှိသောဂါထာကို ရွတ်ဆိုပြီး သံဝေဂဉာဏ်ပွားများကာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ကရဝိက်ဖောင်တော်ပေါ်သို့ ပင့်ဆောင်ပြီး အန္တိမအဂ္ဂိစျာပန အခမ်းအနားကို ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကျောက်ပန်းတောင်းမြို့နယ် အင်ချောင်းကျေးရွာတွင် ယဉ်ကျေးမြန်မာစာကြည့်တိုက် ဖွင့်လှစ်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၆**
ကျေးလက်နေပြည်သူများ စာပေဖတ်ရှုလေ့လာမှု အလေ့အထကောင်းများရရှိစေရန်နှင့် စာပေမှရရှိသည့် အသိပညာများဖြင့် ဘဝရပ်တည်မှုမှန်ကန်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် ယဉ်ကျေးမြန်မာ စာကြည့်တိုက်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာအုပ်စု အင်ချောင်းကျေးရွာရှိ အဆိုပါ စာကြည့်တိုက်ရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စာကြည့်တိုက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ မြန်မာနိုင်ငံ စာရေးဆရာများအသင်းဥက္ကဋ္ဌ မနုဿကျော်ဝင်း၊ စာကြည့်တိုက်အလှူရှင်ကိုယ်စား ဆရာကြီး ဦးယုရှိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ဆက်လက်၍ အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ယာယီမဏ္ဍပ်တွင် ကျင်းပရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်က စာပေ၏အရေးပါပုံနှင့် စာပေဖတ်ရှုလေ့လာခြင်းဖြင့် မိမိတို့ဘဝတွင် အသိပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူကောင်းများ ရရှိမှာဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် စာကြည့်တိုက်အလှူရှင် ဦးကျော်သူ (ယဉ်ကျေးမြန်မာ)က စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ စာကြည့်တိုက်အတွက် ဆက်လက်ထောက်ပံ့ပေးသွားမည့် အစီအစဉ်များနှင့် ကျေးရွာနေပြည်သူများအနေဖြင့် စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိလာသည့် အသိပညာဗဟုသုတများဖြင့် မိမိရပ်ရွာဒေသကောင်းကျိုးများကို တိုးတက်ထမ်းဆောင်နိုင်ကြသူများ ဖြစ်ပါစေကြောင်း ဆုတောင်းစကားပြောကြားသည်။

အဆိုပါ ယဉ်ကျေးမြန်မာစာကြည့်တိုက်အဆောက်အအုံမှာ အလျားပေ ၂၀၊ အနံ ၁၂ ပေရှိ သွပ်မိုးအုတ်ကာ တစ်ထပ်အဆောက်အအုံဖြစ်သည်။ စာကြည့်တိုက်တွင် သုတ/ရသစာအုပ်ပေါင်း ၁၅၀၀ နှင့် ကလေးစာပေနှင့် ရုပ်ပြအုပ်ရေ ၅၀၀ ကျော်ပြီး အင်ချောင်းကျေးရွာဒေသခံတစ်ဦးဖြစ်သည့် ရန်ကုန်မြို့နေ ဦးကျော်သူ(ယဉ်ကျေးမြန်မာ) မိသားစုက လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ မြန်မာနိုင်ငံစာရေးဆရာများအသင်းဥက္ကဋ္ဌ မနုဿကျော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ ပြန်/ဆက်ဦးစီးဌာနမှ ဝန်ထမ်းများ၊ အလှူရှင်မိသားစုများနှင့် ကျေးရွာရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ညပိုင်းတွင် စာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဆရာမနုဿ ကျော်ဝင်းနှင့် မင်းကိုနိုင်တို့က စာပေဟောပြောပွဲကို ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ကမ္ဘာ့ဆရာများနေ့ အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ အောက်တိုဘာ ၆**
၂၀၁၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ကျင်းပရာ အသက် (၇၅) နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများ၊ မြို့နယ်ပညာရေးမှူး ဦးသန်းကျော်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို မြတ်ဆရာသီချင်းဖြင့် စစ်တွေမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုသီဆိုဖွင့်လှစ်ကြပြီး ရွာကြီးတောင်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးထွန်းမြအောင်က မြတ်ဆရာတို့၏ ဂုဏ်ကျေးဇူးကို ဂုဏ်ပြုပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဦးသန်းကျော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ယင်းနောက် အသက် (၇၅) နှစ်နှင့်အထက် ကန်တော့ခံဆရာကြီး ဆရာမကြီးများအား တက်ရောက်လာကြသူများက ဂုဏ်ပြုလက်ဆောင်များဖြင့် ကန်တော့ကြရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား မြို့နယ်ပညာရေးမှူး (ငြိမ်း) ဆရာဦးမောင်ဘသိန်းက ဩဝါဒစကား ပြန်လည်ပြောကြားသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**



## ဆရာ့ဆန္ဒ

"ဆရာ့တပည့်တွေက
တော်ကြတယ်နော်. . .
ဆရာဝန်ဖြစ်သူလည်းရှိ
အင်ဂျင်နီယာဖြစ်သူလည်းရှိ
ပန်းချီဆရာဖြစ်သူလည်းရှိ
ကျောင်းဆရာဖြစ်သူလည်းရှိ
ဆရာတော့ ပီတိဖြစ်မှာပဲနော်. . ."
"ပီတိတော့ဖြစ်ပါရဲ့
ဒါပေမယ့် ကျုပ်ဆန္ဒတော့ မပြည့်သေးဘူး"
"ဆရာ့ဆန္ဒက
ဘာများလဲဆရာ. . ."
"ကျုပ်ဆန္ဒက
ဒီရွာကို မပစ်
ဒီရွာကိုချစ်တဲ့ဆရာ. . .
ဒီကျောင်းမှာမြဲ
ဒီကျောင်းကိုမခွဲတဲ့ဆရာ. . .
နွားမတမ်း သားမခင်သလိုမလုပ်ဘဲ
ဒီရွာက ကလေးတွေကို တကယ်ခင်
ဒီရွာက ကလေးတွေကိုတကယ်သင်တဲ့ဆရာ
ကျုပ်တပည့်တွေထဲက
အဲဒီလိုဆရာပေါ်မှ ကျုပ်ဆန္ဒပြည့်မယ်. ."

**မောင်လင်းကြည်**

# ရှေ့နေနှင့် လူတွေသည်ပင်လျှင်

## ဦးဟန်ညွန့်(ဥပဒေ)

**လူတွေအကြောင်း**

"ဆရာ"
"ဗျာ"
"ဒီတစ်ပတ် ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"
"ရှေ့နေနှင့်လူတွေသည်ပင်လျှင် တဲ့ဗျ"
"ဘာကိုဆိုလိုတာလဲဆရာ"
"ဩော်. . ဒီမှာ ဖတ်ကြည့်ပါဦးဗျာ"

**စာရေးဆရာမကြီး ခင်ဆွေဦး**

စာရေးဆရာမကြီး ဒေါ်(ခင်ဆွေဦး)၏ စာအုပ်တွေ ကျွန်တော်မဖတ်ဖြစ်ပါ။ အမျိုးသမီး စာရေးဆရာမ မို့လား။ အဖွဲ့အနွဲ့ မကြိုက်လို့လား။ ဥပဒေစာအုပ်တွေနဲ့ ဝေးနေလို့လား။ အမှုအခင်းအကြောင်းတွေ မပါလို့လား။ "ထင်ရှားသူ အကြောင်းတွေကို မှတ်မှတ်ရရ ရေးခဲ့တာလေ။ ရင်ထဲ စွဲလွန်းလို့။ ဖတ်ကြည့်ပါလား" ဟု ကျွန်တော့်ချစ်ဇနီး စာရေးဆရာမ "ညို"က စာအုပ်တစ်အုပ် ပေးဖတ်သည်။ စာအုပ်အမည်က "ခင်ဆွေဦး"၏ "မှတ်မှတ်ရရနေ့ရက်များ. . . နှင့် ကျွန်မ" ဖြစ်သည်။ နီနီအောင် (ရန်အောင်စာပေ)က ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ဝေသည်။

**ပေဒါမဖေဖေ-**

"ပေဒါမဖေဖေ" နှင့် နိဒါန်းဖွင့်သည်။
- ရန်ကုန်တက္ကသိုလ် ပုဂံလမ်းသို့ အရောက်ခေါ်သွားသည်။
- မိုးကောင်းကင်ကြယ်စင်ပြာလဲ့လဲ့အောက်
- တရုတ်စံကားပွင့်များ
- အဖြူထဲမှာ အဝါရည်ဖောက်
- ဖြူဝင်းဝါဖျော့ဖျော့ပန်းကလေးတွေ
- ပန်းနှစ်ပွင့်ကို ကျွန်မ အမှတ်တရကောက်ခဲ့ဖူးသတဲ့
- ဩော်. . ဆရာမကြီးခင်ဆွေဦး၏ ခံစားချက်၊ ရေးသားချက် စွဲမက်ဖွယ်အစ. . .။
- ရှေ့ဆက်ဖတ်ရတော့မှာ အသေအချာပါပဲ။
- ဆရာမကြီး သတိရမိသော ကဗျာတစ်ပိုဒ်မှာ-

♦ ရေးမိသည်တည့် ရေးမိသည်
မလေးမောင် သည်ယနေ့
ရေးမွေ့မိသည်။

♦ စီးခဲ့တဲ့ သွေးမျက်ရည်
ပြည်နိုင်ငံအရေး
စာတေး သည်မြိုင်ချောင်က
သည်ကလောင် ရောင်ခြည်လွှတ်
ဦးညွတ်တယ်လေး. . . . တဲ့။

- ကဗျာရှင် အမျိုးသားစာဆိုကြီး ဆရာကြီးဇော်ဂျီ၏ (၁၉၄၈ ခုနှစ် လွတ်လပ်ရေးနေ့တွင်) ကဗျာဖြစ်ပါသည်။

-"အသားဝါဝါ၊ နဖူးပြေပြေ၊ နှာတံစင်းစင်း၊ မျက်လုံးမျက်ဖန် ကောင်းကောင်း၊ အရပ်မြင့်၊ ကိုယ်ဟန်သွယ်လျလျနှင့်ဆရာ" ဟုရေးသည်။ မျက်ဆန်ညိုညိုနှင့် မျက်လုံးများကား အရောင် တဖျပ်ဖျပ်လက်။ လှုပ်ရှားဟန်နှင့် စကားသံများက သိမ်မွေ့နူးညံ့။ မျက်ခုံးအလယ်နား နှာရောင်ထိပ်၊ နဖူးထက် မှဲ့ရှင်တစ်လုံးက အသရေတင့်တယ်ခြင်း။ စာဆိုတစ်ဦး၏ စာဆိုဉာဏ် ပြဒါးရှင်လုံးလေလား။

မဟာဆန်ချင်သူပြဇာတ်၊ ပိတောက်ရွှေဝါကဗျာများ၊ စာပေလောက စာအုပ်၊ သခင်ကိုယ်တော်မှိုင်းဋီကာ၊ ပေဒါလမ်းကဗျာ၊ သော့တွဲနှင့်နတ်ရုပ်၊ ပုဂံဈေးနှင့် သူ့မယားစသည့် ထင်ရှားသော ဆရာကြီးဇော်ဂျီ၏ စာများ။

ပေဒါပုံ၊ အံကိုခဲ ပန်းပန်လျက်ပဲတွင် ပေဒါမသည် ဘဲအုပ်ကတစ်ရာနှစ်ရာ

"အသားဝါဝါ၊ နဖူးပြေပြေ၊ နှာတံစင်းစင်း၊ မျက်လုံးမျက်ဖန် ကောင်းကောင်း၊ အရပ်မြင့်၊ ကိုယ်ဟန်သွယ်လျလျနှင့်ဆရာ" ဟုရေးသည်။ မျက်ဆန်ညိုညိုနှင့် မျက်လုံးများကား အရောင်တဖျပ်ဖျပ်လက်။ လှုပ်ရှားဟန်နှင့် စကားသံများက သိမ်မွေ့နူးညံ့။ မျက်ခုံးအလယ်နား နှာရောင်ထိပ်၊ နဖူးထက် မှဲ့ရှင်တစ်လုံးက အသရေ တင့်တယ်ခြင်း။ စာဆိုတစ်ဦး၏ စာဆိုဉာဏ် ပြဒါးရှင်လုံးလေလား။

အကန်ခံရသော မိန်းကလေးလား။ လောကဓံ၏ ပြင်းထန်သောဒဏ်ကို ရှုန်းရကန်ရသော မိန်းကလေးလား။ ပေဒါမသည် လူသားအားလုံးနှင့် သက်ဆိုင်သည်။ အဖိအနှိပ်အထုအထောင်းခံရသော လူတွေအားလုံး ပေဒါမပဲ မဟုတ်ပါလား. . . တဲ့။ **(စာ-၉)**

**ပုံပြင်မဟုတ်**

ဤစာပိုဒ်ကို ဖတ်ပြီး ကျွန်တော်ငေးမိ၊ တွေးမိ၊ ဆရာမကြီးခင်ဆွေဦး၏ စာအုပ် ဘေးခဏချပြီး လောကဓံ၏အရိုက်အပုတ်၊ အဖိအနှိပ်၊ အထုအထောင်း ခံရသူများထဲ ငါလည်းပါသည် လေ။ ဘဝဖြစ်ထွေ အစုံအလင်မှာ ပုံပြင်မဟုတ်၊ လက်တွေ့ဖြစ်ရပ်များ မရပ်မနား။ စဉ်းစားမိသေး။

**မထိတထိ သရော်စာများနှင့် မောင်ထင်**

ဆရာမောင်ထင်၏ "တော" ဆိုသော ဝတ္ထုတိုတွင် "လွတ်လပ်ခြင်း၏ နိမိတ်ကိုဆောင်သော လဟာပြင်ထဲတွင် ကြောက်စိတ်ကင်းသော ကျွဲကျောင်းသားသည် ကျွဲတို့နောက်နားတွင် တင်ပါးလွှဲထိုင်လျက် တောစခန်း၏ လွတ်လပ်ရေးတေးသံကို တောအဝန်း၌ ပျံ့နှံ့၍ တည်စေ၏" ဟု ရေးခဲ့သည်။ "မထိတထိဟာသလား။ ထော့တော့တော့ဟာသလား။ ဘယ်လိုနာမည်တပ်ရမည်မသိ" ဟု ဆရာမကြီး ခင်ဆွေဦးက ရေးပြသည်။ **(စာ-၁၅)**

"ထိုးထွက်နေသော ရေဆင်းတံတားလေး၏အထက်တွင် မိန်းမကား ထမီဖွပ်လျက် အောက်တွင် လင်သည်မောင်က မြိန်ရေရှက်ရေ ပလုပ်ကျင်းရင်း ရေချိုးလျက်ရှိနေကြသည်မှာ ယောကျ်ားနှင့်မိန်းမ အယုတ်အမြတ် အငြင်းပွားချက်တို့ကို ရှုက်ဖွယ်နှင့် ပြက်ရယ်ဘိသကဲ့သို့။

**ကူးစက်**

ဤရေးသားချက်များက ရှေ့နေတစ်ဦးအဖို့ သတိပြုစရာ၊ မှတ်သားစရာ၊ အရေးအဖွဲ့မှု သာမက လူ့ဘဝ၊ လူ့လောက၊ လူ့အလှတွေ။ ဤအခြေအနေများက ဤနေရာတွင်ပဲလား။ တရားရုံးတွေမှာရော နေ့စဉ်မကြုံရဘူးလား။ ဆက်စပ်အတွေး ဆွေးနွေးစရာ၊ ရင်ခုန်စရာဟု ကျွန်တော် ယူဆသည်။ ရင်ဝယ်ခံစား ကူးစက်သည်။ ဆရာမကြီး ခင်ဆွေဦး၏ စာပေနုနု၊ ဆရာကြီး မောင်ထင်၏ စာပေအမွေ။ ဥပဒေနှင့် စာပေ။ ရှေ့နေနှင့်စာပေ။ ဆက်စပ်နေပေသည်။

**တရားသူကြီး ဦးမြင့်သိန်း**

- MMT ၏ အရှည်ကောက်မှာ မောင်မြင့်သိန်း
- မိတ်ဆွေများက တလေးတစား ခေါ်ကြသည်မှာ " Justice U Myint Thein "
(တရားသူကြီးဦးမြင့်သိန်း)
- ပါမောက္ခချုပ် ဒေါက်တာထင်အောင်နှင့် ညီအစ်ကိုအရင်း
- ဒေါက်တာထင်အောင်က အင်္ဂလိပ်ရော မြန်မာဘာသာရော ရေးသားသော စာရေးဆရာ
- MMT ၏နှမအရင်းတစ်ဦးမှာ (ဒေါ်)ခင်စောမူ
- ဂန္ထလောကမဂ္ဂဇင်းတွင် ဦးဆောက်ပန်းနာမည်နှင့် ကဗျာများရေးခဲ့သူ
- ဆရာ၏နှမထွေး ဒေါ်(တင်စောမူ)သည် ရန်ကုန်တက္ကသိုလ် ဥပစာသင်တန်းများတွင် ပင်ရင်းအင်္ဂလိပ်စာ ပြသသောဆရာမ။
- MMT က ချက်ကော့(ဖ်)ဝတ္ထုများ၊ မော်ပန့်ဆွန့်ဝတ္ထုများ၊ သဘာဝကျသော ခင်ဆွေဦး၏ ဝတ္ထုများအကြောင်း ပြောသွားသည်မှာ ဆရာ၏လေ့လာအားထုတ်မှုကို အံ့ဩရပုံအကြောင်း၊ MMT ကို ဆုံရသည်မှာ ကြီးစွာသော အဖိုးထိုက်ရတနာတူးဖော်မိခြင်း **(စာ-၈၀)**

**တရားသူကြီးနှင့်စာပေ**

တရားသူကြီးဆိုတာ သီးခြားမဟုတ်။ စာအုပ်ဖတ်သည်။ ဥပဒေစာအုပ်တွင်ပဲလား။ မဟုတ်။ ဝတ္ထုမျိုးစုံဖတ်။ နိုင်ငံခြားဝတ္ထုတွေလည်းဖတ်။ ပြည်တွင်းဝတ္ထုတွေလည်းဖတ်။ အင်္ဂလိပ်၊ မြန်မာ စာရေးဆရာများ၏ အရေးအသား။ ဝေဖန်သုံးသပ်။ နှံ့စပ်စေချင်သည်ကို ကျွန်တော်တို့အား နမူနာပြသည်။ သင်ခန်းစာပေးသည်ဟု ကျွန်တော်ယုံသည်။

**ဘဝအာရုံများနှင့် ပန်းချီအောင်စိုး**

စစ်ယူနီဖောင်းနှင့်ကာနယ်၊ မေဂျာ၊ တက္ကသိုလ်မှ ကထိက၊ ကျောင်းဆရာ၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးတွေနှင့် သူပုန်။ တရားသူကြီး သို့မဟုတ် ဝက်ခြံထဲက တရားခံ၊ ဆေးတံခဲထားတဲ့ လူကောင်းဖြစ်လျှင်ဖြစ် (သို့မဟုတ်) ဆေးပေါ့လိပ်တို၊ ခုံဖိနပ်စုတ်နှင့် စာရေးဆရာ၊ ကဗျာဆရာ၊ ဓားပြလူဆိုးခေါင်းဆောင်၊ စိတ်ရောဂါဝေဒနာသည်. . .

"ရုပ်ရှင်သရုပ်ဆောင်ဘဝ စုံလှချည်လား ဆရာရယ်" ဟု ကျွန်မပြောလျှင် ဆရာက သူ့ သွားစွယ်လေးများပေါ်အောင် ရယ်နေသည်။ **(စာ-၈၃)**

**ဘဝသရုပ်ဆောင်**

ကျွန်တော်တို့ ဥပဒေကျောင်းသားဘဝ၊ ရုပ်ရှင်ကြိုက်ခဲ့သည်ဗျ။ ပန်းချီအောင်စိုး အရုပ်ဆိုးသည်ဟု မထင်။ ပီပြင်သည်ဟု ယုံကြည်မိ။ ယုံကြည်ချက်ကြောင့် သရုပ်ဆောင်ခြင်းဖြစ်သည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော့်အထင်မမှား။ ဘဝသရုပ်ဆောင်ဖြစ်သော ပန်းချီအောင်စိုး ပါတကား။

**လူပုံချောချောနဲ့ ဦးလေးလှ**

အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း၊ မျက်လုံးမျက်ဖန် ကောင်းကောင်းနဲ့ လူပုံချောချောနဲ့ ဦးလေးလှဟာ ဦးလေးလှနဲ့ ဂျပန်ဘာသာပြန်ဆိုတဲ့ ရွှံ့နဲ့စစ်သား၊ ပန်းနဲ့ စစ်သား၊ ပင်လယ်နဲ့စစ်သား ဝတ္ထုတွေဖတ်ပြီး စာရေးဆရာမ ဖြစ်လာမယ့်သူဆိုတော့ ဘယ်သိဦးမှာလဲ။ ဒီစာတွေဟာ "တို့တိုင်းဌာနီ" ဆိုတဲ့ ဝတ္ထုကို ရင်ထဲမျိုးစေ့ချပေးလိုက်တယ်ဆိုတာ အချိန်ကာလ တစ်ခုမှာ ဆုံးဖြတ်




လိုက်တာပါပဲ။ **(စာ-၁၅၃)**

**အကျဉ်းထောင်ပြုပြင်ရေး**

"ထောင်ထဲမှာ ကျွန်တော်ရေးခဲ့တဲ့ စာအုပ်တွေကြောင့် အကျဉ်းထောင်ပြုပြင်ရေးကိစ္စတွေကို အစိုးရက စဉ်းစားလာပါတယ်။ ကျွန်တော့်ကိုဖိတ်ခေါ်မေးမြန်းကြပါတယ်။ ထောင်အကြံပေးအဖွဲ့မှာ ကျွန်တော့်ကိုထည့်ပါတယ်။ ကျွန်တော့်စာအုပ်တွေထဲမှာပါတဲ့ အကျဉ်းသားအတော်များများရဲ့ အမှုတွဲတွေကိုကြည့်ပြီး လွှတ်ပေးလိုက်တာလည်း သိရပါတယ်။ စာပေရေးသားမှုမှာ ငါအောင်မြင်ရမယ်၊ ရှေ့လျှောက်အောင်မြင်နေမှာပဲလို့ ယုံကြည်ချက်လည်း အများကြီးတိုးပါတယ်" လို့ လူထုဦးလှ ရေးခဲ့တယ်။ **(စာ-၁၅၅)**

**ဦးလေးလှ၏သားတပည့်**

ဦးလေးလှ၏အကြောင်းဖတ်ပြီး ကျွန်တော်မျက်ရည်စို့သည်။ ဘာကြောင့်လဲ။ ကျွန်တော်က မန္တလေးမှာ (အထက်တန်းကျောင်းသားဘဝက) နေခဲ့သည်။ ဦးလေးလှ+အန်တီမာတို့၏ သွန်သင်မှုကြောင့် စာရေးဆရာ၊ သတင်းစာဆရာ ဖြစ်ခဲ့ရတာပါ။ သတင်းထောက်ဖြစ်နည်း၊ စာရေးနည်းတွေ တတ်သိခွင့်ရခဲ့သည်ပါ။ သားတပည့်ဟုဆိုလျှင်မမှားပါ။ ဂါရဝဖြင့် ဦးညွတ်ကန်တော့အပ်ပါသည်။ ဦးလေးလှဘဝအကြောင်း စာအုပ်ရေးသည့် ဆရာမကြီး ဒေါ်(ခင်ဆွေဦး) ကျေးဇူးပါ။

**ဘဝ၊ အလှ၊ ဓမ္မ**

ဆရာတက္ကသိုလ်ဘုန်းနိုင်နှင့် ကျွန်မတို့ ၁၉၅၅ ခုနှစ် မန္တလေးတက္ကသိုလ်မှာ ဆုံခဲ့ကြပါတယ်။ နည်းပြဆရာပါ။ အမေရိကန်၊ နယူးယောက်၊ ကိုလံဘီယာ ဘွဲ့လွန်မဟာဝိဇ္ဇာဘွဲ့ရသူပါ။ ဆရာက မျက်နှာထားကြည်လင်ရွှံမက ပြုံးနေတတ်တယ်။ ဇနီးချောချော ဒေါ်နီနီ၊ သားတွေ၊ သမီးတွေ ချွေးမတွေရှိတယ်။ ပညာအင်မတန်ကောင်းတယ်။ ပြည့်စုံကုံလုံတဲ့ဘဝပါပဲ။ သူ့စာတွေဟာ ဂျွန်ကိတ်တို့ အဆိုအမိန့်လို တကယ့်ကို အလှဘွဲ့ပါပဲ။

ချမ်းမြေ့လဲ့ကြည်
လငွေချည်ဖြင့် ရောင်စည်လက်စေ
ချစ်စာခွေကို မနေပင်ပန်း
ငါလျှင်ဆမ်းခဲ့
တင့်ရွှန်းစေလို
စိမ်းဖန်စိုသည့် ပင်ပျိုဦးမှ
ရောင်မြူးမြနှင်း စာလွှာထက်ဝန်း
ငါလျှင်သွန်းခဲ့. . .။ **(စာ-၁၆၄)**

**ပန်းတွေနဲ့ဝေ**

စံကားဖြူ စံကားဝါ၊ စံပယ်၊ ဇွန်ပွင့်၊ မြတ်လေး၊ ခရေ၊ သရဖီ၊ ပုန်းညက်၊ ယုဇန၊ ဇီဇဝါ၊ ကရမက်၊ သနပ်ခါး၊ ဆောင်တော်ကူး၊ ဆိတ်ဖလူးပန်းတွေထဲမှာ အကြိုက်ဆုံးနှင်းဆီပန်းစွဲလမ်းနှစ်ခြိုက်သူ ဆရာမကြီး ဒေါ်(ခင်ဆွေဦး)၏ မှတ်မှတ်ရရနေ့ရက်များကို ကျွန်တော်ဖတ်ပြီးပါပြီ။ ၂၆ ပုဒ်စလုံး ခံစားရင်ဝယ်ငြိပါသည်။ ကျန်ရှိစာများ ခံစားဆက်ရေးဦးမည်။

ရှေ့နေလည်းလူပါပဲ။ လူထဲကလူလေ။ လူတွေအကြောင်းရေးတာ အတ္ထုပ္ပတ္တိလား။ မှတ်တမ်းလား။ လူတွေသည်ပင်လျှင် သမိုင်းပါခင်ဗျား။ ။

# ယနေ့ယခုအစပြု စိတ်ခွန်အားတစ်ခုဆောင်ယူပါ

ကောင်းခြင်း၊ မကောင်းခြင်း၊ တိုးတက်ခြင်း၊ မတိုးတက်ခြင်းများအကြား အတွေးများ မှားယွင်းသွားတတ်သည်လည်း ရှိနေတတ်ပေသည်။ မိမိ၏ အတွေ့အကြုံများဖြင့်သာ တိုင်းတာဆုံးဖြတ်သမျှ ဘဝသည် အမှန်များစုစည်းလာနိုင်မည်မထင်ပါချေ။ လူ့လောကအတွင်း ဝင်ရောက်လာခြင်း၏ ကန့်သတ်ချက်တွင် ရက်ပေါင်းနှစ်သောင်းကျော် သုံးသောင်းနီးပါးမျှသာ ရှင်သန်ခွင့်ရကြမြဲပင်ဖြစ်သည်။ ထိုအတောအတွင်း ဖြစ်ခြင်း၊ ပျက်ခြင်းများဖြင့် ရောထွေးကာ လောကဓံဆိုသောအရာကို ရင်ဆိုင်ရုန်းကန်နေကြရပေသည်။ ကောင်းသော လောကဓံ၊ မကောင်းသော လောကဓံအကြား မေးခွန်းများ နေ့စဉ်မေးမြန်းနေဆဲပင်ဖြစ်သည်။

အများစု မေးမြန်းနေသော ဘာအရေးကြီးဆုံးလဲဆိုသည့် မေးခွန်းများ၏ အနှစ်ချုပ်ကို တော်စတွိုင်းနီတိတွင် ဖြေဆိုထားပေသည်။ ထိုအဖြေအရ အကောင်းဆုံးနှင့် အရေးကြီးဆုံးသောအချိန်သည် ယနေ့ ယခုအချိန်၊ အရေးကြီးဆုံးသူက အနီးကပ်ဆုံးလူ(များ)ရဲ့ အလိုအပ်ဆုံးကိစ္စကို ကူညီဆောင်ရွက်ပေးရန်နှင့် အရေးကြီးဆုံးက မိမိ၏စိတ်ထားမွန်မြတ်ကောင်းမွန်ရေးပင်ဖြစ်သည်။ တရားတော်များ၏ အနှစ်ချုပ်တွင်မူ မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထားဟု ဆုံးမထားမြဲပင်ဖြစ်သည်။ ရှင်သန်ခြင်း၏ အခြားဖြစ်စဉ်တစ်ခုမှာ တွေ့ကြုံလာသမျှကို ကောင်းမွန်စွာ ရင်ဆိုင်ခြင်းပင်ဖြစ်သည်။

မိမိကျွမ်းကျင်သော လုပ်ငန်းများဖြင့် လောကအကျိုးကို ဆောင်နိုင်မြဲပင်ဖြစ်သည်။ လောကကောင်းကျိုး၊ ပတ်ဝန်းကျင်ကောင်းကျိုး၊ မိမိကောင်းကျိုးများပြုလုပ်ခြင်းသည်ပင် လူ့ဘဝ၏ အနှစ်သာရ လူသားသမိုင်းကောင်းတစ်ခုပင်ဖြစ်သည်။ ကိုယ်တိုင်မတွေ့ကြုံဖူးသော အခက်အခဲဖြေရှင်းရာတွင် ရှေ့လူများ၏ အတွေ့အကြုံကို အခြေခံကာ တွေးဆနိုင်ပေသည်။ ရှေးစာဆိုများကမူ စာရေးသားသူများကို လူထုအကျိုးကိုသာ ရေးသားရန်၊ လူတစ်စုအကျိုး မရေးသားရန် ဆုံးမထားပေသည်။ စာဖတ်ခြင်းဖြင့် အခြားသူများ၏ အတွေ့အကြုံများကို ရယူနိုင်ပေသည်။

စာပေသည် ကမ္ဘာလောကကြီးကို ကောင်းအောင်လည်း တတ်နိုင်သကဲ့သို့ပင် မကောင်းအောင်လည်း တတ်နိုင်ပေသည်။ ဖတ်သူ၏ တွေးခေါ်မြော်မြင်မှုအလိုက် ပြောင်းလဲသွားသည်လည်း ရှိနေပေသည်။ စာပေကို အခြေပြုကာ ကောင်းအောင်ဆောင်နှင်းနိုင်ရေး ကြိုးစားပေးကြရမည်ဖြစ်သည်။ စာပေများသည် ခေတ်ကိုပြောင်းနိုင်သလို စာရေးဆရာများသည်လည်း ခေတ်ကို ပြောင်းလဲနိုင်သည်ဟု ဆိုထားပေသည်။ စာပေကိုအသုံးချကာ အသုံးကျအောင် စွမ်းဆောင်ရမည်ဖြစ်သည်။ တိုးတက်ဖို့အတွက် အမြဲပြောဆိုနေသော စကားတစ်ခွန်းရှိပေသည်။ ထိုစကားမှာ "သင့်ရဲ့အတွေးအခေါ်ကို ပြောင်းလဲပါ" ဆိုသော စကားပင်ဖြစ်သည်။ ပုံစံကျနေသော အမြင်၊ ပုံသေအတွေးအခေါ်၊ တွေးခေါ်မှု အလေ့အထများကို သမားရိုးကျမှ ဖောက်ထွက်တွေးခေါ်ရေး လမ်းညွှန်ပေးနေသည်။ နည်းပညာအားကိုးနေသော ယနေ့ခေတ်တွင် နည်းပညာ၏ ကျေးကျွန်များဖြစ်သွားကာ ပျင်းခြင်း၊ ဖျင်းခြင်းများနှင့်အတူ ရေသာခိုခြင်းများပါ စွဲကပ်သွားတတ်သည်မို့ သတိထားဖို့ လိုအပ်လှပေသည်။

ခေတ်ကာလအလျောက် သတ်မှတ်ထားသော ခေါင်းဆောင်ကောင်းအရည်အချင်းတွင် လင်းယုန်ငှက်၏ သဘောတရားကို ညွှန်းဆိုထားပေသည်။ မြင့်မြင့်ပျံသန်းကာ မြော်မြင်တွေးခေါ်မှုကောင်းများဖြင့် ပြတ်သားစွာ မြင်နိုင်စွမ်းရှိရမည်ဟုပင် ဆိုထားသည်။ လူသားဟုဆိုသမျှ မြော်မြင်တွေးခေါ်မှုများဖြင့် ရှင်သန်ရမည်ဖြစ်သည်။ မြော်မြင်ဉာဏ်၊ မြော်မြင်မှုများသည် ဘဝကို စွမ်းအင်ပြည့်ဝစေကာ အလင်းရောင်ထွန်းညှိပေးမြဲပင်ဖြစ်သည်။

တွေးခေါ်မြော်မြင်မှုကို အခြေပြုကာ ဆင်ခြင်တုံတရားများ မြင့်မားတိုးပွားလာတတ်ပေသည်။ ထို့အတူပင် မိမိကိုယ်ကိုယ် ယုံကြည်မှုများလည်း တိုးပွားလာတတ်မြဲပင်ဖြစ်သည်။ ယနေ့တိုးတက်နေသော ကမ္ဘာကြီးသည် ခေတ်အဆက်ဆက် စွမ်းဆောင်သူများကြောင့် တိုးတက်လာခြင်းပင်ဖြစ်သည်။ သိပ္ပံပညာရှင်များ၏ တီထွင်မှု၊ နယ်သစ်ရှာဖွေသူများ၏ စွမ်းဆောင်မှု၊ နိုင်ငံရေးသမားများ၏ဆောင်ရွက်မှု၊ တကယ့်လူချွန်လူမွန်များ၏ စွမ်းဆောင်မှု အကျိုးဆက်များပင်ဖြစ်သည်။ နည်းပညာကိုအခြေပြုကာ ဆင်းရဲမှုမှ ဖွံ့ဖြိုးတိုးတက်ခြင်းဆီ ချီတက်ရမည်ဖြစ်ပေသည်။

စာတစ်ပုဒ်ဖတ်ခြင်းဖြင့် စိတ်ခွန်အားသစ်များကို မွေးမြူကြရမည်ဖြစ်သည်။ ပညာရှင်များ၏ သုတေသနပြုချက်များအရ လူအများစုမှာ မာနခတ်ခံများကြောင့် တိုးတက်မှု နှောင့်နှေးနေတတ်ပေသည်။ လူတစ်ရာလျှင် သုံးယောက်မျှသာ အောင်မြင်ထင်ရှားကြရသည့် အကြောင်းအရင်းမှာ တွေးခေါ်မြော်မြင်မှုစွမ်းအား နည်းပါးခြင်းကြောင့်ဟုပင် ဆိုထားသည်။ တွေးခေါ်မြော်မြင်မှုပေါ်မူတည်ကာ လှုံ့ဆော်မှု၊ အားပေးမောင်းနှင်မှုမှအစ တာဝန်ကျေမှု အသီးသီး ဖြစ်ပေါ်လာတတ်မြဲပင်ဖြစ်သည်။

လူတစ်ယောက်အတွက် မမေ့သင့်သော အရာမှာ မိမိအစွမ်းများရှိသည်ကို မမေ့ကြရန် ဖြစ်သည်။ မိမိ၏ ဉာဏ်ရည်ထက်မြက်မှု၊ စွမ်းဆောင်မှုနှင့်အတူ မိမိအစွမ်းအစများကို လျှော့မတွက်မိစေရန် အရေးကြီးပေသည်။ ပညာရှင်များ၏ သုတေသနပြုချက်များအရ ထူးချွန်သူများသည်ပင် သူတို့၏ တစ်သက်လုံးတွင် ဖြစ်နိုင်စွမ်း အသုံးချမှုမှာ ၁၀ ရာခိုင်နှုန်းမျှသာရှိသည်ဟု ဆိုထားပေသည်။

သို့အတွက် စာတစ်ပုဒ်ဖတ်ခြင်းဖြင့် စိတ်ခွန်အားသစ်ကို မွေးမြူလိုက်ပါ။ မိမိ၏ လုပ်ကိုင်နိုင်စွမ်းကို မြှင့်တင်လိုက်ပါ။ မိမိတာဝန်များကို ကျေပွန်ခြင်းဖြင့် မိမိပတ်ဝန်းကျင်၊ မိမိတိုင်းပြည်အကျိုးကို ဆောင်ယူလိုက်ပါ။ ယနေ့ ယခုဆိုသောအချိန်များကို အသုံးကျစေရန် အသုံးချရင်း မိမိအစွမ်းအစကို ယုံကြည်ခြင်းများဖြင့် ချီတက်ရမည်ဖြစ်သည်။ ယနေ့ ယခု အစပြု စိတ်ခွန်အားတစ်ခုဆောင်ယူရင်း အောင်မြင်ခြင်းများဆီ အရောက်သွားသင့်လှပေသည်။ ။

သရက်တန်းစိုးရွှေ
(စိတ်ပညာ)



## ဇီဝိတဒါနဆေးကုခန်းဖွင့်လှစ်ပြီး လူနာများအား အခမဲ့ကျန်းမာရေးကုသပေး

**သီပေါ အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒာဝင်းနှင့် စေတနာရှင် ဆရာဝန် ဆရာမများက ဇီဝိတဒါနဆေးကုခန်းဖွင့်လှစ်ပြီး လူနာများအားအခမဲ့ ကျန်းမာရေးကုသပေးမှုအစီအစဉ်ကို အောက်တိုဘာ ၅ ရက် (သီတင်းကျွတ်လပြည့်နေ့)က သီပေါမြို့ ဇာတ်စုရပ်ကွက်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆေးဝါးကုသမည့်သူများအား မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ စာရင်းလက်ခံပြီး ဒေါက်တာနန္ဒာဝင်းနှင့် စေတနာရှင် ဆရာဝန်များ၊ သူနာပြုများက ရောဂါဝေဒနာအလိုက် စမ်းသပ်စစ်ဆေး၍အခမဲ့ ဆေးဝါးကုသပေးကြရာ လာရောက်ပြသသူ စုစုပေါင်း ၅၁ ဦးရှိကြောင်း သိရသည်။

ဦးဆောင်စီစဉ်သည့် ဒေါက်တာနန္ဒာဝင်းက "သီပေါမြို့ ဇီဝိတဒါန အခမဲ့ဆေးကုခန်းလေးကို သီတင်းကျွတ်လပြည့်နေ့က ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်ဖြစ်တာပါ။ လာရောက်ပြသကြတဲ့လူနာ ၅၁ ဦးမှာ သွေးတိုး ၁၉ ဦး၊ တုပ်ကွေး ခြောက်ဦး၊ အထွေထွေအားနည်းနှင့် ယားနာ လေးဦး၊ သွေးအားနည်းသူ သုံးဦး၊ သားအိမ်ခေါင်းကင်ဆာ၊ နာတာရှည်ကျောက်ကပ်ရောဂါနှင့် ဆီးချိုရောဂါ နှစ်ဦးစီ၊ ကျန်အစာအိမ်ရောင်၊ အကျိတ်ရောင်၊ ပန်းနာရင်ကျပ်၊ ဆီးလမ်းကြောင်းပိုးဝင်စတဲ့ ရောဂါဝေဒနာရှင်တွေလည်း လာပြသကြပါတယ်။ သားအိမ်ခေါင်းကင်ဆာလူနာတစ်ဦးကိုတော့ မန္တလေးအမျိုးသမီးဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးနိုင်ဖို့ ဒေါ်ကျော့ကျော့ခိုင်(ဆေးလူမှု)နှင့် ပရဟိတအသင်းတွေက စီစဉ်ဆောင်ရွက်ပေးနေပါတယ်။နောက်တစ်ကြိမ် ဆေးခန်းကို သီတင်းကျွတ်လကွယ်နေ့မှာ ဖွင့်ပြီး အခမဲ့စမ်းသပ်ကုသပေးသွားမှာ ဖြစ်ပါတယ်။ လာပြသတဲ့လူနာတွေကို စမ်းသပ်စစ်ဆေးပြီး ဆေးထိုးသင့်တဲ့လူ ဆေးထိုးပေးပါတယ်။ ဆေးပေးသင့်တဲ့သူကို ၁၅ ရက်စာ ဆေးပေးပါတယ်။ ဒီဇီဝိတဒါန ဆေးကုခန်းလေး ဖွင့်ပြီး အခမဲ့ဆေးဝါးကုသပေးနိုင်ဖို့အတွက် စေတနာရှင်တွေနဲ့ ပရဟိတအသင်းတွေ၊ ကျန်းမာရေးဝန်ထမ်းတွေက အတူပါဝင် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြတာဖြစ်ပါတယ်"ဟု မီဒီယာအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဇီဝိတဒါန အခမဲ့ဆေးကုခန်းကို လပြည့်လကွယ်နေ့များတွင်ဖွင့်လှစ်ပြီး လူနာများအား လက်ခံကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သီပေါကိုလတ်)**

## မောင်တောဒေသမှ ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများလှူဒါန်း

**တောင်ငူ အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူဒေသတွင်းနေ ဟိန္ဒူမိသားစုဝင်များစုပေါင်းလျက် ရခိုင်ဒေသအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် သေကျေဒုက္ခရောက်ကြရသည့် ရခိုင်ပြည်နယ် မောင်တောဒေသရှိ ပြည်သူများအတွက် ငွေနှင့် အဝတ်အထည်များအပါ အဝင် စုစုပေါင်း ငွေကျပ်သိန်း ၂၀ ခန့်ကို အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ သျှရီသျှရီ ဒူရ်ဂါစန္ဒီမယ်တော်ကြီးကျောင်း၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်သူထံသို့ တောင်ငူဟိန္ဒူ အဖွဲ့ခေါင်းဆောင် ဦးမောင်မြ (ပြည့်ဝမုန့်ဆိုင်)နှင့်အဖွဲ့က ပေးအပ်လှူဒါန်းရာ ဗဟိုအဖွဲ့ချုပ် အတွင်းရေးမှူးက လက်ခံရယူပြီး ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် ဟိန္ဒူအဖွဲ့ခေါင်းဆောင် ဦးမောင်မြ (ပြည့်ဝမုန့်ဆိုင်)က လှူဒါန်းရခြင်းရည်ရွယ်ချက်နှင့်ပတ်သက်၍ ပြောကြားရာတွင် လူသားအချင်းချင်းစာနာစိတ်ဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး၊ ဒုက္ခရောက်ကြသူများအား လှူဒါန်းခြင်းဖြစ်ပြီး နိုင်ငံခြားမီဒီယာအချို့က ဟိန္ဒူလူမျိုးများကို ရိုဟင်ဂျာဟိန္ဒူဟူသော ဝေါဟာရအသစ်အဖြစ် ခေါ်ဆိုနေခြင်းကို လက်မခံနိုင်ကြောင်းနှင့် ယင်းဝေါဟာရသည် မြန်မာနိုင်ငံရောက် ဟိန္ဒူဘာသာဝင်များ၏ သမိုင်းကြောင်းနှင့် ဟိန္ဒူဗဟိုကောင်စီစည်းမျဉ်းပါလူမျိုး ၁၀ မျိုးတို့တွင်လည်း ပါဝင်ခြင်းမရှိဘဲ



ပြည်ပနိုင်ငံများကို လှည့်ဖြားရန်အတွက်သာ လူမျိုးသစ်တစ်ခု ဖန်တီးထားသော စကားရပ်များသာဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ လှူဒါန်းပွဲသို့ အလှူရှင် ဟိန္ဒူမိသားစုဝင်များ စုံညီစွာတက်ရောက်ကြကြောင်း သိရသည်။

**ကျော်လှ(တောင်ငူ)**



# (၆၈)ကြိမ်မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အမှုဆောင်ကော်မတီအစည်းအဝေးကျင်းပ

**ဂျီနီဗာ အောက်တိုဘာ ၆**
(၆၈)ကြိမ်မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အမှုဆောင်ကော်မတီအစည်းအဝေးကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။**(ယာပုံ)**




ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီတွင်ကျင်းပခဲ့ပြီး အဆိုပါ အမှုဆောင်အဖွဲ့ အစည်းအဝေး၏ သဘာပတိအဖြစ် ကနေဒါနိုင်ငံ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် Ms. Rosemary McCarney က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. FilippoGrandi က အဖွင့်မိန့်ခွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်ကိုယ်စားလှယ်များက အထွေထွေမူဝါဒမိန့်ခွန်းများ ပြောကြားခြင်း၊ ဒုက္ခသည်များဆိုင်ရာ ကိစ္စရပ်များကို အတူတကွပူးပေါင်းအဖြေရှာခြင်းတို့ ပြုလုပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆောင်ရွက်နေသောနိုင်ငံဖြစ်ပြီး အစိုးရသစ်အနေဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားပြန်လည်ပေါင်းစည်းရေး လုပ်ငန်းများသည်လည်း ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်များကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကာလတွင် ကမ္ဘာ့နိုင်ငံများမှ စိတ်ဝင်စားလျက်ရှိသော ရခိုင်ပြည်နယ်အခြေအနေကို ဆွေးနွေးလိုပါကြောင်း၊ ယခုအကြမ်းဖက်ဖြစ်စဉ် မဖြစ်ပွားမီကတည်းကပင် ရခိုင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကော်မတီဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် မစ္စတာ ကိုဖီအာနန် ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကိုလည်း ဖွဲ့စည်းခဲ့ပြီး ဒေသတွင်း ရခိုင်တိုင်းရင်းသားများနှင့် အစ္စလာမ်ဘာသာဝင်များ ကာလရှည်ကြာခဲ့သည့် ပဋိပက္ခများကိုလည်း အဖြေရှာဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကိစ္စရပ်များဆောင်ရွက်နေစဉ်အတွင်း ဩဂုတ် ၂၅ ရက်တွင် ARSAအဖွဲ့က အကြမ်းဖက်တိုက်ခိုက်သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ပါကြောင်း၊ အဆိုပါအကြမ်းဖက်တိုက်ခိုက်မှုကြောင့် လုံခြုံရေးစခန်း ၃၀ တိုက်ခိုက်ခံခဲ့ရပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ များစွာသေဆုံးခြင်း၊ ဒဏ်ရာရခြင်းများ ရှိခဲ့ပါကြောင်း၊ ဒေသတွင်းနေထိုင်လျက်ရှိသည့် ဟိန္ဒူဘာသာဝင်များ၊ အခြားလူဦးရေနည်းပါးသော ရခိုင်တိုင်းရင်းသားလူနည်းစုများ အသတ်ခံရခြင်း၊ မိမိတို့နေအိမ်မှ စွန့်ခွာထွက်ပြေးခဲ့ရခြင်းများ ရှိခဲ့ပါကြောင်း။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ အကြမ်းဖက်ဖြစ်စဉ်ကို နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အပြစ်မဲ့ပြည်သူများ ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေး လုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် လက်ရှိဖြစ်ပွားလျက်ရှိသော ပဋိပက္ခများသည် ကာလကြာမြင့်ခဲ့ပြီး အကြောင်းအရာပေါင်းစုံလည်း ပါဝင်ပတ်သက်နေပါကြောင်း၊ လူသားချင်းစာနာသော အထောက်အပံ့များပေးရာတွင် လုံခြုံမှုနှင့် လွတ်လပ်မှုကို ချိန်ဆထည့်သွင်းစဉ်းစားရမည် ဖြစ်ပါကြောင်း၊ ထိရောက်သော အထောက်အပံ့များ မျှမျှတတ ပေးအပ်နိုင်ရေး၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးမှုများကိုလည်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် စက်တင်ဘာ ၄ ရက်က ကျင်းပခဲ့ပြီး အမေရိကန်နိုင်ငံ၊ ယူကေနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့မှ သံအမတ်ကြီးများ၊ ဩစတြေးလျနှင့် အီးယူနိုင်ငံတို့မှ တာဝန်ခံများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ IFRC/ICRC တို့မှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း။

ယင်းနောက် လုံခြုံရေးဆိုင်ရာအင်အားသုံး တိုက်ခိုက်မှုများကိုလည်း စက်တင်ဘာ ၅ ရက်နောက်ပိုင်းမှစ၍ အဆုံးသတ်ပြီးဖြစ်ပါကြောင်း၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးပေါင်းစည်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ အကြံပေးကော်မတီနှင့် စုံစမ်းရေးကော်မရှင်တို့မှ အကြံပြုချက်များကို အကောင်အထည်ဖော်ရန်အတွက်လည်း ကော်မတီတစ်ရပ်ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ မိမိအနေဖြင့် အဆိုပါကော်မတီတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပူးတွဲဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ အခြားဌာနဆိုင်ရာများမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်တို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်း၍ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

လူသားချင်းစာနာမှု အကူအညီများပေးရာတွင် မည်သည့်ခွဲခြားမှုမျှမရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားသော ဒုက္ခသည်များအား စနစ်တကျ ပြန်လည်လက်ခံရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၉၉၃ ခုနှစ်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ သဘောတူညီခဲ့သော ဒုက္ခသည်များ စိစစ်လက်ခံရေးမူဘောင်ကို အခြေခံ၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် အခြားလိုအပ်သည်များကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မျှတသော ပူးပေါင်းပါဝင်မှုများကို ကြိုဆိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေး တက်ရောက်နေစဉ်ကာလအတွင်း မစ္စတာကိုဖီအာနန်နှင့်လည်းကောင်း၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. FilippoGrandi နှင့်လည်းကောင်း၊ အမေရိကန်နိုင်ငံ Burear of Population, Refugee and Migration မှ Mr. Simon Henshow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ UNHCR မှ ညွှန်ကြားရေးမှူး Mr. Indrika Ratwatte ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ICRC အဖွဲ့မှ ညွှန်ကြားရေးမှူး Mr.Dominik Stillhart ဦးဆောင်သည့် အဖွဲ့နှင့်လည်းကောင်း တွေ့ဆုံခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုကိစ္စရပ်များ၊ ထွက်ပြေးတိမ်းရှောင်သူများကို ပြန်လည်စိစစ်လက်ခံရေး၊ ပြန်လည်နေရာချထားမည့်ကိစ္စရပ်များ၊ လူသားချင်း စာနာထောက်ထားမှုအကူအညီများ ပေးအပ်ရာတွင် Red Cross Movement နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ Master Plan ရေးဆွဲချမှတ်ဆောင်ရွက်သည့် ကိစ္စရပ်များ၊ နိုင်ငံတကာစီးပွားရေး ကုမ္ပဏီများအနေဖြင့် ဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ အာဆီယံ၏ လူသားချင်းစာနာမှု အကူအညီပေးရေးနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာရေးဆိုင်ရာဗဟိုအဖွဲ့(AHA Centre) နှင့် ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ရပ်တည်ချက်နှင့် ရှေ့ဆက်မည့် ပြည်သူ့အစိုးရအတွက် ပြစ်တင်ဝေဖန်မှုအစား အမှန်ကိုသိအောင်ကြည့်မြင်ကြရန်နှင့် မျှတမှုကိုအခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို လိုလားသည့်ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီခွဲတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက နောက်ခံသမိုင်းကြောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ၊ ကမ္ဘောဒီးယား၊ ကာဂျစ္စတန်၊ သီရိလင်္ကာ၊ အာဖဂန်နစ္စတန်နိုင်ငံတို့တွင် ဒုက္ခသည်များအား လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ခြင်း၊ ပြန်လည်ပေါင်းစည်းခြင်းနှင့် နေရပ်သို့ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ချက်များ၊ အားနည်းချက်၊ အားသာချက်များနှင့် စိန်ခေါ်မှုများ စသည်တို့ကို ရှင်းလင်းတင်ပြခြင်းနှင့် လက်ရှိမြန်မာနိုင်ငံ ရခိုင်ပြည်နယ်အခြေအနေနှင့် ထိုင်းနိုင်ငံရောက် ဒုက္ခသည်များ ပြန်လည်လက်ခံရေးကိစ္စရပ်ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက ပြန်လည်၍ သုံးသပ်ဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

နေ့လယ်ပိုင်းတွင် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးကဖိတ်ကြားသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် အလွတ်သဘော အပြန်အလှန်တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၆ ရက် နေ့လယ်ပိုင်းတွင် ကျင်းပသည့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အမှုဆောင်အစည်းအဝေးအတွက် ပြင်ဆင်ခြင်း၊ အစည်းအဝေးရလဒ်များ၊ ဆုံးဖြတ်ချက်များ အတည်ပြုခြင်းနှင့် အစည်းအဝေးပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သော ကိစ္စရပ်များနှင့်ပတ်သက်၍ ခိုင်လုံသောအထောက်အထား အချက်အလက်များ၊ ဗီဒီယိုဖိုင်များကို ရှင်းလင်းခြင်း၊ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ မောင်တောဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဒေသခံများအား တွေ့ဆုံဆွေးနွေး



**မောင်တော အောက်တိုဘာ ၆**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့တွင် ARSA အစွန်းရောက်အကြမ်းဖက်များ၏ တိုက်ခိုက်မှုခံရပြီးနောက် နေရပ်စွန့်ခွာခြင်းမရှိဘဲ မိမိရပ်ရွာစုရပ်များတွင် နေထိုင်လျက်ရှိသော မောင်တောဒေသအတွင်းရှိ ကျေးရွာများသို့ သွားရောက်ကာ မောင်တောဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဒေသခံများအား တွေ့ဆုံအားပေးစကားပြောကြားပြီး အလှူငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က ပြောင်းလဲလာသော အခြေအနေနှင့်အမျှ ပြန်လည်တည်ဆောက်ရေးဆောင်ရွက်နေစဉ် လုံခြုံရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စက်ရုံအလုပ်ရုံ၊ ဟိုတယ်ဇုန်များ၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ လူမှုစီးပွားမြင့်မားရေးနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဌာနဆိုင်ရာများက ရေတို၊ ရေရှည် စီမံကိန်းချမှတ်ကာ ဆောင်ရွက်နေမှုများကို ရှင်းလင်းချပြပြီး ဒေသခံများ၏ ဆန္ဒသဘောထားကို မေးမြန်းသည်။

ထို့နောက် ဒေသခံများက ၎င်းတို့နှင့် လိုက်လျောညီထွေမှုရှိမည့် စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ပန္ဒူ၊ မောရဝတီ၊ ရွှေဇဟိုလ်၊ ရန်အောင်မြင်၊ ရေနောက်ငါးသား၊ တမန်းသား၊ မင်းခမောင်း ကျေးရွာများတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ တိုက်ခိုက်ခံခဲ့ရသော်လည်း ကိုယ့်ရပ်ရွာကို မစွန့်ခွာဘဲ စုစုစည်းစည်းဖြင့် နေထိုင်ကြသည့် ဒေသခံပြည်သူများအား ဂုဏ်ပြုသည့်အနေဖြင့် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၀၀၀၀ စီ ထောက်ပံ့ပေးခဲ့ပြီး လက်တလော လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

မောင်တောဒေသခံများအနေဖြင့် မိမိတို့ဆန္ဒရှိသည့် စီးပွားရေးလုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်၊ ခရိုင် အုပ်ချုပ်ရေးမှူးရုံးများသို့ တစ်ဦးချင်းဖြစ်စေ၊ အစုလိုက်ဖြစ်စေ လာရောက်တင်ပြ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် မောင်တောဒေသတွင် လက်ရှိဖြစ်ပေါ်နေသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၌ လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မွန်းလွဲပိုင်းတွင် တွေ့ဆုံပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသလုံခြုံရေးအတွက် အလေးထားပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး ကွပ်ကဲရေးမှူး ရဲမှူးချုပ်မြင့်တိုးက လုံခြုံရေးဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ခရီးစဉ်တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ပြည်နယ်ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်**
**သန့်ဇင်ဝင်း**

# ဝါတွင်းဆွမ်းသိမ်းအောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူ



**ရန်ကုန် အောက်တိုဘာ ၆**

နှစ်(၆၀)ပြည့် ဝါတွင်းဆွမ်းသိမ်းအောင်ပွဲ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၅ ရက် (သီတင်းကျွတ်လပြည့်)ညနေ ၄ နာရီက လမ်းမတော်မြို့နယ် (၃)ရပ်ကွက် (၇)လမ်းတွင် ပြုလုပ်ခဲ့သည်။

ရာသီဥတုအခြေအနေအရ ယင်းနေ့ မွန်းလွဲပိုင်းအထိ မိုးရွာသွန်းခဲ့သော်လည်း ဆွမ်းဆန်စိမ်းလောင်းလှူမည့်အချိန်မတိုင်မီ နှစ်နာရီအတွင်းမှစ၍ မိုးရွာသွန်းခြင်းမရှိတော့သဖြင့် အောင်မြင်စွာ လောင်းလှူနိုင်ခဲ့သည်ဟု ယင်းလမ်းအတွင်းနေ ဦးသိန်းဝင်းက ဆိုသည်။

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဝင်းအတွင်းရှိ ဘုန်တော်ကြီး ကျောင်းပေါင်း ၆၆ ကျောင်းမှ သံဃာတော်များ ကြွရောက်ကာ သံဃာတော်များထံ လမ်းအတွင်းနေထိုင်သော လမ်းသူလမ်းသားများက လှူဖွယ်ပစ္စည်းများကို လောင်းလှူကြပြီး (၇)လမ်းမိသားစုဓမ္မာရုံ၌ ကျောင်းတိုက်တစ်တိုက်လျှင် ဆွမ်းဆန်တစ်တင်းခွဲ တစ်အိတ်၊ စားသုံးဆီ ၁၀ ပိဿာဝင်တစ်ပုံးစီ လောင်းလှူပြီး အသုံးအဆောင်ပစ္စည်းများကိုပါ မဲနှိုက်လှူဒါန်းသည်ဟု ကိုစိုးအောင်ကဆိုသည်။

လမ်းမတော်မြို့နယ်အတွင်း တန်ဆောင်တိုင်လပြည့်အချိန် လမ်းအများစုတွင် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများပြုတတ်ပြီး သီတင်းကျွတ်လပြည့်တွင်မူ လမ်းအနည်းငယ်တွင်သာ ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။

ဆွမ်းဆန်စိမ်းမလောင်းလှူမီ မိုးရွာသွန်းခြင်းမရှိဘဲ သာသာယာယာဖြင့် ကျင်းပနိုင်ပြီး ရှမ်းရိုးရာအိုးစည်ဝိုင်းဖြင့်ပါ လမ်းသူလမ်းသာများအား ဧည့်ခံခဲ့သည်ဟု ဓမ္မာရုံဆွမ်းလောင်းအဖွဲ့မှ ဦးမြင့်အောင်က ဆိုသည်။

**(မောင်စေအောင်)**

# ပျဉ်းမနားမြို့၌ မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၌ (၉၉)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီပူဇော်ပွဲကို အောက်တိုဘာ ၆ ရက် (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) ညနေ ၄ နာရီမှစတင်၍ ပျဉ်းမနားမြို့ တပ်တွင်းဓမ္မာရုံရှေ့ရှိ ဖွင့်ပွဲမုခ်ဦးတွင် ဘုရားများပင့်ဆောင်လာသော ယာဉ်များစုစည်း၍ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးအောင့်မြင်ထွန်း၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်နှင့် တပ်တွင်းဝတ်ဖြူတော်အသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် ပျဉ်းမနားမြို့အတွင်းသို့ ဒေသစာရီကြွချီပူဇော်ခံလှည့်လည်ရာ မြို့နယ်အတွင်းရှိ ပြည်သူများနှင့် ဧည့်သည်များက ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များနှင့် အလှူငွေများ လှူဒါန်းကြသည့်အပြင် အလှူရှင်များက နှစ်ကျိပ်ရှစ်ဆူဘုရား ပူဇော်လှည့်လည်ရာတွင် လိုက်ပါလာကြသူများအား ချိုချဉ်၊ အချိုရည်ဘူးနှင့် ရေသန့်တို့ဖြင့် အာဟာရဒါနပြုဧည့်ခံကျွေးမွေးကြသည်။

“ခုလို သီတင်းကျွတ်အခါသမယမှာ ဘုရားရုပ်ပွားဆင်းတုတော်တွေ မြို့တွင်းလှည့်လည်အပူဇော်ခံတာ (၉၉)ကြိမ်မြောက်ခဲ့ပါပြီ။ အလွန်ပင်မင်္ဂလာအပေါင်းနဲ့ ပြည့်စုံလှတဲ့အပြင် မြို့နယ်အတွက်လည်း ကျက်သရေရှိသလို ကောင်းတဲ့အစဉ်အလာဖြစ်တာကြောင့် ပျဉ်းမနားမြို့နယ်သူ မြို့နယ်သား လူငယ်တွေက လက်ဆင့်ကမ်းထိန်းသိမ်းဖို့လိုပါတယ်”ဟု ဘုရားပွဲ ဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးက ပြောသည်။

ထိုသို့ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီကြွချီအပူဇော်ခံရာတွင် ဘုရားများပင့်ဆောင်သည့်ယာဉ်များအား ဘုရားဖြစ်တော်စဉ် မှန်ကန်စွာသရုပ်ဖော်နိုင်မှု၊ ယဉ်ကျေးမှုဓလေ့ကို ဖော်ကျူးနိုင်မှု၊ သာသနာတော်ကို ပြန့်ပွားအောင်ဖော်ကျူးနိုင်မှု စသည့် အချက်များကို အခြေခံပြီး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပူဇော်ပွဲကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းမှာ မြို့နယ်အတွင်းရှိ ဝတ်ဖြူတော်အသင်းရှစ်သင်းမှ ဦးဆောင်ပြီး မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းပါဝင်မှုကြောင့်ဖြစ်ကြောင်း ဘုရားပွဲဖြစ်မြောက်ရေးကော်မတီအမှတ်ပေးဒိုင်အဖွဲ့ထံမှ သိရသည်။

အပူဇော်ခံပွဲတွင် ပျဉ်းမနားမြို့တွင် ရပ်ကွက်ဝတ်ဖြူတော်အသင်းရှစ်သင်းရှိရာ ယင်းဝတ်ဖြူတော်ရှစ်သင်းမှ လှည့်လည်ဖျော်ဖြေရေး ယာဉ်ကြီးများသည် အပူဇော်ခံရာလမ်းတစ်လျှောက် ရုပ်ရှင်သရုပ်ဆောင်များ၊ တေးသံရှင်များအား ဖိတ်ခေါ်၍ မြို့တွင်းအနှံ့ ဧည့်ခံ ဖျော်ဖြေကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးတောင်ပေါ်၌ ဆီမီးတစ်သောင်းထွန်းညှိပူဇော်ပွဲ ကြည်ညိုသဒ္ဓါပွားများစွာ ဆင်နွှဲ

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်မြတ်စွာဘုရားရင်ပြင်ပေါ်တွင် သီတင်းကျွတ်လပြည့်နေ့၌ ဆီမီးတစ်သောင်းထွန်းညှိပူဇော်ပွဲကို ကြည်ညိုသဒ္ဓါပွားများစွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

အဆိုပါဆီမီးထွန်းညှိကပ်လှူပူဇော်ပွဲကို မန္တလေးတောင်တော် ဂေါပကအဖွဲ့က ကြီးမှူး၍ အောင်မြေသာစံမြို့နယ် ရပ်ကွက် ၁၈ ခုမှ ဝတ်ရွတ်အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကုသိုလ်ပြုလာရောက်ကပ်လှူပူဇော်သူများဖြင့် စည်ကားကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောသည်။

“မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးလက်ထက်ကတည်းက ဒီတောင်ပေါ်မှာ ဆီမီးထွန်းပူဇော်တဲ့အစဉ်အလာကို ဆက်လက်ထိန်းသိမ်းတဲ့အနေနဲ့ ဆောင်ရွက်တာပါ။ ရင်ပြင်တော်ပေါ်မှာ ဆီမီးတစ်သောင်းပူဇော်တဲ့အပြင် တောင်ပေါ်မှာရှိတဲ့ ဘုရား ၃၆ ဆူနဲ့ စောင်းတန်းကြီးလေးသွယ်မှာလည်း လျှပ်စစ်မီးတွေ ထွန်းညှိပူဇော်ကြတဲ့အတွက် တောင်တော်တစ်ခုလုံး ဆီမီးရောင်စုံထိန်လင်းပြီး ကြည်ညိုလို့ မဆုံးနိုင်ပါဘူး” ဟု ၎င်းက ပြောသည်။



အဆိုပါဆီမီးတစ်သောင်း ထွန်းညှိပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နေ့ ညနေခြောက်နာရီမှ ညရှစ်နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားတို့တွင် ကျင်းပခဲ့သော ဗုဒ္ဓပူဇနိယပွဲတော်မှာလည်း သီတင်းကျွတ်ပွဲတော်နှင့်အပြိုင် အထူးစည်ကားသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများနှင့် နေအိမ်အသီးသီးတွင်လည်း ဆီမီးများ ထွန်းညှိပူဇော်လှူဒါန်းကာ သီတင်းကျွတ်လ၏ အနှစ်သာရကို ပီပြင်စွာ ဖော်ထုတ်ပြသလျက်ရှိကြောင်း သိရသည်။

**သတင်း-မင်းထက်အောင်**
**(မန်းကိုယ်ပွား)**
**ဓာတ်ပုံ- မောင်သွင်**

**❋ ရိုးရာနဂါးလှေသဘင်မှ**

အောက်တိုဘာ ၆ ရက် နံနက် ၈ နာရီခွဲက လှေတော်သားများ စုပေါင်းအားဖြင့် ရေချမင်္ဂလာ ကျင်းပခဲ့ကြောင်း သိရသည်။

ရွှေနန်းသာရီနဂါးလှေတော်အား ချောင်းကြီးကျောင်းတိုက်အတွင်းမှ ချောင်းကြီးရပ်ကွက်-ရွှေလိပ်ပြာရေဆိပ်သို့ လှေတော်သားများစုပေါင်းအားနှင့် ပခုံးဖြင့်ထမ်း၍ လည်းကောင်း၊ ငွေနန်းသာရီနဂါးလှေတော်ကို ၎င်းလှေရုံနှင့်တွဲလျက်ရှိသည့် လျှောဆင်းလမ်းမှတစ်ဆင့် မြစ်ရေပြင်ထဲသို့ ထိန်းကြိုးဖြင့်လည်းကောင်း ရေချမင်္ဂလာနှင့် အမွှေးနံ့သာများဖြင့် ဦးခေါင်းဆေးခြင်းမင်္ဂလာပြုလုပ်ခဲ့ကြသည်။

ထို့နောက် ရွှေနန်းသာရီနှင့်ငွေနန်းသာရီ နဂါးလှေတော်နှစ်စင်းအား မင်္ဂလာဦးပေါက်တစ်ဦး၊ မင်္ဂလာလည်ရွဲ့ လေးဦး၊ လည်ရွဲ့အကူ ငါးဦး၊ လှေတော်သားများ ၃၀၊ ရိုးရာတီးဝိုင်း (ကြေး၊ နှဲ၊ ဗုံ၊ မောင်း၊ လင်းကွင်း)ငါးဦး၊ လျှာတက်ကိုင်(ပွဲမာန်စွယ်အကူ)သုံးဦးနှင့် လျှာတက်ကိုင်(ပွဲနင်း)တစ်ဦး စသဖြင့် ဖွဲ့စည်းပုံအတိုင်း စုစုပေါင်း ၄၆ ဦးတို့က မြစ်ရေပြင်အတွင်း ဝတ်စုံအပြည့်နှင့် တက်ညီလက်ညီဖြင့် စမ်းသပ်လှော်ခတ်လေ့ကျင့်ကြပြီး ရိုးရာနဂါးလှေသဘင်ပွဲတော်နေ့အထိ လှော်ခတ်လေ့ကျင့်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# စာပေချစ်မြတ်နိုးသူများအသင်း ဖွဲ့စည်း

**ညောင်လေးပင် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ အောက်တိုဘာ ၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် Community Center အဖြစ်ကျင်းပသော စာပေချစ်မြတ်နိုးသူများအသင်း (BOOK CLUB) ဖွဲ့စည်းခြင်း အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးပိုင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်းက ( BOOK-CLUB ) ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်း ဒု-ဥက္ကဋ္ဌ ဦးသိန်းအောင်က တတ်ရောက်လာကြသော စာပေချစ်မြတ်နိုးသူများအား အသင်းဖွဲ့စည်းပေးပြီး ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ညောင်လေးပင်မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ညောင်လေးပင်မြို့နယ်မှ စာရေးဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာပေချစ်မြတ်နိုးသူများ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## အဘိဓမ္မာအခါတော်နေ့ ဆီမီးတစ်ထောင်ပူဇော်ပွဲနှင့် အဘိဓမ္မာသင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ ကျင်းပ

**ငါန်းဇွန် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့ ရွှေရပ်သာမြတ်စွာဘုရားဝင်းအတွင်းရှိ ပဌာန်းဟောရွှေကျောင်းတော်ကြီး၌ အဘိဓမ္မာအခါတော်နေ့ ဆီမီးတစ်ထောင် ဆက်ကပ်ပူဇော်ခြင်းနှင့် အဘိဓမ္မာသင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၅ရက် ည ၇ နာရီက ကျင်းပသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့ သဲဖြူဓမ္မစကူးလ်မှ သံဃာတော်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကျော်မိုး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဝင်းမောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သဲဖြူဓမ္မစကူးလ် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဓမ္မစကူးလ်အကျိုးတော်ဆောင်များသည် သဲဖြူစမ္မစကူးလ်၌ ပေါင်းစု၍ ညနေ ၅ နာရီမှစတင်ပြီး အဘိဓမ္မာအခါတော်နေ့ ဆီမီးတစ်ထောင် ဆက်ကပ်ပူဇော်ခြင်းနှင့် အဘိဓမ္မာသင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကျင်းပမည့် ရွှေရပ်သာမြတ်စွာဘုရားဝင်းသို့ ပဌာန်းဒေသနာတော် ရွတ်ဖတ်သရဇ္ဈာယ်လျက် စီတန်းလှည့်လည်သွားရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃာ့ဗဟိုဝန်ဆောင်ဆရာတော် ဒေါက်တာနရပတိက မိုးကောင်းအဘိဓမ္မာသင်တန်း တက်ရောက်ခဲ့သော သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းလက်များပေးအပ်ချီးမြှင့်ပြီး သင်တန်းသားသင်တန်းသူများက သင်တန်းနည်းပြ ဆရာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ ယင်းနောက် ရွှေရပ်သာမြတ်စွာဘုရားဝင်းအတွင်းရှိ ဘုရားစေတီများ၌ ဆီမီးတစ်ထောင် ဆက်ကပ်ပူဇော်ကန်တော့ကြကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

## မိုင်းယုတွင် သံဃာတော်များအား မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူ

**မိုင်းယု အောက်တိုဘာ ၆**

သီတင်းကျွတ်လပြည့်ကျော် ၁ ရက်တွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယုမြို့နယ်အတွင်းရှိ သံဃာတော်များအား မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၉ နာရီက မြို့မရပ်ကွက်ရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဝပ်လုံကြွမ်တောင်း)ကျောင်း၌ ကျင်းပခဲ့သည်။

မြို့ပေါ်နှင့် ကျေးရွာများမှ သံဃာတော်များနှင့် ရှင်သာမဏေများ စုစုပေါင်း ၁၂၂ ပါးတို့အား ပင့်ဖိတ်ပြီး ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဝပ်လုံကြွမ်တောင်း)ကျောင်း၌ ကျောင်းတိုက်မှ မြို့ပတ်လမ်းတစ်လျှောက် လှည့်လည်ကာ ဒါယကာ၊ ဒါယိကာမများက စိတ်အားထက်သန်စွာ ပါဝင်လောင်းလှူကြကြောင်း သိရသည်။

ဆွမ်းဆန်စိမ်းလောင်းလှူမှုအပြီးတွင် မြို့မရပ်ကွက်ကျောင်းတိုက် ဆရာတော် ဦးတိတ္တပညောထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ ရေစက်သွန်းချအမျှဝေခဲ့ကာ ညပိုင်းတွင် ရှမ်းရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်လေးခရိုင် လမ်းမကြီး၊ ရေမြောင်းများတူးဖော်ရန်ခက်ခဲ

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်အတွင်းမှ မြို့နယ်များ၏ မိန်းလမ်းမကြီးဝဲ/ယာရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် လုပ်ငန်းဆောင်ရွက်နိုင်ပြီး စီမံချက်မပါသည့် မြို့နယ်များ၌ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြသော်လည်း စက်ယန္တရားအခက်အခဲနှင့် အခြားအခက်အခဲများကြောင့် လုပ်ငန်းများရပ်တန့်သွားရာ ပြည်သူအချို့က စည်ပင်သာယာ၏ သတ်မှတ်ချက် စည်းမျဉ်းစည်းကမ်းနှင့်အညီ ရေမြောင်းများ ဖောက်လုပ်ထားသည်ကို အောက်တိုဘာ ၆ ရက်ကတွေ့ရသည်။



"ယခုလို ရေမြောင်းဖောက်လုပ်မှုလုပ်ငန်းတွေ ရပ်တန့်နေတော့ ပြည်သူတွေ လုပ်ထားတဲ့ ရေမြောင်းထဲက ရေက စီးဆင်းဖို့လမ်းကြောင်းပျောက်ပြီး ရေပုပ်ရေသိုးအဖြစ်ပြောင်းလဲသွား မှာစိုးရိမ်ရတယ်။ ဒီလိုမဖြစ်အောင် လမ်းမကြီးဘေးရေမြောင်းတွေပြီးပြတ်အောင် တာဝန်ရှိတဲ့ဌာနက ဆောင်ရွက်ဖို့လိုပါတယ်"ဟု မြို့မိ မြို့ဖတစ်ဦးက ပြောသည်။

ကိုယ့်အားကိုယ်ကိုးဆောင်ရွက်တဲ့ မြို့နယ်တွေမှာ အဆင်မပြေဖြစ်တာလေးတွေရှိတယ်။ ဒီလိုဖြစ်ရတာကလည်း မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ လုပ်ငန်းဆောင်ရွက်တဲ့အခါ လမ်းနယ်ကျော်အဆောက်အုံတွေ၊ ရေမြောင်းခွကျော်ဈေးဆိုင်တွေနဲ့ ရေမြောင်းထဲချသွယ်တန်းထားတဲ့ အိမ်သုံးရေပိုက်တွေရှင်းလင်းတဲ့အခါ တာဝန်ယူဖြေရှင်းပေးမယ့်သူ မရှိတော့ လုပ်ငန်းပြီးအောင် မဆောင်ရွက်နိုင်ဘဲ လုပ်ကွက်ကျန်တာတွေရှိပါတယ်"ဟု လုပ်ငန်းဆောင်ရွက်သူ တစ်ဦးက ပြောသည်။

ကိုယ့်အားကိုယ်ကိုးလုပ်ငန်း ဆောင်ရွက်ရာတွင် စည်ပင်သာယာ၏ သတ်မှတ်စည်းမျဉ်း စည်းကမ်းနှင့် မညီညွတ်သော ပြဿနာများရှင်းရန် တာဝန်ခံတာဝန်ယူမည့်သူများ အနီးကပ်ကြီးကြပ်ပေးရန် လိုအပ်ကြောင်း၊ ဒါမှလုပ်ငန်းဆောင်ရွက်မှု အဆင်ပြေလွယ်ကူမှာဖြစ်ကြောင်း အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ **(ထွန်းဝင်း)**

## ထိုင်းနိုင်ငံရောက် MoU အလုပ်သမား ၁၅၀ ကျော် အလုပ်မရသဖြင့် အခက်အခဲဖြစ်

**မဟာချိုင် အောက်တိုဘာ ၆**

မြန်မာနိုင်ငံအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုမှ ထိုင်းနိုင်ငံသို့ အလုပ်လုပ်ရန် MoU ဖြင့် ဝင်ရောက်လာသည့် မြန်မာအလုပ်သမား ၁၅၀ကျော်ခန့် ထိုင်းနိုင်ငံ မဟာချိုင်နယ်မြေတွင် အလုပ်အကိုင်မရှိသေးသဖြင့် အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း အောက်တိုဘာ ၄ ရက်က သိရသည်။



အဆိုပါ အလုပ်သမားများအား မြန်မာနိုင်ငံအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတစ်ခုမှ ထိုင်းနိုင်ငံသို့ အလုပ်လုပ်ရန် MoU ဖြင့် တာဝန်ယူဆောင်ရွက်ပေးခြင်းဖြစ်သည်။ ထိုင်းနိုင်ငံ ရောက်ရှိပြီး ရက်ပေါင်း ၂၀ ကြာသည်အထိ အလုပ်အကိုင်မရရှိသေးဘဲ ထိုင်းနိုင်ငံ မဟာချိုင်နယ်မြေ ထချလုံ ရပ်ကွက် ဝပ်လန်ဆံ၊ မိုဘန့်အာရားထော် တိုက်ခန်းများတွင် နေထိုင်ရကာ စားဝတ်နေရေးအခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ တစ်ဆင့်ခံပွဲစားများ၏ စီစဉ်မှုဖြင့် ဆောင်ရွက်နေခြင်းများကြောင့် လူကုန်ကူးခံရမည့် အခြေအနေအား အလုပ်သမားများက စိုးရိမ်လျက်ရှိသဖြင့် ထိုင်းနိုင်ငံ အခြေစိုက် အလုပ်သမားအခက်အခဲများအား အကူအညီပေးလျက်ရှိသည့် AAC မဟာမိတ်အဖွဲ့သို့ အကူအညီ တောင်းခံထားကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ထိုင်းနိုင်ငံသို့ရောက်ရှိနေစဉ် တရားဝင်လာရောက်သည့် MoU လုပ်သားများ အခက်အခဲဖြစ်ပေါ်မှုနှင့် တိုက်ဆိုင်ကြုံတွေ့နေကြရခြင်းဖြစ်ကြောင်း AAC မဟာမိတ်အဖွဲ့၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## မြို့လုံးကျွတ်ပဝါရဏာပြုပွဲကျင်းပ

**တောင်တွင်းကြီး အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၌ မြို့လုံးကျွတ် ပဝါရဏာပြုပွဲကို အောက်တိုဘာ ၅ ရက် ညနေ ၃ နာရီခွဲက ကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော် အပါး ၂၈၀ တို့က သံဃပဝါရဏာပြုတော်မူခဲ့ကြသည်။

**(၅၈၀)**

## (၁၃)ကြိမ်မြောက် အဘိဓမ္မာဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲအောင်မြင်ခြင်းအခမ်းအနားကျင်းပ

**တနင်္သာရီ အောက်တိုဘာ ၆**

တနင်္သာရီမြို့ ရှေးဟောင်းသမိုင်းဝင်မြဝတ်ဆင်စေတီတော်ဓမ္မာရုံ၌ အဘိဓမ္မာအခါတော်နေ့တွင် (၁၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် အဘိဓမ္မာဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲအောင်မြင်ပြီးဆုံးခြင်း အခမ်းအနားကို အောက်တိုဘာ ၅ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပခဲ့သည်။

ယင်းရွတ်ဖတ်ပူဇော်ပွဲတွင် ရပ်ကွက်/ကျေးရွာအသီးသီးမှ အဘိဓမ္မာဝတ်ရွတ်အဖွဲ့များက အောက်တိုဘာ ၄ ရက် နံနက် ၈ နာရီမှ စ၍ အလှည့်ကျ ရွတ်ဖတ်ပူဇော်ခဲ့ကြခြင်း ဖြစ်သည်။

**ထိန်ဝင်း(ပြန်ဆက်)**

## ဂိုဏ်းပေါင်းစုံ သံဃမဟာပဝါရဏာပူဇော်ပွဲ ကျင်းပ

**သထုံ အောက်တိုဘာ ၆**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံမှ ဝါဆိုသံဃာတော်များ သံဃပဝါရဏာပြုခြင်းနှင့် စေတနာရှင်ပြည်သူများက လှူဖွယ်ပစ္စည်းများလောင်းလှူခြင်းကို အောက်တိုဘာ ၅ ရက် မွန်းတည့် ၁၂ နာရီက သမိုင်းဝင် ကလျာဏီသိမ်တော်ကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

သံဃပဝါရဏာပြုပွဲတွင် သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်ပေါင်း ၁၀၀ ကျော်မှ သံဃာတော် ၆၃၀ ကျော်တို့က ဝါစဉ်လိုက် အဆင့်ဆင့်အဆုံးအမ ခံယူကြပြီး သထုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်၊ ဆီ၊ ဆေးစသည့် လှူဖွယ်ပစ္စည်းများ စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ဆီမီးတစ်ထောင်၊ နံ့သာတစ်ထောင်၊ ပန်းတစ်ထောင် ပူဇော်ပွဲကျင်းပ

**တောင်တွင်းကြီး အောက်တိုဘာ ၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ်လပြည့်နေ့ ဆီမီးတစ်ထောင်၊ နံ့သာတစ်ထောင်၊ ပန်းတစ်ထောင်ပူဇော်ပွဲကို အောက်တိုဘာ ၅ ရက် ည ၇ နာရီက ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၌ အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း သိရသည်။

အလားတူ ရှေးဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော်မြတ်ကြီး၊ ရွှေမောဓောစေတီ၊ ဖောင်တော်ဦးစေတီစသည့် တန်ခိုးကြီးဘုရားများ၏ ရင်ပြင်တော်တစ်ခွင်လုံး ဆီမီးများ၊ နံ့သာများ၊ ပန်းများအား ဌာနဆိုင်ရာမိသားစုများ၊ ရပ်ကွက်အသီးသီးမှ အလှူရှင်များက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၅၈၀)**

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအနည်းငယ်မှအားအသင့်အတင့်ရှိသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မုတ်သုံလေ အားနည်းနေမည်။



# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မယ်စဲ့ အောက်တိုဘာ ၆**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိသည် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၆ ရက် နံနက် ၇ နာရီခွဲက မယ်စဲ့မြို့မြောက်ပိုင်းရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံသည်။ ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုကာ ဆေးကုသမှုခံယူနေသော လူနာများအား ထောက်ပံ့ငွေများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မယ်စဲ့မြို့မရဲစခန်း၌ တပ်ဖွဲ့ဝင်မိသားစုများနှင့် တွေ့ဆုံနှုတ်ဆက်ပြီး မြို့နယ်ရဲတပ်ဖွဲ့အတွက် အလှူငွေများကို ထောက်ပံ့ပေးအပ်ပြီး ရဲစခန်းအဆောက်အအုံဆောက်လုပ်မည့်မြေနေရာအား ကြည့်ရှုစစ်ဆေးခြင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းပိုင် (နေ့ကလေးထိန်း)ကျောင်းအား ကြည့်ရှုစစ်ဆေးခြင်း၊ ပြန်/ဆက်ဦးစီးဌာနကို ကြည့်ရှုစစ်ဆေးခြင်း၊ မြို့ရေပေးဝေရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးခြင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်း ဝန်ထမ်းအိမ်ရာတို့အား ကြည့်ရှုစစ်ဆေးသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ဒလမြို့နယ်အတွင်း နေစရာအိမ်မရှိ၍ အမှန်တကယ်ကျူးကျော်သူမှာ အနည်းငယ်သာရှိပြီး စီးပွားဖြစ်ကျူးကျော်မှု များပြားလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျူးကျော်စာရင်း လိုက်လံကောက်ယူမှုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်ပြီး ခရိုင်လေးခုအတွင်းရှိ မြို့နယ်များအလိုက် ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ကျူးကျော်နေထိုင်သူ အိမ်ထောင်စုပေါင်း လေးသိန်းခွဲကျော်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အမှန်တကယ် ကျူးကျော်နေထိုင်သူများကို သေချာစွာစိစစ်ပြီး အိုးအိမ်မရှိသော ပြည်သူများကို အိမ်ရာအဆောက်အအုံရရှိစေရေးအတွက် တန်ဖိုးနည်း၊ တန်ဖိုးမျှတနှင့် တန်ဖိုးသင့်အဖြစ် သတ်မှတ်ကာ စနစ်တကျ စီမံချက်ရေးဆွဲ၍ ဒဂုံဆိပ်ကမ်းမြို့နယ်နှင့် ဒဂုံတောင်ပိုင်းတို့တွင် ဆောင်ရွက်လျက်ရှိသလို စီးပွားဖြစ်ကျူးကျော်နေထိုင်သူများကိုလည်း ဥပဒေအတိုင်း အရေးယူသွားရန် စီစဉ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်က အောက်တိုဘာ ၆ ရက်တွင် ပြောကြားခဲ့သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ဒလမြို့နယ်အတွင်း၌ ၂၀၁၇ ခုနှစ် မတ် ၂၈ ရက်မှစတင်ပြီး ဧပြီ ၅ ရက်အထိ ရပ်ကွက်/ကျေးရွာတို့ရှိ ကျူးကျော်နေထိုင်သူများစာရင်းကို ကျူးကျော်စာရင်းကောက်ယူရေးကော်မတီမှ ကျူးကျော်အသိအမှတ်ပြု စမတ်ကတ်များကို ထုတ်ပေးခဲ့ရာတွင် တစ်သောင်းကျော်ခန့်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

ယခုအချိန်တွင် ထပ်မံကျူးကျော်နေထိုင်သူများ တိုးပွားလာလျက်ရှိပြီး ဒလမြို့နယ် သပြေကုန်းကျေးရွာအတွင်းရှိ ကွင်းအမှတ်(၁၈၆)အနီးရှိ လယ်မြေ ရေလွှတ်မြောင်းပေါ်နှင့် လမ်းဘေးစည်ပင်မြေနေရာတို့၌ ကျူးကျော်တဲများ အစီအရီဆောက်လုပ်နေထိုင်မှုများစွာရှိပြီး ကျူးကျော်တဲပေါင်း ၂၀၀ ကျော်ခန့် တိုးလျက်ရှိသည်။

ကျူးကျော်နေထိုင်သူများတွင် နေစရာမရှိ၍ အမှန်တကယ် ကျူးသူများရှိသလို စီးပွားဖြစ်ကျူးကျော်သူများစွာလည်း လာရောက် ကျူးကျော်မှုများလည်းရှိနေသည်။ ကျူးကျော်နေထိုင်သူများ၏ အနီးရှိ လယ်မြေတစ်ဧကတန်ဖိုးမှာ ငွေကျပ် သိန်း ၆၀၀ နီးပါးခန့် ဈေးပေါက်ပြီး ဒလ-တွံတေးကားလမ်းဘေး လယ်မြေတစ်ဧကလျှင် သိန်း ၁၀၀၀ ကျော်ရှိနေသည်။ ကျေးရွာအတွင်းရှိ အိမ်ခြံမြေတစ်ပေကို ငွေကျပ် ရှစ်သိန်း၊ ၁၀ သိန်းနီးပါးခန့်ရှိပြီး တံတားစီမံကိန်း တည်ဆောက်မည့်သတင်းကြောင့် လတ်တလောတွင် အိမ်ခြံမြေဝယ်ယူမှုများ နည်းပါးလျက်ရှိရာ လယ်မြေများကိုသာ အဓိက ပိုမိုစိတ်ဝင်တစား ဝယ်ယူမှုများရှိသည်ဟု သပြေကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးသက်ဦး၏ ပြောပြချက်အရ သိရသည်။

နှစ်စဉ်လူဦးရေတိုးပွားလာမှု၊ အနယ်နယ်အရပ်ရပ်မှ ရွှေ့ပြောင်းနေထိုင်မှု များပြားလာခြင်းတို့ကြောင့် ရပ်ကွက်/ကျေးရွာများရှိ နေရာအသီးသီးတို့၌ ပျံ့ကျလာရောက်အခြေချနေထိုင်သူဦးရေ တိုးပွားလာလျက်ရှိသည်။ အများစုမှာ ကြုံရာကျပန်းအလုပ်လုပ်ကိုင်သူများဖြစ်ပြီး အခြေခံလူတန်းများ၏ လူနေမှုပုံစံများ၌ ဆင်းရဲချို့တဲ့သူများသည် တစ်နေ့တာလုပ်အားခဝင်ငွေဖြင့် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေရသည့် အခြေအနေတွင် မိသားစုဘဝ လုံလောက်မျှတမှုမရှိခြင်းကြောင့် ကိုယ်ပိုင်မြေကွက် မဝယ်နိုင်ကြသူများဖြစ်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးရေးသုတေသနစီမံကိန်း ကျူးကျော်နေထိုင်သူများစာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် အိမ်ထောင်စုသက်သေခံကတ်(ကျူးကျော်စမတ်ကတ်)ရရှိထားသော ကျန်စစ်သားရပ်ကွက် ဗိုလ်စိန်ပတ်လမ်းနေ ဦးသက်နိုင်က "ရပ်ကွက်အတွင်းက ပိုင်ရှင်ရှိခြံကွက်မှာ နေရဖို့အတွက် မြေငှား စပေါ်တင်ရတဲ့ငွေကြေးက ကျပ် ၅၀၀၀၀၊ ၆၀၀၀၀ ပေးရတယ်။ ခုဆိုပိုင်ရှင်တွေက လျော်ကြေးပေးဖယ်ပေးခိုင်းတာကြောင့် နေစရာမရှိပါဘူး။ ကျွန်တော်တို့က တစ်နေ့လုပ်နေ့စားဘဝမို့ စပေါ်လည်းမတင်နိုင်တာကြောင့် လမ်းဘေးမြေနေရာမှာ ကျူးကျော်ပြီး လိုက်ဆောက်နေရတာပါ။ နေထိုင်စရာအိမ်မရှိလို့ လမ်းဘေးကျူးကျော်နေထိုင်ရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။



ဆင်းရဲချို့တဲ့သူများအနေဖြင့် သိန်းရာကျော်၊ ထောင်ကျော်ရှိသော မြေတစ်နေရာကို မည်သို့မျှဝယ်နိုင်မည်မဟုတ်ခြင်းကြောင့် လွတ်သော မြေကွက်လပ်များတွင်သာ ကျူးကျော်ပြီးနေထိုင်မှု တစ်နေ့တခြားများပြားလာလျက်ရှိသည်။ ကျူးကျော်နေထိုင်သူများထဲတွင် အမှန်တကယ် နေစရာအိမ်မရှိသူများ၊ မိသားစုတိုးပွားလာမှုကြောင့် လူဦးရေကျပ်တည်းသဖြင့် ကျောခင်းစရာတစ်နေရာအတွက် နေထိုင်ကြသူများ၊ အနယ်နယ်အရပ်ရပ်မှ ပြောင်းရွှေ့နေထိုင်သူများ၊ မြေပိုင်ရှင်ဝယ်ထားသူများထံ လစဉ်၊ နှစ်စဉ်ငွေပေး၍ တဲထိုးနေထိုင်သူများသည် ကားလမ်းမကြီး၏ ဝဲ/ယာ စည်ပင်နယ်မြေများ၊ လယ်သမားပိုင် လယ်မြေများ၊ ချောင်း၊ မြောင်းနှုတ်ခမ်းစပ်နှင့် စည်ပင်မြောင်းပေါ်၌ ဆောက်လုပ်နေထိုင်ကြကာ အစိုးရပိုင် စိမ်းလန်းနေရာများ၊ ဌာနပိုင်မြေနေရာများ၌ အများဆုံးကျူးကျော်နေထိုင်လျက်ရှိကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ဒလမြို့နယ်အတွင်း ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာရှိရာ လူဦးရေစုစုပေါင်း ၁၅၀၀၀၀ ကျော်ရှိပြီး ကျူးကျော်စာရင်းကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာများအတွင်း ကျူးကျော်နေထိုင်ကြသော အိမ်ထောင်စုမှာ ၁၀၀၀၀ ကျော်ရှိနေသည်။ မြို့ပေါ်ရပ်ကွက်၌ ကျူးကျော်နေထိုင်သူများမှာ အများဆုံးဖြစ်ပြီး ကျေးရွာများ၌ နည်းပါးကာ အမှန်တကယ် နေစရာအိမ်မရှိ၍ ကျူးကျော်သူများမှာ အနည်းဆုံးဖြစ်ပြီး စီးပွားဖြစ်ကျူးကျော်နေထိုင်သူများသည် အများဆုံးဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ကချင်ပြည်နယ်တွင် နှစ်လုံး၊ သုံးလုံး(ချဲ)ထီများ ပျောက်ကွယ်လုနီးပါးဖြစ်

**မြစ်ကြီးနား အောက်တိုဘာ ၆**

ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားမြို့ အပါအဝင် အခြားသောမြို့များ၌ နှစ်လုံး၊ သုံးလုံး(ချဲထီ) လောင်းကစားများ ယခင်ကလောက် လူထုစိတ်ဝင်စားမှုမရှိတော့ဘဲ ကစားသမား(ထိုးသူ)မရှိသလောက် နည်းပါးသွားပြီဖြစ်ပြီး ရောင်းအားကျဆင်းနေကြောင်း သိရသည်။

"နှစ်လုံးကော၊ သုံးလုံး(ချဲ)ကော ထိုးသားတွေက အရင်ကလောက် မရှိတော့ဘူး။ လူတွေက သိပ်စိတ်မဝင်စားကြတော့ ထိုးတဲ့သူတော်တော်ကိုနည်းသွားပြီ။ ဘယ်လောက်နည်းသွားလဲမေးရင် မရှိသလောက်ကို နည်းသွားပြီလို့ ပြောရမယ်။ ပုံမှန်ကစားတဲ့သူ နှစ်ယောက်သုံးယောက်လောက်ပဲ ရှိတော့တယ်။ ထိုးသားနည်းသွားတော့ ထိုးကြေးနည်းသွားတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း ကော်မရှင်အရနည်းသွားတာပေါ့။ ဒီနှစ်လုံး၊ သုံးလုံးတွေကိုရဲကဖမ်းပြီး နှိမ်နင်းစရာတောင်မလိုတော့ပါဘူး။ သူ့ဟာသူကိုလူတွေ စိတ်မဝင်စားတော့လို့ မထိုးကြတော့တာနဲ့ပဲ ပျောက်သွားမယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု နှစ်လုံး၊ သုံးလုံး(ချဲထီ) ကော်မရှင် ရောင်းသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာ နယ်မြေရဲကင်း၊ ရဲစခန်းများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးများအလိုက် နှစ်လုံး၊ သုံးလုံး (ချဲထီ)ရောင်းသူရော၊ကစားသူ(ထိုးသား) နှစ်ဦးစလုံးကိုပါ စဉ်ဆက်မပြတ် ဖမ်းဆီးအရေးယူလျက်ရှိရာ အဆိုပါ နှစ်လုံး၊ သုံးလုံးချဲတို့ကို ပြည်သူလူထု၏ စိတ်ဝင်စားမှု လျော့နည်းလာခြင်းကြောင့် ယခုနှစ်အတွင်း ဖမ်းဆီးရမိသော လောင်းကစားမှုများထဲ၌ နှစ်လုံး၊ သုံးလုံး ဖမ်းဆီးရမိသော အမှုများစွာ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

"အဓိကတော့ ပြည်သူတွေအနေနဲ့ ဒီနှစ်လုံး၊ သုံးလုံးလောင်းကစားကို စိတ်ဝင်စားမှုအားနည်းသွားလို့ပဲ ဖြစ်မှာပါ။ ကျွန်တော်တို့ကတော့ လုပ်ရိုးလုပ်စဉ်အတိုင်းပဲ၊ သတင်းရရင်ဖမ်းမယ်။ အခါအားလျော်စွာ ပြည်နယ်အစီအစဉ်၊ ခရိုင်အစီအစဉ်နဲ့ စီမံချက်တွေချပြီးတော့ ဖမ်းဆီးတာမျိုးတွေရှိတယ်။ ကျွန်တော်တို့ကတော့ လောင်းကစားနည်းနည်းများများဖမ်းမှာပဲ။ သတင်းပေးရင် သတင်းရရင်လည်း ဖမ်းမှာပါပဲ။ ဖမ်းတာကလည်း ကျွန်တော်တို့ စခန်းတစ်ခုတည်းမဟုတ်ပါဘူး။ မြို့နယ်ရော၊ ခရိုင်ရော၊ ပြည်နယ်ရောအားလုံးက ဖမ်းကြတာပါ။ လောင်းကစားမှ မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ဥပဒေနဲ့မလွတ်ကင်းရင် ဖမ်းရမှာပဲ။ ဒါက ကျွန်တော်တို့ရဲ့တာဝန်ပဲလေ။ ဒီနှစ်လုံး၊ သုံးလုံး ပပျောက်ခြင်း၊ မပပျောက်ခြင်းကတော့ ပြည်သူရဲ့ စိတ်ဝင်စားမှုပေါ်မှာပဲမူတည်ပြီး စိတ်ဝင်စားမှုလျော့နည်းလာတဲ့အတွက် သူ့အလိုလို ပပျောက်လာတယ်လို့မြင်ပါတယ်"ဟု မြစ်ကြီးနား မြို့မစခန်းမှ စခန်းမှူး ဒု-ရဲမှူးကျော်နုက ပြောသည်။

ကချင်ပြည်နယ်အတွင်း၌ နှစ်လုံး၊ သုံးလုံးချဲ လောင်းကစားသူများ လျော့နည်းလာနေပြီး ပပျောက်လုနီးပြီဖြစ်ကြောင်း ပြည်သူတစ်ဦးကလည်း နှစ်လုံး၊သုံးလုံး (ချဲ)များပပျောက်လာရခြင်း၏ အဓိကအကြောင်းအရင်းမှာ လူထု၏စိတ်ဝင်စားမှု လျော့နည်းလာခြင်းကြောင့်ဖြစ်ပြီး လူထုအများစုမှာ ယင်းလောင်းကစားကို စိတ်ဝင်စားခြင်းရှိလျှင်ပင် ကစား(ထိုး)ရန်အတွက် လိုအပ်သောငွေကြေးကို မတတ်နိုင်ကြတော့ဘဲ လောင်းကစားထက် စားဝတ်နေရေးကိုဦးစားပေးနေရပြီး လောင်းကစားအတွက်သုံးစွဲရန် ငွေကြေးချောင်လည်ခြင်း မရှိတော့သည့်အတွက်ကြောင့် ဖြစ်ကြောင်း ပြည်သူတစ်ဦးက ပြောသည်။

ကချင်ပြည်နယ်အတွင်း ဖမ်းဆီးရမိသော လောင်းကစားမှုအနေနှင့် ၂၀၁၆ ခုနှစ်တွင် ၃၄ မှုရှိခဲ့ပြီး ယခုနှစ်အတွင်း စက်တင်ဘာလအထိ ၂၂ မှုရှိကြောင်း သိရသည်။

**(မင်းမင်းဦး)**

ဝ

# မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ ရောင်းချခြင်းမရှိစေရေး စစ်ဆေး

**မိုင်းယောင်း အောက်တိုဘာ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဦးဝေဇော်နှင့် ဝန်ထမ်းများသည် စက်တင်ဘာလအတွင်းက မြို့နယ်အတွင်းရှိ ဆေးဆိုင်များအား မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ ရောင်းချခြင်းမပြုရန်နှင့် ရောင်းချခြင်းမရှိစေရေးအတွက် စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်တိုင်းရင်းဆေးမှူးက ဆေးဆိုင်ပိုင်ရှင်များအား မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်မပါရှိသည့် တိုင်းရင်းဆေးဝါးများ၊ အနောက်တိုင်းဆေး ရောနှောသော တိုင်းရင်းဆေးဝါးများ၊ ဦးစီးဌာနမှ သောက်သုံးရန်မသင့်ကြောင်း ထုတ်ပြန်ထားသော တိုင်းရင်းဆေးဝါးများကို ရောင်းချခြင်းမပြုရန်နှင့် သုံးစွဲနေသည့် ဆေးဝါးများ၏ အရည်အသွေးနှင့် တိုင်းရင်းဆေးဝါးအတုဟု သံသယဖြစ်ဖွယ် တွေ့ရှိယူဆရလျှင် မြို့နယ်တိုင်းရင်းဆေးကုဌာနကို အလျင်အမြန် တိုက်ရိုက်ဆက်သွယ်အသိပေးအကြောင်းကြားရန် ပညာပေးဆွေးနွေးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြို့နယ်အတွင်း မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးတုများ၊ စံမညီသော တိုင်းရင်းဆေးဝါးများ၊ အနောက်တိုင်းဆေးရောနှောသော တိုင်းရင်းဆေးဝါးများ ရောင်းချခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## အောင်မြေသာစံမြို့နယ်တွင် နေအိမ်ကိုးလုံး မီးလောင်မှုဖြစ်ပွား

**မန္တလေး အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်(၇၄)×(၇၅)လမ်းကြား၊ (၁၀)×(၁၁) လမ်းကြားရှိ ဥပုသ်တော်ရပ်ကွက် အကွက်အမှတ်(၅၂)တွင် ယနေ့နံနက် ၀၀ နာရီ ၂၅ မိနစ်က နေအိမ်အပေါ်ထပ်၌ ခြင်ဆေးခွေမီးထွန်းရာမှ ပိတ်စ၊ သားရေစများကို မီးကူးစက်လောင်ကျွမ်းပြီး နေအိမ်ကိုးလုံး မီးလောင်ခဲ့ကြောင်း သိရသည်။ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၀၀ နာရီ ၅၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ထရံကာ၊ သွပ်မိုးနှစ်ထပ် နေအိမ်ငါးလုံး၊ ထရံကာ၊ သွပ်မိုးတစ်ထပ် နေအိမ်နှစ်လုံး၊ RCနှစ်ထပ်ခွဲနေအိမ်တစ်လုံး၊ နံကပ်နှစ်ထပ်နေအိမ်တစ်လုံး စုစုပေါင်းနေအိမ်ကိုးလုံး မီးလောင်ကျွမ်းခဲ့သည်။ မီးစတင်လောင်ကျွမ်းသော နေအိမ်မှ ကိုဟန်မင်းလတ်အား အောင်မြေသာစံမြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ရန်ကုန်မှ မြဝတီသို့သွားသည့် မှန်လုံယာဉ်တစ်စီး တိမ်းမှောက်၊ ၁၀ ဦး ဒဏ်ရာရ

**ဘားအံ အောက်တိုဘာ ၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာအုပ်စု လှိုင်းကားကျေးရွာ မိုင်တိုင်(၂/၆)တွင် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ရန်ကုန်မှမြဝတီသို့ သွားရောက်မည့် ရွှေစင်စကြာမှန်လုံယာဉ်တစ်စီးတိမ်းမှောက်ခဲ့သဖြင့် တရုတ်နိုင်ငံသားတစ်ဦးအပါအဝင် ခရီးသည် ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် နံနက် ၅ နာရီခွဲခန့်က အိန္ဒူ-ကော့ကျိုက်လမ်း မိုင်တိုင်(၂/၆)အနီးတွင် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ အိန္ဒူနယ်မြေရဲစခန်းမှူး ရဲအုပ် ရဲထွဋ်မင်း၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကြည်လင်းစိုးတို့ဦးစီးအဖွဲ့သည် ကော့သင်းရှူးကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောအောင်ထွန်းဦးစီးသည့်အဖွဲ့တို့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မြို့မှ ထွက်ခွာလာပြီး အိန္ဒူ-ကော့ကျိုက်ကားလမ်းအတိုင်း မြဝတီမြို့သို့ သွားရောက်မည့် ရွှေစင်စကြာခရီးသည်တင်ယာဉ်သည် ဘားအံမြို့နယ် ကော့သင်းရှူးကျေးရွာအုပ်စု လှိုင်ကားကျေးရွာအနီးအရောက် ဆိုင်ကယ်တစ်စီးကိုရှောင်တိမ်းပြီး ဘရိတ်အုပ်စဉ် ယာဉ်မှာလမ်းချော်၍တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားသည့် ရွှေစင်စကြာယာဉ်ကို တေဇစိုး မောင်းနှင်ပြီး ယာဉ်နောက်လိုက်နေလင်းထွန်းနှင့် ယာဉ်မယ် မခင်ခင်မင်းတို့ လိုက်ပါလာကာ ယာဉ်ပေါ်တွင် ခရီးသည် ၃၀ တင်ဆောင်လာကြောင်း သိရသည်။

ယာဉ်ပေါ်ပါ ခရီးသည်များအနက် ကလေးငယ်တစ်ဦးအပါအဝင် ခရီးသည် ၁၀ ဦးတို့ မစိုးရိမ်ရဒဏ်ရာများ ရရှိခဲ့၍ လူမှုကူညီရေးအဖွဲ့များဖြင့် ဘားအံဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ယာဉ်မောင်း တေဇစိုးအား အမှုဖွင့်ဆောင်ရွက်ထားပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီးတွင် ဂတ်စ်အိုးများတင်ဆောင်လာသော ၁၂ ဘီးယာဉ်တိမ်းမှောက်

**မြဝတီ အောက်တိုဘာ ၆**

မြဝတီ-ကော့ကရိတ် အာရှလမ်းမကြီး နတ်စင်ကွေ့အနီးတွင် အောက်တိုဘာ ၅ ရက်က ဂတ်စ်အိုးများ တင်ဆောင်လာသော ၁၂ ဘီးယာဉ် တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှု သတင်းအရ အမှတ်(၇၁)ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်သန်းနိုင်ရွှေ၊ ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဇော်နိုင်နှင့် ကော့ကရိတ်မြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်အောင်ပိုင်ဝင်းတို့က အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။



ဖြစ်စဉ်မှာ အောက်တိုဘာ ၅ ရက် ညနေ ၃ နာရီခန့်က မြဝတီမှ ကော့ကရိတ်သို့ ဂတ်စ်အိုး ၁၉၇ လုံး တင်ဆောင်ပြီး ယာဉ်မောင်းထွန်းထွန်းဝင်း မောင်းနှင်သည့် ၁၂ ဘီးယာဉ်သည် အာရှလမ်းမကြီးရှိ နတ်စင်ကွေ့အနီး ကီလိုမီတာအမှတ် (၁၅၄)နှင့် (၁၅၅)အကြား အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် လမ်းဘေးတွင် ကာရံထားသော လက်တန်းဘေးကာလေးကန့် (ပေ ၄၀ ခန့်) ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားသူ ထွန်းထွန်းဝင်းအား ဖမ်းဆီးရမိရေး ကော့ကရိတ်မြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်း-ထိန်လင်းအောင်**

**ဓာတ်ပုံ-Ko Htaik**

## ၁၈ ဘီးယာဉ် အရှိန်လွန်၍ လမ်းဘေးထိုးကျတိမ်းမှောက်

**ညောင်လေးပင် အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တော်ဝိကျေးရွာအနီးတွင် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခွဲခန့်က ယာဉ်တစ်စီး လမ်းဘေးထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ စိုင်းလင်းငယ် (စုံစမ်းဆဲ)မောင်းနှင်ပြီး ယာဉ်နောက်လိုက်များဖြစ်သည့် ဖြူးမြို့နယ်နေ ရဲနိုင်ဦးနှင့် ဖြိုးဖြိုးမောင်တို့ လိုက်ပါလာသော ၁၈ ဘီးယာဉ်သည် ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်(၁၀၃/၃)နှင့် (၁၀၃/၄) အကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ရာ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ်ရှေ့ပိုင်းပျက်စီးခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း စိုင်းလင်းငယ်အား ညောင်လေးပင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**



## တာချီလိတ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ နှစ်ရက်ဆက်တိုက် သိမ်းဆည်းရမိ

**တာချီလိတ် အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စတုံကျေးရွာ ပြည်သူ့စစ်စခန်းရှေ့တွင် အောက်တိုဘာ ၃ ရက် ည ၉ နာရီခွဲက ငွေကျပ် ၁၅ သိန်းခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လွယ်စတုံကျေးရွာ ပြည်သူ့စစ်စခန်းရှေ့တွင် ပိတ်ဆို့စစ်ဆေးရှာဖွေနေစဉ် မိုင်းဆတ်မြို့မှ တာချီလိတ်မြို့သို့ လော်ကျူးမောင်းနှင်လာပြီး လီဂျာ လိုက်ပါလာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ လော်ကျူးဝတ်ဆင်ထားသည့် အနွေးထည်နှင့် လက်ဖျံကြားမှ WY စာတန်းပါ စိတ်ကြွဆေးပြား ၁၃၃၀ (တန်ဖိုးငွေကျပ် ၁၃ ဒသမ ၃ သိန်းခန့်)ကိုလည်းကောင်း၊ လီဂျာလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ဘိန်းစိမ်း ၁၀၀ ဂရမ်ခန့် (တန်ဖိုးငွေကျပ် ၁ ဒသမ ၅ သိန်းခန့်)နှင့် ဝါးရိုးတပ်ဘိန်းရှူပြောင်းတစ်ခုကိုလည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီခန့်က တာချီလိတ်မြို့နယ် တာလေမြို့ မိုင်းလင်း(အရှေ့)ကျေးရွာအုပ်စုတွင် နယ်မြေခံတပ်ဖွဲ့ဝင်များ၊ မိုင်းလင်းနယ်မြေရဲစခန်းနှင့် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ တာလေကျိုင်းလပ်သွားလမ်းရှိ ဝိန်းလန်းကျေးရွာဘုန်းကြီးကျောင်းရှေ့တွင် ကျိုင်းလပ်မြို့ ပန်ပဲကျေးရွာနေ ရုဒမောင်းနှင်လာသည့် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၂၅ ကီလိုခန့်စီပါ ကဖင်းအိတ် ၄၀ (စုစုပေါင်း ကီလို ၁၀၀၀) တန်ဖိုးငွေကျပ်သိန်း ၈၀၀ ခန့်အား ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိသည်။ အဆိုပါယာဉ်အားစစ်ဆေးစဉ် အရှေ့မှကပ်လျက် မောင်းနှင်လာသည့် ယာဉ်အမှတ်မော်တော်ယာဉ်မှာ အစစ်ဆေးမခံဘဲ မောင်းနှင်ထွက်ပြေးသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ရာ တာလေမြို့ တောင်သုံးလုံးစခန်းရှေ့၌ မိုင်းတွင်ကျေးရွာအုပ်စု မိုင်းဆတ်မြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ လော်ကျူးနှင့် လီဂျာတို့အား တာချီလိတ်မြို့မရဲစခန်းတွင်လည်းကောင်း၊ ရုဒနှင့် ကျကျိုးတို့အား မိုင်းလင်းနယ်မြေရဲစခန်းတွင်လည်းကောင်း စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

■

## ကျောက်မဲမြို့နယ်တွင် တရားမဝင်ပိတောက်ခွဲသားများ သိမ်းဆည်းရမိ

**ကျောက်မဲ အောက်တိုဘာ ၆**

ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်တွင် အောက်တိုဘာ ၅ ရက်က ပိတောက်ခေးရွှေတုံးများနှင့် ပိတောက်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မန္တလေး-လားရှိုးပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်(၁၀၈/၆-၇)ကြားတွင် မန္တလေးမှလားရှိုးသို့ ယာဉ်မောင်း ဇော်ဌေးဦး မောင်းနှင်ပြီး ယာဉ်နောက်လိုက် ဇော်လင်းလိုက်ပါလာသည့် ယာဉ်ကိုရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခေးရွှေတုံး ၄၃ တုံး (၄ ဒသမ ၃၈၃၇ တန်)နှင့် ပိတောက်ခွဲသား ၇၃ တုံး (၁၆ ဒသမ ၀၀၁၄ တန်) စုစုပေါင်း ၁၁၆ တုံး (၂၀ ဒသမ ၃၈၉၂ တန်)ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်းသိရသည်။

**သိန်းထွန်းအောင်(ပြန်/ဆက်)**

# ဝင်ငွေ နှစ်ဆခန့် မြင့်တက်လာရန် ချယ်လ်ဆီးအသင်းရည်မှန်း

ပရီမီယာလိဂ် လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် လာမည့် ၁၀ နှစ်အတွင်း လက်ရှိဝင်ငွေ၏ နှစ်ဆခန့် တိုးတက်လာရန် ဆောင်ရွက်သွားမည်ဖြစ်ကာ အာဆင်နယ်ကဲ့သို့ ဂျာစီစပွန်ဆာနှင့် ကွင်းစပွန်ဆာတို့ တစ်ပြိုင်နက်တည်းပေးနိုင်မည့်စာချုပ်မျိုး ချုပ်ဆိုသွားရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ချယ်လ်ဆီးမှာ လက်ရှိ ချန်ပီယံဖြစ်သော်လည်း ဝင်ငွေပိုင်းတွင် ပရီမီယာလိဂ်အသင်းများ၌ စတုတ္ထနေရာတွင်သာ ရပ်တည်နေသောကြောင့် လာမည့် ၁၀ စုနှစ်အတွင်း ဥရောပထိပ်တန်းအသင်းကြီးများနှင့် ဝင်ငွေပိုင်း ယှဉ်နိုင်ရန် ကြိုးစားသွားမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အာဆင်နယ်ကဲ့သို့ ဂျာစီ၊ ကွင်း (နှစ်ထပ်ကွမ်း စပွန်ဆာ)ရရှိရန် ပစ်မှတ်ထားနေပြီး ယင်းသို့ စပွန်ဆာသာရရှိပါက ဥရောပ ဝင်ငွေအကောင်းဆုံး ထိပ်တန်းငါးသင်းတွင် စာရင်းဝင်မည်ဖြစ်သည်။ ချယ်လ်ဆီးသည် လက်ရှိတွင် ဝင်ငွေအားဖြင့် ဥရောပအသင်းများတွင် အဌမနေရာ၌ ရပ်တည်နေသောကြောင့် ချယ်လ်ဆီးစီးပွားရေးပိုင်းဒါရိုက်တာ တောင်းဆန့်က လက်ရှိရရှိနေသည့် စပွန်ဆာ ၁၂ ခုမှ ၃၀ နှင့် ၃၅ ကြားရရှိရန် ရည်မှန်းထားကြောင်း ဆိုသည်။

တောင်းဆန့်က "မန်ယူ၊ မန်စီးတီးနဲ့ အခြားကလပ်အသင်းတွေက စပွန်ဆာ ၅၀ ကနေ ၇၀ ကြား ရနေတယ်။ ကျွန်တော်တို့ကတော့ အမျိုးအစားကန့်သတ်ထားတာကနေ နာမည်ကျော် အမှတ်တံဆိပ်တွေရလာဖို့ ပစ်မှတ်ထားနေပါတယ်"ဟု ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့သည့် မန်ယူအသင်းနှင့် ပေါင်သန်း ၂၀၀ အထိ ကွာဟခဲ့ပြီး မန်ယူ၏ ဝင်ငွေ ပေါင် ၅၁၅ ဒသမ ၃ သန်းနှင့် ချယ်လ်ဆီးဝင်ငွေ ပေါင် ၃၃၄ ဒသမ ၆ သန်းကို နှိုင်းယှဉ်နိုင်မည်ဖြစ်သည်။ အာဆင်နယ်သည် ဟိုက်ဘူရီမှ လက်ရှိအိမ်ကွင်းကို ပြောင်းရွှေ့ခဲ့ရာတွင် အမ်းမရိတ်စ်ကုမ္ပဏီ၏ ကွင်းအမည်နှင့် ဂျာစီစပွန်ဆာ (နှစ်ထပ်ကွမ်းစပွန်ဆာ)နှင့် စာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

# ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည့် အင်္ဂလန်အသင်း ဘရာဇီး၊ ဂျာမနီတို့နှင့် ခြေစမ်းသွားမည်



မေလွဲသင်း ရေးသားသည်

အင်္ဂလန်အသင်းသည် ဆလိုဗေးနီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည်။ လာမည့်နိုဝင်ဘာလအတွင်း ဘရာဇီး၊ ဂျာမနီအသင်းတို့နှင့် ခြေစမ်းသွားမည်ဖြစ်သည်။ အင်္ဂလန်အသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားအတွက် ပြင်ဆင်သည့်အနေဖြင့် ဂျာမနီအသင်းနှင့် နိုဝင်ဘာ ၁၀ ရက်၊ ဘရာဇီးအသင်းနှင့် နိုဝင်ဘာ ၁၄ ရက်တွင် ခြေစမ်းသွားမည်ဖြစ်ကြောင်း အက်ဖ်အေ (အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်) က ကြေညာခဲ့သည်။

ဂျာမနီအသင်းသည် မြောက်အိုင်ယာလန်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အဝေးကွင်းတွင် အနိုင်ရပြီးနောက် ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သလို ဘရာဇီးအသင်းမှာလည်း ၂၀၁၈ ကမ္ဘာ့ဖလားကို အစောဆုံး ခြေစစ်ပွဲအောင်မြင်ထားသည့်အသင်းဖြစ်သည်။ အင်္ဂလန်နှင့် ဂျာမနီတို့သည် မကြာခဏ ခြေစမ်းလေ့ရှိပြီး ယခု ခြေစမ်းပွဲသည် လပေါင်း ၂၀ အတွင်း တတိယအကြိမ် ယှဉ်ပြိုင်မှုလည်းဖြစ်သည်။ အက်ဖ်အေအနေဖြင့် ၂၀၁၈ ခုနှစ် မတ်လအတွင်း ဟော်လန်အသင်းနှင့် ခြေစမ်းပွဲ ထပ်မံကစားရန် အစီအစဉ်ရှိနေပြီး ကမ္ဘာ့ဖလားမတိုင်မီ ခြေစမ်းပွဲများ တောက်လျှောက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းက အင်္ဂလန်နှင့် ဆလိုဗေးနီးယား အသင်းပွဲစဉ်တွင် အသင်းခေါင်းဆောင်လက်ပတ်ကို ဆင်မြန်းခွင့်ရခဲ့သလို တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့ပြီးနောက် သူ၏ငယ်ဘဝ အိပ်မက်များ အကောင်အထည်ပေါ်လာခြင်းပင်ဖြစ်ကြောင်း ဆိုခဲ့သည်။



# စာချုပ်ပါ ထွက်ခွာခွင့်တန်ဖိုးအရ ဘင်ဇီမာနှင့် စီရိုနယ်လ်ဒိုတို့ထက် မက်ဆီများစွာ တန်ဖိုးလျော့နည်း

ဘာစီလိုနာအနေဖြင့် နေမာကို စာချုပ်ပါ ထွက်ခွာခွင့် တန်ဖိုးအရ ပေါင်သန်း ၂၀၀ ဖြင့် လက်လွှတ်ခံရချိန်တွင် မက်ဆီကိုပါ ထပ်မံဆုံးရှုံးမခံရစေရန် ရတက်ပွေနေရပြီဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းက သူတို့၏ အဓိက ကစားသမားများဖြစ်သည့် ဘင်ဇီမာနှင့် စီရိုနယ်လ်ဒိုတို့လို ကစားသမားမျိုးကို ထိန်းထားနိုင်ရန် စာချုပ်သက်တမ်းတိုးမြှင့်ရာတွင် ထွက်ခွာခွင့် တန်ဖိုးများကို အခြားကလပ်အသင်းများမှ ဝယ်ယူရန်ခက်ခဲသည့် ပေါင်သန်း ၈၉၀ နီးပါး ပမာဏအထိ တိုးမြှင့်ခဲ့သည်။

သို့သော် ဘာစီလိုနာနှင့် မက်ဆီတို့ ချုပ်ဆိုထားသည့် စာချုပ်အရ ထွက်ခွာခွင့်တန်ဖိုးမှာ ပေါင် ၂၆၇ သန်းသာဖြစ်ရာ နေမာပြီးနောက် မက်ဆီကိုလည်း အခြားဥရောပအသင်းကြီးတစ်ခုမှ ခေါ်ယူသွားမည်ကို စိုးရိမ်နေရခြင်းဖြစ်သည်။ လာလီဂါ ကစားသမားများထဲမှာပင် မက်ဆီထက် ထွက်ခွာခွင့် တန်ဖိုးမြင့်ကစားသမား ကိုးဦးရှိနေပြီး အဆိုပါ ကစားသမားများထဲတွင် ဘာစီလိုနာအသင်းသို့ ပြီးခဲ့သည့် နွေဈေးကွက်အတွင်း ရောက်ရှိလာသူ ဒမ်ဘီလီပင် ပါဝင်နေသည်။

**ထွက်ခွာခွင့်တန်ဖိုးအမြင့်ဆုံး ကစားသမားများ**

| အမည် | ကလပ်အသင်း | ထွက်ခွာခွင့်တန်ဖိုး |
|---|---|---|
| စီရိုနယ်လ်ဒို | ရီးယဲလ်မက်ဒရစ် | ပေါင် ၈၈၆ သန်း |
| ဘင်ဇီမာ | ရီးယဲလ်မက်ဒရစ် | ပေါင် ၈၈၆ သန်း |
| အစ္စကို | ရီးယဲလ်မက်ဒရစ် | ပေါင်သန်း ၆၂၀ |
| အဆန်စီယို | ရီးယဲလ်မက်ဒရစ် | ပေါင်သန်း ၆၂၀ |
| ဂါရတ်ဘေးလ် | ရီးယဲလ်မက်ဒရစ် | ပေါင် ၄၄၃ သန်း |
| လူကာမိုဒရစ် | ရီးယဲလ်မက်ဒရစ် | ပေါင် ၄၄၃ သန်း |
| တိုနီခရုးစ် | ရီးယဲလ်မက်ဒရစ် | ပေါင် ၄၄၃ သန်း |
| ဒန်နီကာဘာလော့စ် | ရီးယဲလ်မက်ဒရစ် | ပေါင် ၄၄၃ သန်း |
| အောစမာနီဒမ်ဘီလီ | ဘာစီလိုနာ | ပေါင် ၃၅၄ သန်း |
| မက်ဆီ | ဘာစီလိုနာ | ပေါင် ၂၆၇ သန်း |

**☆ ရွှေကျင်မှ**
ပထမဆု ကျပ်နှစ်သိန်းခွဲ၊ ဒုတိယဆု ကျပ်နှစ်သိန်း နှင့် တတိယဆု ကျပ်တစ်သိန်းခွဲ ပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ဂုဏ်ပြုဆုအဖြစ် လှော်ကားလှေတော်ကြီးနှင့် ယိမ်းအဖွဲ့များအား ကျပ်တစ်သိန်းစီ ချီးမြှင့်သည်။ ဆုပေးပွဲကျင်းပစဉ် မိုးရွာသွန်းခဲ့သော်လည်း ညနေ ၆ နာရီတွင် ရိုးရာအစဉ်အလာအတိုင်း အရှင်ဥပဂုတ္တမထေရ်မြတ်အား ရွှေကျင်ချောင်းအတွင်း အပူဇော်ခံကြွရောက်ရာ ပွဲတော်လာကြသူများ၊ ဒေသခံများက ချောင်းတစ်လျှောက် ပူဇော်ကြည်ညိုကြသည်။

(၁၆၆)နှစ်မြောက်အောင် ထိန်းသိမ်းလာသည့် ရိုးရာအစဉ်အလာအတိုင်း ရောင်စုံမီးကြာခွက်များ၊ မီးရှူးမီးပန်းများဖြင့် ရွှေကျင်ချောင်းတစ်လျှောက် မီးမျှောပူဇော်ခဲ့ကြသည်။ မိုးရွာခဲ့သော်လည်း ကမ်းလုံးညွတ်မျှ ပူဇော်သူများဖြင့် စည်ကားသိုက်မြိုက်အောင်မြင်စွာ ပြီးစီးခဲ့သည်။

ရွှေကျင်မြို့ကို သက္ကရာဇ် ၁၁၆၀ ပြည့်နှစ် ဘိုးတော် ဘုရားလက်ထက်တွင် တည်ထားခဲ့ပြီး ၁၁၈၁ ခုနှစ်တွင် မြို့ဝန်များ စတင်အုပ်ချုပ်ခဲ့သည်။

ရွှေကျင်မီးမျှောပွဲတော်ကို ကုန်းဘောင်ခေတ်မှပင် စတင်ကျင်းပခဲ့ပြီး ခေတ်အဆက်ဆက် အမျိုးဘာသာသနာ အစဉ်အလာကို စောင့်ရှောက်သည့် ပွဲတော်တစ်ခုပင်ဖြစ်သည်။ ရိုးရာ ယိမ်းအကဖြစ်သော တက်ခုတ်ယိမ်းနှင့် တက်ပျံယိမ်းအကများကို ယနေ့ထက်တိုင် ထိန်းသိမ်းစောင့်ရှောက် ကပြလျက်ရှိသည်။ တက်ပျံယိမ်းအကတွင် မြန်မာ့တက်ရေး ၃၇ ချင်းမှ တက်ကွက်များဖြင့် ကပြခြင်းဖြစ်သည်။

တက်ခုတ်ယိမ်းတွင်မူ အမျိုးသမီးများသာ ကပြပြီး အဖွဲ့ဝင် ၂၀ မှ ၂၄ ဦးအထိ ပါဝင်ကြသည်။ လှေဦးကပြမည့်သူပါဝင်ရပြီး လှေလှုပ်ရှားမှုကို ဟန်ချက်ထိန်းကာ ကပြရသည့်အတွက် အကပညာပြည့်ဝသူဖြစ်ရမည်ဖြစ်သည်။

တက်ခုတ်ယိမ်းရာတွင် သီချင်းဆိုရင်း လှေကို ညီညီညာညာလှော်ခတ်ပြီး ကရသဖြင့် ညီညွတ်မှုရှိမှသာ အောင်မြင်သော ယိမ်းအကမျိုးဖြစ်သည်။

တက်ပျံယိမ်းမှာမူ အမျိုးသားရော အမျိုးသမီးပါ ပါဝင်ကပြနိုင်သည်။ အဖွဲ့ဝင် ၂၀ မှ ၂၄ ဦးအထိပါဝင်ပြီး အချို့ တက်ပျံယိမ်းများတွင် ပွဲ့ကိုင်အား ရုပ်ပြောင်အဖြစ် ဟာသမြောက်စွာ ကပြလေ့ရှိသည်။ တက်ပျံယိမ်းသည် သွက်သွက်လက်လက်နှင့် ဇာတိမာန်တက်ကြွစေသော အကနှင့် သီချင်းများကို သီဆိုကပြကြသည်။

တက်ယိမ်းများကို ကပြရာတွင် စည်လုံးမှုကို အဓိကထားကာ တစ်ဦးအားထက် အဖွဲ့လိုက်အားကို အားပြုရသည့် ယိမ်းများဖြစ်သည်။

# သာစည်ဘူတာရုံကြီး သက်တမ်း(၁၁၈)နှစ်ပြည့်ပြီ



**သာစည် အောက်တိုဘာ ၆**
သာစည်ဘူတာရုံကြီးကို ဗြိတိသျှတို့ အုပ်စိုးစဉ်ကာလ ခရစ်နှစ် ၁၈၈၉ ခုနှစ်က တည်ဆောက်ခဲ့ကြောင်း သာစည်သမိုင်းမှတ်တမ်းများအရ သိရသည်။ သာစည်ဘူတာရုံကြီးသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ အမှတ်(၂)ရပ်ကွက်နယ်မြေအတွင်းတွင် တည်ရှိသည်။ မြန်မာနိုင်ငံ၏ မီးရထားသမိုင်းတွင် မီးရထားလမ်းဆုံရာ ဘူတာရုံကြီးအဖြစ် လူသိများထင်ရှားသည်။

သာစည်ဘူတာကြီးမှ အရှေ့ဘက်ရှိ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မီးရထားဖြင့် သွားလျှင် ရွှေညောင်၊ ရပ်စောက်၊ လွိုင်ကော်အထိလည်းကောင်း၊ အနောက်ဘက်သို့သွားလျှင် မြင်းခြံမြို့သို့လည်းကောင်း၊ တောင်ဘက်သို့သွားလျှင် ရန်ကုန်မြို့သို့လည်းကောင်း၊ မြောက်ဘက်သို့ သွားလျှင် မန္တလေးမြို့သို့လည်းကောင်း သွားရောက်နိုင်ကြသည်။ သာစည်မြို့သည် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ထိစပ်နေသောမြို့ဖြစ်သည့်အပြင် ရထားလမ်းဆုံရာမြို့ဖြစ်သည့်အတွက် နိုင်ငံခြားသား ခရီးသည်များအပါအဝင် ကုန်သည် အဝင်/အထွက်များသော မြို့တစ်မြို့ဖြစ်သည်။ ယခုအခါ သာစည်ဘူတာရုံကြီး၏ သက်တမ်းမှာ နှစ်ပေါင်း (၁၁၈)နှစ်တိုင်တိုင် ရှိသွားပြီဖြစ်သည်။ ယနေ့ခေတ်ကာလနှင့် နှိုင်းယှဉ်လျှင် ဘူတာရုံကြီးမှာ ဟောင်းနွမ်းနေပြီး ခရီးသည်ပစ္စည်းများ ပို့ဆောင်အပ်နှံရာဖြစ်သည့် ပါဆယ်ဌာနမှာလည်း သွပ်မိုး၊ ထရံကာ အနေအထားဖြင့် မိုးမလုံ၊ လေမလုံ အဆောက်အအုံအဖြစ် တွေ့ရှိနေရသည်။

တိုးတက်ပြောင်းလဲနေသော ယနေ့ခေတ်နှင့်အညီ သာစည်ဘူတာရုံကြီးကိုလည်း မန္တလေးဘူတာရုံကြီးများကဲ့သို့ ခေတ်မီ၊ အဆင့်မီ ဘူတာရုံကြီးတစ်ခုအဖြစ် တည်ဆောက်ပေးသင့်ကြောင်း ဒေသခံများက ပြောဆိုနေကြသည်။

**မောင်ကို(သာစည်)**

# ရေနွေးအိုးတည်စဉ် အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဘုန်းစိုးရပ်ကွက်တွင် ယမန်နေ့ ည ၉ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။ သတင်းအရ မုံရွာနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါရပ်ကွက်နေ ဦးအောင်သန်းသည် နေအိမ်၌ လျှပ်စစ်ရေနွေးအိုးဖြင့် ရေနွေးအိုတည်ထားခဲ့စဉ် ရေခန်းခြောက်ပြီး အပူရှိန်လွန်ကဲရာမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးပေါ့ဆစွာအသုံးပြုသူ ဦးအောင်သန်းအား မုံရွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

# လားရှိုးမြို့တွင် ဂက်(စ်)အိုးပေါက်ကွဲမှုဖြစ်ပွား၍ နှစ်ဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၆**
ရှမ်းပြည်နယ် လားရှိုးမြို့နယ် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၅ ရက် ည ၈ နာရီ ၅၅ မိနစ်က လားရှိုးပြည်သူ့ဆေးရုံ၌ ဂက်(စ်)အိုးပေါက်ကွဲမှုဖြစ်ပွား၍ လူနာနှစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။ ယင်းသို့စစ်ဆေးရာ လားရှိုးမြို့ ရပ်ကွက်(၉)နေ ဦးဝင်းညိုပိုင်ဆိုင်သည့် အဆိုပါရပ်ကွက်ရှိ အိမ်ငှားတန်းလျား၌ ငှားရမ်းနေထိုင်သူ မျိုးဇင်ကိုသည် ၎င်းလေပူဖောင်းရောင်းချရာတွင် အသုံးပြုသည့် ဂက်(စ်)အိုးအား အိမ်ခန်း၏ အရှေ့မြေကွက်လပ်၌ ချထားခဲ့စဉ် ဂက်(စ်)အိုး ပေါက်ကွဲမှုဖြစ်ပွား၍ အိမ်ခန်းအမှတ်(၁)တွင် ငှားရမ်းနေထိုင်သူ ဦးကျော်သူနှင့် သားဖြစ်သူ မင်းခေါင်ကျော်တို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။ မျိုးဇင်ကိုအား လားရှိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

# အရှိန်မထိန်းနိုင်သည့်ယာဉ် လမ်းဘေးသို့ထိုးကျတိမ်းမှောက်

**နေပြည်တော် အောက်တိုဘာ ၆**
ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မြန္နာကျေးရွာအနီး မအူပင်-တွံတေးကားလမ်း မိုင်တိုင်အမှတ်(၁၃/၁-၂)ကြားတွင် အောက်တိုဘာ ၅ ရက် ညနေ ၃ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။ သတင်းအရ အမှတ်(၈၂)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(မအူပင်)မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါလမ်းအတိုင်း တွံတေးဘက်မှ မအူပင်ဘက်သို့ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းရပ်ကွက်နေ အောင်တိုး(၄၁)နှစ် မောင်းနှင်လာသောယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော တလုပ်လက်ကျေးရွာနေသူများဖြစ်သည့် ရဲထက်ကျော်(၁၉)နှစ်၊ မအေးအေး(၂၁)နှစ်နှင့် ဒေါ်စန်းနွဲ့(၆၀)နှစ်တို့ သုံးဦးတွင် ဒဏ်ရာများအသီးသီးရရှိခဲ့သည်။ ယာဉ်မဆင်မခြင်မောင်းနှင်သူ အောင်တိုးအား မအူပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

# သံဃာတော်များ ဘုရားဖူးလာရောက်စဉ် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**ကျောက်ကြီး အောက်တိုဘာ ၆**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့၏ အထင်ကရ တောင်တော်ဖြစ်သော ရှင်သီဝလိခြေတော်ရာ တောင်တော်ပေါ်တွင် ယနေ့မွန်းလွဲ ၂ နာရီက ဝါကျွတ်သံဃာတော်များ ဘုရားဖူးလာရောက်စဉ် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘုရားတောင်ပေါ်မှအပြန် တောင်ခြေမှ တောင်ပေါ်သို့တက်လာသော ဘုရားဖူးဆိုင်ကယ်နှင့် တိုက်မိပြီး တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဘုရားဖူးပြီး ဦးဇင်းတို့သံဃာတွေနဲ့ ကိုရင်တွေပါတဲ့ကား ပြန်ဆင်းလာတဲ့အချိန် ကားမော်တာကြိုးပြတ်သွားတာ တွေ့လိုက်တယ်။ ကားဆရာကိုသတိပေးချိန်မရလိုက်ဘူး။ တောင်ပေါ်ကို တက်လာတဲ့ဆိုင်ကယ်တစ်စီးနဲ့ အကွေ့မှာတိုးလိုက်တော့ ဘယ်လိုမှ ထိန်းလို့မရအောင်ဖြစ်သွားတယ်"ဟု ယာဉ်တိမ်းမှောက်ရာ၌ ဒဏ်ရာရရှိခဲ့သူ ဆရာတော် ဦးဥတ္တမက မိန့်တော်မူသည်။

ယာဉ်ပေါ်တွင် သံဃာနှင့် ကိုရင်အပါအဝင် အပါး ၄၀ ကျော် တင်ဆောင်လာပြီး ယာဉ်မောင်းမှာ ရဟန်းပင်ဖြစ်သည်။ တိမ်းမှောက်မှုကြောင့် သေဆုံးသူမရှိဘဲ ဒဏ်ရာရသူများကို ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

"ဆိုင်ကယ်နဲ့ တောင်ပေါ်ကိုတက်သွားတဲ့ နှစ်ယောက်လုံး ဒဏ်ရာရသွားပါတယ်။ ဆေးရုံမှာပါ။ နှစ်ယောက်လုံးက သိန်တန်းပိုင်းကပါပဲ"ဟု သိန်တန်းအပိုင်စာရေးက ပြောသည်။ ယင်းတောင်တော်သို့ ကားတက်ရာလမ်းကြောင်းသည် တောင်ပေါ်ဒေသဖြစ်ခြင်းကြောင့် အကွေ့အကောက်ခရီးလမ်းဖြစ်ရာ ယခင်နှစ်များတွင်လည်း ယင်းကဲ့သို့ဖြစ်စဉ်များ ယင်းတောင်ပေါ် အဆင်းနေရာများတွင် ယခင်ကဖြစ်ခဲ့ဖူးကြောင်း ကျောက်ကြီးမြို့နယ် လေ့လာစောင့်ကြည့်သူ ဦးရန်နိုင်အောင်က အတည်ပြုပြောကြားသည်။

**ကိုကျောက်ကြီး**

**✻ မိတ္ထီလာကန်မှ**
သက်ဆိုင်ရာမှ တားမြစ်ထားသည်ကို တွေ့ရသည်။ မိတ္ထီလာတောင်ကန်ရှိ မိုးကောင်း အန္တကူ ရေလယ်ဘုရားသို့ သွားရာ သစ်သားတံတားမှာလည်း ရေကန်ထဲတွင် တည်ဆောက်ထားသည့် တံတားဖြစ်ခြင်း၊ လတ်တလောတွင် ကန်ရေပြည့်သည့်အနေအထားတွင် ရှိခြင်းတို့ကြောင့် ဒေသခံဘုရားဖူးများ အန္တရာယ်ဖြစ်ပွားမှုမရှိစေရန် ယင်းတံတားကို ယာယီပိတ်ထားသင့်ကြောင်း တင်ပြလိုက်ပါသည်။

**ချမ်းသာ(မိတ္ထီလာ)**

သင်္ချာကျော်ဖြိုး M.Sc. (Maths), Final.
Ph:09-250359833, 09-796313677, 09-263451177

### အမည်ပြောင်း

ဦးကျော်ဝင်းခိုင်၏ သားဖြစ်သူ အိန္ဒြ၊ အင်းလေးရပ်ကွက်၊ ဘားအံမြို့နေ ပထဝီ (ပ-နှစ်၊ အဝေးသင်)ကျောင်းသား မင်းဝင်းမောင် [၃/ဘအန(နိုင်)၃၁၅၇၀၁]အား စောဝင်းမောင်ဟု ပြောင်းလဲခေါ်ပါရန်။

Accountant
Tour Operator
AirTicketing
Online Marketing

### အမည်ဖြည့်စွက်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၉၇၂)နေ အဖ ဦးစောလွင်နှင့် အမိ ဒေါ်ရင်ရင်ကြည်တို့၏ သမီး မသီရိနွယ်(ခ)မစောသီရိနွယ် [၁၂/မဂတ(နိုင်)၀၉၀၄၆၆]ဟု ဖြည့်စွက်ခေါ်ပါရန်။




သင့်သွေးဖြင့် အသက်ကယ်ပါ

### မွေးသက္ကရာဇ်အမှန်

ဘုရားသုံးဆူမြို့ ဝင်းထောင်ကျေးရွာနေ ဦးပါနာဦး၏သမီး ဒသမတန်းမှ နန်းလာယျူးခလိန်း[၃/ဘသဆ(နိုင်)၀၂၂၂၅၃]၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၇-၂၀၀၀ ဖြစ်ပါကြောင်း။

**နန်းလာယျူးခလိန်း**

# ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် လူ့အခွင့်အရေး

ဒေါက်တာခိုင်ခိုင်ဝင်း

နိုင်ငံတစ်နိုင်ငံအတွက်အုပ်ချုပ်ရေးမဏ္ဍိုင်သည် အလွန်အရေးကြီးပါသည်။ အုပ်ချုပ်ရေးမဏ္ဍိုင် ကောင်းမွန်စွာလည်ပတ်နိုင်ပါမှ နိုင်ငံတော်နှင့် ၎င်းနိုင်ငံအတွင်းနေထိုင်ကြသည့် နိုင်ငံသူ နိုင်ငံသားတို့သည်ကောင်းမွန်ပြီး ငြိမ်းအေးသော ပတ်ဝန်းကျင်ရရှိနိုင်ကြမှာဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးရှိပါမှ ကြောက်ရွံ့ခြင်းကင်းစွာ နေထိုင်နိုင်ကြမည်လည်းဖြစ်သည်။ ကောင်းမွန်သောအုပ်ချုပ်ရေးဆိုသည်မှာ ကမ္ဘာ့နိုင်ငံများနှင့် တိုက်ရိုက်သက်ဆိုင်သည့် စကားလုံး၊ နိုင်ငံအားလုံးအတွက် အရေးကြီးသည့်မဏ္ဍိုင်တစ်ရပ်ဖြစ်သော်လည်း ကောင်းမွန်သော အုပ်ချုပ်ရေးအတွက် တစ်ကမ္ဘာလုံးက သဘောတူထားကြသည့်အနက် အဓိပ္ပာယ်ဖွင့်ဆိုချက်ကား ရှိမနေပါ။

**အဓိကသွင်ပြင်လက္ခဏာ**

အများအားဖြင့် လက်ခံသဘောတူထားကြပြီး ပြောဆိုလေ့ရှိသည်မှာ ကောင်းမွန်သော အုပ်ချုပ်ရေးဟူသည် လူ့အခွင့်အရေးများအား အပြည့်အဝလေးစားခြင်း၊ တရားဥပဒေစိုးမိုးရေး၊ အကျိုးသက်ရောက်မှုရှိသည့် ပြည်သူအများပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ တာဝန်သိတတ်မှုများအားမြှင့်တင်ပေးခြင်း အစရှိသဖြင့်ဆိုကြပါသည်။ အဆိုပါအချက်များသည် ကောင်းမွန်သောအုပ်ချုပ်ရေး၏ အဓိကသွင်ပြင်လက္ခဏာများလည်းဖြစ်ပါသည်။

ကောင်းမွန်သောအုပ်ချုပ်ရေးသည် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများအတွက် စိန်ခေါ်မှုများ ဥပမာအားဖြင့် ပညာရေးကဏ္ဍမြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်စေရေး၊ ဆင်းရဲမှုလျှော့ချရေး၊ တရားဥပဒေစိုးမိုးရေးကိုမြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ဘဏ္ဍာရေးနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ တန်းတူညီမျှရှိရေး၊ လူသားဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကို အဆင်ပြေချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အပံ့ပေးနေသည့် အခြေအနေတစ်ခုဟု ဆိုချင်ပါသည်။ ထို့အပြင် ကောင်းမွန်သောအုပ်ချုပ်ရေးသည် ၎င်းနိုင်ငံအတွင်းမှ နိုင်ငံသားများ လူ့အခွင့်အရေးများအပြည့်အဝ ခံစားရရှိပျော်ရွှင်စေရေးနှင့်လည်းဆက်စပ်နေပါသည်။

**အခြေခံအုတ်မြစ်**

ကောင်းမွန်သောအုပ်ချုပ်ရေးကို လူ့အခွင့်အရေး ရှုထောင့်မှကြည့်မည်ဆိုလျှင် နိုင်ငံတစ်နိုင်ငံအတွင်း ကောင်းမွန်သော အုပ်ချုပ်ရေးရှိနေ၊ မရှိနေခြင်းကို နိုင်ငံအတွင်းရှိ နိုင်ငံသားများ၏လူ့အခွင့်အရေးများ အပြည့်အဝကာကွယ်ထားခြင်း၊ ခံစားရရှိခြင်း ရှိ၊ မရှိကိုကြည့်ရှုခြင်းဖြင့် သုံးသပ်နိုင်ပါသည်ဟု ကုလသမဂ္ဂမှဆိုထားခဲ့ပါသည်။ ပွင့်လင်းမြင်သာပြီး တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိသောအစိုးရ၊ ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အစိုးရသည် ကောင်းမွန်သောအုပ်ချုပ်ရေးအတွက် အာမခံချက်ဖြစ်သလို လူ့အခွင့်အရေး မြှင့်တင်ခြင်းများအတွက် အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။

ဤနေရာတွင် Mr. Selim Jahan, Director of Human Development Report Office, New York ၏စကားကို အကိုးအကားပြုပြောရမည်ဆိုလျှင် လူသားဖွံ့ဖြိုးတိုးတက်မှု၏ ဆန့်ကျင်ဘက်ဖြစ်သော လူသားဆင်းရဲမှုဆိုသည် လူ့အခွင့်အရေးများကို လက်မခံငြင်းဆိုခြင်းဖြစ်သည်ဟု ဆိုထားပါသည်။ အဘယ်ကြောင့်ဆိုသော် လူ့အခွင့်အရေးများကိုငြင်းပယ်ခြင်းသည် လူသားတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို ငြင်းပယ်ခြင်းဖြစ်သလို ခွဲခြားဆက်ဆံခြင်းနှင့် တရားမျှတမှုမရှိခြင်းများကိုလည်း ဖော်ပြနေခြင်းဖြစ်သည်ဟုဆိုထားပါသည်။

**လူ့အခွင့်အရေး**

လူ့အခွင့်အရေးသည် ပြည်သူအားလုံး၊ လူသားအားလုံးခံစားရရှိစေရေးအတွက် မွေးရာပါ အာမခံချက်ကောင်းများဖြစ်သော်လည်း ကောင်းမွန်သောအုပ်ချုပ်ရေးမရှိခဲ့ပါမူ လူ့အခွင့်အရေးများ လေးစားခြင်းနှင့် ကာကွယ်ခြင်းများလည်းရှိနေနိုင်မည်မဟုတ်ပါ။ ဤနေရာတွင် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် လူ့အခွင့်အရေး ဆက်နွယ်မှုကြားမှ အရေးကြီးသည့်နယ်ပယ် လေးခုကို ဆိုရမည်ဆိုလျှင် ဒီမိုကရေစီစနစ်ကို ထောက်ခံသည့်အဖွဲ့အစည်းများ၊ ပြည်သူ့ဝန်ဆောင်မှုများ၊ တရားဥပဒေစိုးမိုးရေးနှင့် လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးစသည့် နယ်ပယ်များဖြစ်သည်။

သတိပြုရမည့်အချက်မှာ ကောင်းမွန်သောအုပ်ချုပ်ရေးကို အကောင်အထည်ဖော်မတည်ဆောက်နိုင်လျှင်ဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် နေရာအနှံ့တွင်ဖြစ်တည်လာနိုင်ပြီး အပြည့်အဝဖွံ့ဖြိုးတိုးတက်မှုလည်း ရရှိနိုင်မည်မဟုတ်ပေ။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် လူ့အခွင့်အရေး မြှင့်တင်ခြင်းတို့သည် အရေးပါသည့်လမ်းကြောင်းတွင် တည်ရှိနေပါသည်။

**လူပုဂ္ဂိုလ်အားလုံး၏ တာဝန်**

ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် လူ့အခွင့်အရေး ဆက်စပ်နေမှုကိုသတိပြုမိလာပြီးနောက် မေးစရာရှိလာသည်မှာ ကောင်းမွန်သောအုပ်ချုပ်ရေးကိုမည်သို့တည်ဆောက်မည်နည်း၊ တည်ဆောက်ဖို့ရာမည်သူတို့တွင် တာဝန်ရှိသနည်း၊ ပြည်သူလူထုအခန်းကဏ္ဍသည် မည်သည့်နေရာတွင် ရှိနေပါသနည်းစသည့်မေးခွန်းများ ရှိလာနိုင်ပါသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်တည်လာရေးအတွက် ပြည်သူများအား လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ၎င်းတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာ၊ လူမှုရေးနှင့် ယဉ်ကျေးမှုအရေးအရာများတွင် ပါဝင်ဆွေးနွေးနိုင်ခွင့်အခြေအနေကိုဖန်တီးပေးရပါမည်။ ပြည်သူပြည်သားတိုင်း ၎င်းတို့၏အခွင့်အရေးများ ခံစားရယူနိုင်ရေး ဖြည့်ဆည်းပေးရပါမည်။

သို့ရာတွင် ကောင်းမွန်သောအုပ်ချုပ်ရေးဖြစ်တည်လာရေးသည် အစိုးရတစ်ခုတည်းတွင်သာ တာဝန်ရှိသည်မဟုတ် ပြည်သူပြည်သားများ၊ အုပ်ချုပ်ရေးမဏ္ဍိုင်ကောင်းမွန်စွာလည်ပတ်နိုင်ရေး ဆောင်ရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဒီမိုကရေစီစနစ်တွင် အရေးပါဆုံးဖြစ်သည့် လွှတ်တော်ကဏ္ဍစသည်တို့မှ လူပုဂ္ဂိုလ်အားလုံး၏ တာဝန်လည်းဖြစ်ပါသည်။ သိရှိထားရုံသက်သက် မဟုတ်လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ရမည့် တာဝန်လည်းရှိပါသည်။

**ကောင်းမွန်သော အုပ်ချုပ်ရေး**

ကောင်းမွန်သော အုပ်ချုပ်ရေးရှိမည်ဆိုပါက နိုင်ငံတော်သည် ၎င်း၏တာဝန်ဖြစ်သော ပြည်သူများ၏ လူ့အခွင့်အရေးများကို လေးစား၊ ကာကွယ်၊ ဖြည့်ဆည်းပေးခြင်းများကို ပိုမိုအလေးထားတာဝန်ယူ ဆောင်ရွက်နိုင်မည်လည်းဖြစ်သည်။ ပြည်သူလူထုအခြေပြု၊ ပြည်သူ့အသံ နားထောင်ခြင်း၊ ပြည်သူများပါဝင်လှုပ်ရှားခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေးရရှိအောင် ဆောင်ရွက်ရပါမည်။ ကောင်းမွန်သောအုပ်ချုပ်ရေးရရှိရန်နှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေများထုတ်ပြန်ခြင်းနှင့် ဥပဒေများသည် ပြန်လည်ပြင်ဆင်ရန် လိုအပ်ပါက ပြန်လည်ပြင်ဆင်ရမည်လည်းဖြစ်သည်။ လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေးတွင် ပွင့်လင်းမြင်သာမှုနှင့် အပြည့်အဝပူးပေါင်းပါဝင်ခြင်းမှသည် ကောင်းမွန်သောအုပ်ချုပ်ရေးရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

**မဖြစ်မနေအကောင်အထည်ဖော်**

ကောင်းမွန်သောအုပ်ချုပ်ရေးနှင့်စပ်လျဉ်းပြီး စာရေးသူကြိုက်နှစ်သက်သည့် အဆိုအမိန့် စကားလေးကိုးကားပါရစေ။ Dune စာအုပ် ရေးသားသူ Frank Herbert ကဆိုထားခဲ့သည့် စကားဖြစ်ပါသည်။ "ကောင်းမွန်သောအုပ်ချုပ်ရေးသည် ဘယ်သောအခါမျှ ဥပဒေများအပေါ် မူမတည်ပါ၊ ၎င်းသည်အုပ်ချုပ်ရေးကို ဆောင်ရွက်နေကြသူများ၏ ပင်ကိုအရည်အသွေးပေါ်တွင်သာ မူတည်ပါသည်"ဟုဆိုထားခဲ့ပါသည်။ "Good governance never depends upon laws, but upon the personal qualities of those who govern". အကောင်းဆုံး၊ အမှန်ကန်ဆုံး၊ ခေါင်းဆောင်မှုပြုနိုင်သူ၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားသူ ခေါင်းဆောင်ကို ရွေးချယ်ခြင်းသည် ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်တည်လာရေးကို ရွေးချယ်ခြင်းဟုဆိုချင်ပါသည်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတစ်နိုင်ငံတွင် ဥပဒေစိုးမိုးမှုရှိပြီး လူ့အခွင့်အရေးများရရှိခံစားနိုင်ရေးအတွက် ကောင်းမွန်သောအုပ်ချုပ်ရေးကို မဖြစ်မနေ အကောင်အထည်ဖော်တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။

> ကောင်းမွန်သော အုပ်ချုပ်ရေးသည် ဘယ်သောအခါမျှ ဥပဒေများအပေါ် မူမတည်ပါ၊ ၎င်းသည် အုပ်ချုပ်ရေးကို ဆောင်ရွက်နေကြသူများ၏ ပင်ကိုအရည်အသွေးပေါ်တွင်သာမူတည် . . .
> အကောင်းဆုံး၊ အမှန်ကန်ဆုံး၊ ခေါင်းဆောင်မှုပြုနိုင်သူ၊ ကိုယ်ရည်ကိုယ်သွေးမြင့်မားသူ ခေါင်းဆောင်ကို ရွေးချယ်ခြင်းသည် ကောင်းမွန်သောအုပ်ချုပ်ရေး ဖြစ်တည်လာရေးကို ရွေးချယ်ခြင်းဟု . . .

## ချင်းတွင်းအထက်ပိုင်းဒေသထွက် ငါးကျပ်တင်ခြောက်များ အိန္ဒိယနိုင်ငံသို့တင်ပို့မှု နောက်ကျ



**တမူး အောက်တိုဘာ ၆**

ချင်းတွင်းမြစ်အထက်ပိုင်း ဒေသများရှိ သဘာဝအင်းများနှင့် ချောင်းများမှထွက်ရှိသော ငါးပြက်၊ ငါးလူးနှင့် တီလားဗီးယားများကို မီးဖြင့်အပူပေး၍ ကျပ်တင်ခြောက်များအဖြစ် ပြုလုပ်ကာ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ နှစ်စဉ်စက်တင်ဘာလလယ်မှစတင်ပြီး တင်ပို့လျက်ရှိရာ ယခုနှစ်မိုးရာသီတွင် ချင်းတွင်းမြစ်ရေကြီးမြင့်ပြီး သဘာဝအင်းများနှင့် ချောင်းများ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ငါးကျပ်တင်ခြောက်တင်ပို့နိုင်မှု နောက်ကျလျက်ရှိကြောင်း သိရသည်။

"ငါးကျပ်တင်ခြောက်တွေက ဟုမ္မလင်းမြို့နယ်နဲ့ဖောင်းပြင်မြို့နယ်တွေရဲ့ အင်းတွေမှာထွက်တဲ့ ငါးပြက်၊ ငါးလူးနဲ့ တီလားဗီယားငါး အကောင်ငယ်တွေကို မီးနဲ့ကျပ်တင်အခြောက်ခံတင်ပို့ရောင်းချတာပါ။ အခုနှစ်မှာတော့ ချင်းတွင်းမြစ်ရေက သုံးကြိမ်ပြန်ပြီးတက်တယ်။ ငါးကျပ်တင်ခြောက်ထုတ်တဲ့ ချင်းတွင်းအထက်ပိုင်းဒေသတွေမှာ မြစ်ရေက အခုမှကျခါစပဲရှိသေးတဲ့အတွက် ငါးကျပ်တင်ခြောက် မထုတ်လုပ်နိုင်သေးပါဘူး။ မနှစ်က ဒီအချိန်ဆိုရင် ပို့သင့်သလောက် ပို့နေရပြီ။ ရာသီဥတုတွေကလည်း အခုနောက်ပိုင်းတွေမှာ နှစ်စဉ် မိုးရွာသွန်းမှုတွေများပြီး ချင်းတွင်းမြစ်ရေက နှစ်စဉ်မြင့်တက်တဲ့အတွက် ချောင်းတွေနဲ့ သဘာဝအင်းတွေ ရေမြုပ်မှုတွေဖြစ်တယ်။ နောက်ပြီး အင်းတွေထဲမှာ သားငါးတင်ကျန်မှုကလည်း နည်းလာတဲ့အတွက် ၂၀၁၅ ခုနှစ်နောက်ပိုင်းမှာ ငါးကျပ်တင်ခြောက် ထုတ်လုပ်နိုင်မှုက နည်းလာတယ်လို့ပြောရမယ်။ ဒီနှစ်ဆို စက်တင်ဘာလကုန်တဲ့အထိ ငါးကျပ်တင်ခြောက်က မထုတ်လုပ်နိုင်တဲ့အတွက် တင်ပို့ရောင်းချမှု မလုပ်နိုင်သေးဘူး" ဟု တမူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ထွန်းက ပြောသည်။

ချင်းတွင်းမြစ်အထက်ပိုင်းဒေသများဖြစ်သော ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်များရှိ သဘာဝအင်းများနှင့် ချောင်းများမှ ထွက်ရှိသော ငါးပြက်၊ ငါးလူးငါးနှင့် တီလားဗီးယားငါးငယ်များကို နှစ်စဉ် စက်တင်ဘာလလယ်မှ မတ်လအထိ ငါးကျပ်တင်ခြောက်များပြုလုပ်ပြီး အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်မှုအရ စက်တင်ဘာလကုန်အထိ တင်ပို့ရောင်းချနိုင်ခြင်း မရှိသေးကြောင်းနှင့် ၂၀၁၆ ခုနှစ်တွင် ငါးကျပ်တင်ခြောက်တန်ချိန် ပိဿာ ၄၀ တင်ပို့နိုင်ခဲ့ကြောင်း တမူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

# သီတင်းကျွတ်လပြည့်နေ့တွင် ပုဂံဒေသ၌ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကား



**ညောင်ဦး အောက်တိုဘာ ၆**
ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) တွင် ပြည်တွင်း ပြည်ပဘုရားဖူးဧည့်သည်များ အများအပြားလာရောက်လည်ပတ်ကြရာ အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်က ရက်ရှည်ရုံးပိတ်ရက် လည်းရ ကျောင်းသား ကျောင်းသူတွေကျောင်းပိတ်ရက်လည်းဖြစ်နေတော့ ယမန်နှစ်ကထက်ကို ပြည်တွင်းဧည့် သည်လာတာပိုများတယ်။ တန်ခိုးကြီးဘုရားတော်တော်များများမှာဆိုရင် ကားတွေကျပ်ပြီး ယာဉ်ကြောပိတ်ဆို့တာတွေတောင်ဖြစ်နေတယ်။ နေဝင်ချိန်ကြည့်တဲ့ အချိန်ဆိုပိုများတယ်။ ကားတွေအလွန်ကျပ်တော့ တချို့ဆို ရှုခင်းအလှတောင်မကြည့်လိုက်ရဘူး။ လှည့်ပြန်ခဲ့ရတယ်" ဟု ပြည်တွင်းခရီးသွားဧည့်လမ်းညွှန်တစ်ဦးက ပြောသည်။

ယခုနှစ်တွင် ပြည်တွင်းဘုရားဖူးဧည့်သည် အများအပြားလာရောက်မှုကြောင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင် လပြည့်နေ့ မတိုင်မီ ရက်သတ္တပတ်ကတည်းကပင် ကြိုတင်မှာယူထားသည့် အခန်းများနှင့် ပြည့်နှက်နေကြောင်း၊ အချို့ပြည်တွင်းဘုရားဖူးဧည့်သည်များမှာ ညောင်ဦးနှင့် ပုဂံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် တည်းခိုနေထိုင်လျက်ရှိရာ အဆိုပါကျောင်းများတွင်လည်း နေရာလပ်မကျန်အောင် များပြားလျက်ရှိရာ ဘုရားဖူးလာရောက်သည့်ဧည့်သည် အချို့ညအိပ်တည်းခိုရန် အခက်အခဲဖြစ်နေကြောင်း သိရသည်။

"နောက်တစ်ခါ ပုဂံကိုဘုရားဖူးလာရင် တည်းခိုစရာကြိုတင်မှာပြီးမှ လာရမယ်ဆိုတာ အခုတော့ သိသွားပြီ။ အခုကျွန်မတို့တော်တော် အခက်အခဲဖြစ်တယ်။ ယောကျ်ားသားတွေက ကားပေါ်မှာအိပ်လို့ရတယ်။ ကျွန်မတို့ မိန်းကလေးတွေကျတော့ မသင့်တော်ဘူးလေ။ ပုဂံမှာဘုရားဖူးရတာတော့ စိတ်ထဲမှာကြည်နူးပျော်ရွှင်မိတယ်။ ဒါကျွန်မတို့အတွက် အမြတ်ပါပဲ"ဟု ရန်ကုန်မြို့မှ ဘုရားဖူးလာရောက်သည့် ဧည့်သည်တစ်ဦးက အခက်အခဲကို ပြောပြသည်။

ယင်းသို့ ပြည်တွင်းပြည်ပဧည့်သည်အများအပြားလာရောက်မှုကြောင့် ညောင်ဦးနှင့် ပုဂံမြို့ပေါ်ရှိ စားသောက်ဆိုင်များ၊ မြန်မာမှု အနုပညာလက်ရာပစ္စည်းရောင်းချသူများ၊ အမှတ်တရပစ္စည်းရောင်းချသည့်ဆိုင်များ၊ ရိုးရာအဝတ်အထည်ဆိုင်များ ရောင်းအားကောင်းလျက်ရှိပြီး ဒေသတွင်းခရီးသွားအနေးယာဉ်၊ အမြန်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများ၊ စက်ဘီးနှင့် လျှပ်စစ်စက်ဘီး ငှားရမ်းကြသူများ လုပ်ငန်းတွင်ကျယ်လျက်ရှိကြောင်း သိရသည်။

သီတင်းကျွတ်လပြည့်နေ့ ညအချိန်တွင် ပုဂံဒေသရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် ရွှေစည်းခုံ၊ အာနန္ဒာ၊ အလိုတော်ပြည့်၊ ဗူးဘုရား၊ လောကနန္ဒာ၊ ထီးလိုမင်းလို အစရှိသည့်ဘုရားများတွင် ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များက ဆီမီးများထွန်းညှိပူဇော်လျက်ရှိရာ အထူးစည်ကားနေကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**



# မန္တလေးဆိုင်ကယ်ဈေးကွက်အေးပြီးဈေးနှုန်းတည်ငြိမ် ဝန်ထမ်းပေါင်းစုံအသင်းနှင့် ကုမ္ပဏီများမှအရစ်ကျရောင်းချ

**မဟာအောင်မြေ အောက်တိုဘာ ၆**
မန္တလေးဆိုင်ကယ်ဈေးကွက်တွင် သီတင်းကျွတ်ကာလ အရောင်းအဝယ်များအေးလျက်ရှိပြီး ဈေးနှုန်းများတည်ငြိမ်နေသည်။ နောက်ဆုံးဝင်ရောက်သော မော်ဒယ်သစ်ဆိုင်ကယ်များ အရောင်းအဝယ်သွက်လျက်ရှိသည်။

အော်တိုဂီယာ၊ ကလစ်ဆိုင်ကယ်များ၊ Scoopyဆိုင်ကယ်များ၊ Finoဆိုင်ကယ်များ၊ အိန္ဒိယနိုင်ငံထုတ်အမျိုးသားစီး FZ ဆိုင်ကယ်များမှာ လူငယ်ကြိုက် အမျိုးအစားဖြစ်သောကြောင့်အရောင်းအဝယ်ကောင်းမွန်ကြောင်း မဟာအောင်မြေမြို့နယ် (၈၂) လမ်းနှင့် (၃၇) လမ်းထောင့်ဆိုင်ကယ်ဈေးကွက်နှင့် (၅၉) လမ်းဆိုင်ကယ်ဈေးကွက်များမှ သိရသည်။

မန္တလေးမြို့သို့ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှဆိုင်ကယ်များဝင်ရောက်လျက်ရှိရာ ထိုင်းနိုင်ငံထုတ်အော်တိုဂီယာ Click ဆိုင်ကယ်များမှာငွေကျပ် ၂၂ သိန်းခန့်၊ ထိုင်းတစ်ပတ်ရစ် Click ဆိုင်ကယ်များမှာငွေကျပ် ၁၅ သိန်းခန့်၊ Scoopy အမျိုးအစား ဆိုင်ကယ်များမှာ ငွေကျပ် ၁၆ သိန်းခန့်၊ အိန္ဒိယနိုင်ငံထုတ် TVS အမျိုးအစား Click ဆိုင်ကယ်များမှာ ငွေကျပ် ၁၂ သိန်းခန့်၊ အိန္ဒိယဒလက် ၁၁၀ စီစီ အကြမ်းခံဆိုင်ကယ်များမှာ ငွေကျပ် ကိုးသိန်းခန့်၊ တရုတ်နိုင်ငံထုတ် Click ဆိုင်ကယ်များမှာ ငွေကျပ် ရှစ်သိန်းခန့်၊ ၁၂၅ စီစီရုပ်ဆိုးဆိုင်ကယ်များမှာ ငွေကျပ် ခြောက်သိန်းခန့်၊ စီဇက်အိုင်ဆိုင်ကယ်များမှာ ငွေကျပ် လေးသိန်းခွဲခန့်ရှိ သည်။

တရုတ်နိုင်ငံ နာမည်ကြီးလော့ဂျားဆိုင်ကယ်များလည်း ဈေးကွက်ဝင်ရောက်ပြီး ကျပ်ခြောက် သိန်းခန့်ရှိသည်။ ဂျာလင်းဆိုင်ကယ်များလည်းဈေးကွက် ဝင်ရောက်ပြီး ကုမ္ပဏီများနှင့် မဟာအောင်မြေမြို့နယ် (၃၅) လမ်းနှင့် လမ်း (၉၀) ထောင့်ရှိ မန္တလေးတိုင်းဒေသကြီးအစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်းတို့မှ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံထုတ်ဆိုင်ကယ်များကို ၁၂ လ အရစ်ကျစနစ်ဖြင့် ဝန်ထမ်းများနှင့်ပြည်သူများအား ရောင်းချပေးလျက်ရှိသည်။ ဂျပန်နိုင်ငံမှလည်း ယာမဟာ အမျိုးအစား အမျိုးသားစီးဆိုင်ကယ်များ ဝင်ရောက်လျက်ရှိရာ ကျပ်သိန်း ၉၀ ဝန်းကျင်ရှိသည်။ **သီဟကိုကို(မန္တလေး)**

# မြို့ခံများနှင့် ဘုရားဖူးများအလေးထားသည့် စစ်ကိုင်းကောင်းမှုတော်ဘုရားမှ ထူးခြားသောရေကန်

**စစ်ကိုင်း အောက်တိုဘာ ၆**
စစ်ကိုင်းမြို့ဘုရားဖူးရောက်သူတိုင်းသွားရောက်ဖူးမြော်သော ဘုရားမှာ ကောင်းမှုတော်ဘုရားပင်ဖြစ်သည်။ ကောင်းမှုတော်ဘုရားသည် ထူးခြားပြီးစိတ်ဝင်စားဖွယ်ရာကောင်းသောစေတီပင်ဖြစ်သည်။ စေတီကိုအင်းဝခေတ် ညောင်ရမ်းမင်းဆက် သီရိသုဓမ္မရာဇာမဟာဓိပတိဘွဲ့ခံ သာလွန်မင်းကြီးက သက္ကရာဇ် ၉၉၈ ခုနှစ်တွင်တည်ထားခဲ့သည်။ ဘုရားထီးမတင်မီ သာလွန်မင်းနတ်ရွာစံသည့်အတွက် သားတော်ပင်းတလဲမင်းက သက္ကရာဇ် ၁၀၁၁ ခုနှစ် ကဆုန်လဆန်း(၈)ရက်နေ့တွင် ထီးတော်တင်လှူခဲ့သော စေတီပင်ဖြစ်သည်။

စေတီတော်မှာ ဉာဏ်တော် ၁၀၁ တောင်၊ ထီးတော် ၂၆ ပေ၊ စေတီလုံးပတ် ပေ ၈၈၀၊ အချင်း ပေ ၂၈၀ ၉ လက်မရှိသည်။ စစ်ကိုင်းကောင်းမှုတော်သို့ရောက်သူတိုင်း ဘုရားကို ပတ်ကာဖူးမြော်ပြီးသည်နှင့် ထူးခြားသောကန်ဆီ သွားရောက်လေ့ရှိသည်။ ထိုကန်မှာကောင်းမှုတော်စေတီနံဘေးမှ ထူးခြားသောမေတ္တာကန်ပင်ဖြစ်သည်။ မေတ္တာကန်တည်ထားမှုနှင့်ပတ်သက်သော နောက်ခံသမိုင်းတွင် ကောင်းမှုတော်စေတီတည်ရန် မြေနေရာညွှန်ပြသူ သိကြားမင်း၏မေတ္တာရပ်ခံချက်ကြောင့် စေတီတော်မြောက်ဘက်တွင် ရေကန်တူးဖော်ခဲ့ရာမှသည် မေတ္တာကန်ဟုတွင်ခဲ့ကြောင်း ဆိုထားသည်။

မေတ္တာကန်နှင့်ပတ်သက်၍ရှေးအစဉ်အဆက်ကတည်းက ယုံကြည်မှုများစွာရှိကြသည်။ ထူးခြားသော မေတ္တာကန်မှာအရှေ့အနောက်အလျား ၂၉၉ ပေ ၆ လက်မရှိသည်။ စစ်ကိုင်းကောင်းမှုတော်ရောက်သူတိုင်း မေတ္တာကန်ဘက်သို့သွားကာ ငါးစာကျွေးခြင်း၊ လမ်းလျှောက်ကာ ကောင်းမှုတော်ဘုရားကို အဝေးမြင်ကွင်းမှ ဖူးမြော်ကြသည်။ ကောင်းမှုတော်ဘုရားဘေးမှလှပစွာ တည်ရှိနေသော မေတ္တာကန်၏ထူးခြားမှုကို ယနေ့တိုင်လက်ခံယုံကြည်ကာ စည်းကမ်းတကျလိုက်နာကြကြောင်း သိရသည်။

စစ်ကိုင်းကောင်းမှုတော်နံဘေးမှ မေတ္တာကန်တွင် ထူးခြားချက် ခုနစ်ချက်ရှိသည်။ ထိုထူးခြားချက်များမှာ အခါခပ်သိမ်းရေမခန်းခြင်း၊ ရေပြင်တွင်သစ်ရွက်အမှိုက်ရေညှိတို့မရှိခြင်း၊ ရှေးခေတ်ကတိုင်းပြည်အန္တရာယ်ကျရောက်လုချိန်တွင် ကန်ရေပြင်သည်ဆန်ဆေးရေကဲ့သို့ နောက်ကျိလာခြင်း၊ ကန်တွင်းသို့အမျိုးသမီးများရေဆင်းချိုးခြင်း၊ ကန်ရေကိုအမင်္ဂလာကိစ္စများတွင် အသုံးပြုမိပါက ဘေးဥပဒ်ကျရောက်တတ်ခြင်း၊ မယုံကြည်၍ ကန်တွင်းမှငါးလိပ်တို့ကို ဖမ်းယူစားသောက်ပါကသိသိသာသာဒုက္ခရောက်တတ်ခြင်း၊ ကန်ရေကိုမျက်စဉ်းခတ်မှု၊ သောက်သုံးမှုပြုပါက ရောဂါဝေဒနာသက်သာခြင်း၊ နှစ်ပေါင်း ၃၆၀ ကျော်ကြာမြင့်သော်လည်း ကန်ရေသည်နောက်ကျိပုပ်သိုးမှုမရှိခြင်းဆိုသောအချက်များပင်ဖြစ်သည်။

လက်ရှိကာလတွင် စစ်ကိုင်းကောင်းမှုတော်ရောက် ဘုရားဖူးများသည် ထူးခြားသောမေတ္တာကန်ကိုအရောက်သွား၍ ငါးစာ၊ လိပ်စာကျွေးခြင်းများပြုလုပ်ကာ ကုသိုလ်ယူလေ့ရှိကြသည်။ မေတ္တာကန်မှသည် ကောင်းမှုတော်ဘုရား၏ အဝေးမြင်ကွင်းကို ဖူးမြော်လေ့ရှိကြပြီး အေးချမ်းစွာ လမ်းလျှောက်ကာသွားလာလေ့ရှိကြောင်း သိရသည်။ **တိမ်တမန်**

# မင်္ဂလာမန္တလေးဖွင့်လှစ်မှုသုံးနှစ်ပြည့်အထိမ်းအမှတ် ဈေးရောင်းပွဲတော်တွင် မြန်မာမှုအကအလှများ၊တေးသီချင်းများဖြင့်ဖျော်ဖြေ၍ လာရောက်သူများပြား

**ချမ်းမြသာစည် အောက်တိုဘာ ၆**
မင်္ဂလာမန္တလေး ဖွင့်လှစ်မှုသုံးနှစ်ပြည့် အထိမ်းအမှတ် သီတင်းကျွတ်ဈေးရောင်းပွဲနှင့်မြန်မာမှုအကအလှများ၊ နိုင်ငံကျော်တေးသံရှင်များ၏ဖျော်ဖြေတင်ဆက်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၅ ရက် ညနေ ၆ နာရီက ချမ်းမြသာစည်မြို့နယ် (၇၃) လမ်း မင်္ဂလာမန္တလေးလမ်းလျှောက်ဈေး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အမှုဆောင်များ၊ စပွန်ဆာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်အားပေးပြီး ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အလင်းသစ် မြန်မာ့ယဉ်ကျေးမှုအကအဖွဲ့၊ ဖျော်ဖြေမှု၊ N.Y.M Dancer Group မှဖျော်ဖြေခြင်း၊ စိန်စမွယ်ဖူးစိန်တိုက်မှ လက်ဝတ်ရတနာများကို မော်ဒယ်များဖြင့်ပြသခြင်း၊ Aroma Zula Fashion Showပြသခြင်း၊ ဒီဇိုင်နာမျိုးမင်းစိုးက မင်္ဂလာဝတ်စုံများပြသခြင်း၊ နိုင်ငံတော်တေးသံရှင် ဖြူဖြူကျော်သိန်း၊ အောင်ထက်၊ အိပ်မက်ဆုံရာ တေးသံရှင် ပိုင်ပိုင်၊ ချစ်ဇွဲသာတို့က တေးသီချင်းများဖြင့်ဖျော်ဖြေကြသည်။



မင်္ဂလာမန္တလေး သီတင်းကျွတ်အထူးဈေးရောင်းပွဲတော်တွင် ပြည်တွင်း ပြည်ပ ကုမ္ပဏီများမှလူသုံးကုန်၊ အလှကုန်၊ အဝတ်အထည်နှင့်စားသောက်ကုန်များကို ဆိုင်ခန်းပေါင်း ၈၀ ကျော်ဖွင့်လှစ်ကာ အထူးနှုန်းများဖြင့် ရောင်းချပေးရာ လာရောက်လေ့လာသူဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။ မင်္ဂလာမန္တလေးဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၆ ရက် အထိ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ရောင်းချပေးခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# ပုလဲမြို့ဆင်မြတ်ရှင်ဘုရား ဗုဒ္ဓပူဇနိယ မဟာဒုက်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပုလဲ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့၌ (၈၈) ကြိမ်မြောက် သမိုင်းဝင်ဆင်မြတ်ရှင်ဘုရား ဗုဒ္ဓပူဇနိယ မဟာဒုက်ပွဲတော်ကို ၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်မှ ၅ ရက်ထိ (အောက်တိုဘာ ၈ ရက် မှ ၁၀ ရက်ထိ) စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"သမိုင်းဝင် ဆင်မြတ်ရှင်ဘုရားရဲ့ ဗုဒ္ဓပူဇနိယမဟာဒုက်ပွဲတော်ကို ၁၂၉၁ ခုနှစ်လောက်က စတင်ကျင်းပခဲ့ရာ အခုနှစ်ဆိုရင် (၈၈) ကြိမ်မြောက် ရောက်ခဲ့ပါပြီ။ ဆရာ၊ ဒကာ ညီညွတ်စွာဖြင့် လက်တွဲညီညီဆောင်ရွက်ခဲ့တာကြောင့် ဘုရား၊ စေတီ၊ တန်ဆောင်းတို့မှာ လျှပ်စစ်မီး၊ ဆလိုက်မီးတို့နဲ့ ခမ်းခမ်းနားနား ဖြစ်နေပါပြီ။ အရင်နှစ်က ဌာနဆိုင်ရာတွေ၊ မြို့ပေါ်ရပ်ကွက်တွေ၊ ပုဂ္ဂလိကအလှူရှင်တွေနဲ့ ကျေးရွာတွေက လှူဒါန်းတဲ့သပိတ်လုံးပေါင်း ၄၇လုံးနဲ့ အလှူငွေပေါင်း သိန်း ၁၂၀ ကျော်ရရှိခဲ့ပါတယ်။ အဲဒီ ဆွမ်းသပိတ်လုံးတွေက လှူဒါန်းတဲ့ ဗုဒ္ဓပူဇာအလှူငွေတွေနဲ့ နှစ်စဉ် ဘုရားလောင်း ပလလဲတောအုပ်မှာ ဆင်မင်းဘဝက နေထိုင်ခဲ့တဲ့ သမိုင်းမှတ်တမ်းပန်းချီကားများ၊ ဆင်ဖြူတော်ရုပ်တုနဲ့ ဇရပ်၊ သာသနိကအဆောက်အအုံတွေ၊ ဘုရားရင်ပြင်ကြွေပြားခင်းခြင်းလုပ်ငန်းတွေ၊ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ခဲ့ပြီး ဗုဒ္ဓပူဇာအလှူငွေတွေကို မြန်မာ့စီးပွားရေးဘဏ်မှာ ငွေစုစာအုပ်ပြုလုပ်ပြီး စနစ်တကျထိန်းသိမ်းထားရှိပါတယ်" ဟု မြို့မိမြို့ဖဦးညွန့်ငွေက ပြောသည်။

ပုလဲမြို့၌ ကျင်းပမည့် (၈၈) ကြိမ်မြောက် သမိုင်းဝင်ဆင်မြတ်ရှင်ဘုရားဗုဒ္ဓပူဇနိယမဟာဒုက်ပွဲတော်တွင် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်ညမှ စတင်၍ မြို့ပေါ်ရပ်ကွက်များ၌ မြန်မာ့ဆိုင်းတော်မင်္ဂလာနှင့် တွဲဖက်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှပဒေသာများဖြင့် ညှော့ခံဖျော်ဖြေခြင်း၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၏ ဆွမ်းသပိတ်လုံးများ၊ ပုဂ္ဂလိက ဆွမ်းသပိတ်လုံးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၏ ဆွမ်းသပိတ်လုံးများ၊ လှူဖွယ်ပစ္စည်းများ၊ ပဒေသာပင်များဖြင့် စီတန်းလှည့်လည်ကာ ဆင်မြတ်ရှင် ဘုရားရင်ပြင်တော်၌ စုစည်းကြပြီး နံနက် ၁၀ နာရီတွင် ပင့်သံဃာအပါး ၅၀ ကျော်နှင့် ဆင်မြတ်ရှင်ဘုရား၏ မြသပိတ်တော်ကို စာရေးတံမဲဖောက် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**



# မိုးသည်းထန်စွာ ရွာသွန်းခဲ့သော်လည်း မကွေးမြသလွန်စေတီတော်မြတ်၌ ဆီမီးထွန်းပွဲကျင်းပ

**မကွေး အောက်တိုဘာ ၆**

ဘီလူးကပင်စိတ်ကောင်းဝင်လျက် မြတ်ဗုဒ္ဓ၏ကိုယ်ပွားမြသလွန်ပရိဘောဂစေတီတော်မြတ်ကြီးကို ပူဇော်ခွင့်ဆောင်ကြဉ်းနိုင်ခဲ့သည့် မကွေးမြို့၌ အောက်တိုဘာ ၅ ရက် ညနေပိုင်းက (၂၉) ကြိမ်မြောက် ဆီမီးကိုးထောင်ပူဇော်ပွဲကျင်းပနေစဉ် မိုးသည်းထန်စွာရွာသွန်းမှု ကြုံတွေ့ခဲ့ရသော်လည်း အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ခဲ့ကြောင်း မြသလွန်ဂေါပက အဖွဲ့မှ သိရသည်။

"မွန်းလွဲ ၂ နာရီလောက်ကတည်းက ဆီမီးကိုးထောင်ထွန်းညှိပူဇော်ဖို့ ကြိုတင်ပြင်ဆင်ထားခဲ့ပါတယ်။ ထွန်းညှိချိန်ရောက်မှ အရှေ့အရပ်က မိုးသားတွေတက်လာပြီး ရွာချတာ။ ရင်ပြင်တော်ရေထွက်ပိုက်တွေကနေ ရေတွေ တစ်ဟုန်ထိုးဆင်းပြီး ဆီမီးခွက်တွေ ရေနဲ့ပါကုန်တာတွေရှိခဲ့ပါတယ်။ ကုသိုလ်တော်ပြုအဖွဲ့တွေကလည်း မိုးရွာနေတဲ့ကြားက မရရအောင်ပူဇော်ခဲ့ကြပါတယ်။ ဆီမီး ၄၅၀၀ လောက်တော့ ပူဇော်နိုင်ခဲ့ပါတယ်။ အနည်းဆုံး ၅၀ ရာခိုင်နှုန်း အောင်မြင်တယ်လို့ ပြောနိုင်ပါတယ်" ဟု မြသလွန်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးအေးကျော်က ပြောသည်။

၂၀၁၃ ခုနှစ်ကလည်း (၂၅) ကြိမ်မြောက်ဆီမီးပူဇော်ပွဲ၌ ရာသီဥတုဆိုးရွားမှု ကြုံတွေ့ခဲ့ရပြီး ဆီမီးခွက်များပြင်ဆင်မှု မပြုမိဖြစ်ပွားခဲ့ခြင်းကြောင့် ပူဇော်မှုရပ်ဆိုင်းခဲ့ရဖူးကြောင်း၊ ယခုနှစ်တွင် မြသလွန်စေတီတော် ဝေယျာဝစ္စအသင်း ၁၅ သင်းမှ အသင်းသူ အသင်းသားများနှင့် စေတနာရှင်ပြည်သူ အင်အား ၁၀၀၀ ကျော်ဖြင့် မွန်းလွဲ ၂ နာရီကတည်းက နှမ်းဆီ ပိဿာ ၂၀၀ ကျော်သုံးကာ ဆီမီးများ ပြင်ဆင်ထားသည့်အတွက် မိုးရွာသွန်းနေသည့်ကြားက ဆက်လက်ပူဇော်ခဲ့ကြောင်း ဂေါပကအဖွဲ့ဝင် ဦးဝင်းနိုင်တင်ထံမှ သိရသည်။

"ရာသီဥတုအနေထားအရ မီးထွန်းပွဲစတင်ကျင်းပဖို့ ကြော်ငြာတဲ့အချိန်မှာ လူအုပ်ကြီးက အပြေးလွှားတိုးဝှေ့ကြည့်ကြတာပေါ့။ ပွဲစတဲ့အချိန်မှာပဲ မိုးကသည်းကြီးမည်းကြီးရွာချလိုက်တာ။ မိုးတွေ လေတွေကြားထဲက လာကြည့်တဲ့သူတွေ၊ ဆက်ပြီးဆီမီးပူဇော်တဲ့သူတွေရဲ့ သဒ္ဓါစိတ်ကတော့ အံ့သြကြည်ညိုစရာပါပဲဗျာ" ဟု အထက်မင်းလှမြို့နယ်မှ လာရောက်ဘုရားဖူးသူတစ်ဦးက ပြောသည်။

အောက်တိုဘာ ၅ ရက် (သီတင်းကျွတ်လပြည့်နေ့) နံနက်ပိုင်းက ပန်းကိုးထောင်ပူဇော်ပွဲ၊ ဆွမ်းလောင်းလှူပွဲများ ကျင်းပခဲ့ပြီး ဆီမီးထွန်းရန် စေတီတော်နံရံကြီး၌ ဆီမီးခွက်များပြင်ဆင်ခြင်း၊ ဧရာဝတီ မြစ်ပြင်၌ ပထမဆုံးအကြိမ် မီးကြာခွက် မျှောပွဲကျင်းပခြင်းများ ဆောင်ရွက်ခဲ့သည်။

ယခုနှစ်ဆီမီးထွန်းပွဲအတွေ့အကြုံကြောင့် လာမည့်နှစ်များအတွက် ကြိုတင်ပြင်ဆင်မှုများ၊ ပူဇော်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အရန်အစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**သတင်း-ဧယျာတု(မကွေး)**

**ဓာတ်ပုံ-ဟိန်းလင်း(မကွေး)**



မြန်မာတို့၏ ကောင်းမှုကုသိုလ်ပြုရာ နေ့ထူးနေ့မြတ်ဖြစ်သည့် အောက်တိုဘာ ၅ ရက် (သီတင်းကျွတ်လပြည့်နေ့)က မိတ္ထီလာမြို့ မိုးကောင်းအန္တကူရေလယ်ဘုရားတွင် ဒေသခံဘုရားဖူးလာရောက်သူများဖြင့် စည်ကားခဲ့သည်။

ထို့အပြင် ဓမ္မသုခရွှေစည်းခုံစေတီတော်၊ နဂါးရုံမဟာဗောဓိစေတီတော်၊ ရွှေမြင်တင်စေတီတော်၊ အောင်သိဒ္ဓိစေတီတော်တို့တွင်လည်း ဆီမီးထွန်းညှိပူဇော်သူ၊ ဘုရားဖူးသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ထိုင်းနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာအလုပ်သမားများ ကော့သောင်းနယ်စပ်ဂိတ်မှ ဆက်လက်ဝင်ရောက်

**ကော့သောင်း အောက်တိုဘာ ၆**

ထိုင်းနိုင်ငံအတွင်း အလုပ်သွားရောက်လုပ်ကိုင်လျက်ရှိသည့်အထောက်အထားမဲ့ မြန်မာအလုပ်သမား အမျိုးသား ၃၅ ဦး ၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၃၆ ဦးတို့သည် အောက်တိုဘာ ၅ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ရေလမ်းခရီးဖြင့် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည်။

ပြန်လည်ဝင်ရောက်လာကြသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက မြို့မဆိပ်ကမ်းတံတားတွင် ကြိုဆိုကြကာ အစားအသောက်များ လှူဒါန်းကျွေးမွေးကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကော့သောင်းခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အလုပ်သမားများ၏ နေရပ်ဒေသများဖြစ်သည့် မြိတ်၊ ထားဝယ်၊ မော်လမြိုင်၊ ရန်ကုန်မြို့တို့သို့ပြန်နိုင်ရေး မော်တော်ယာဉ်စီးနင်းခများနှင့် လမ်းခရီးတွင် စားသောက်ရန် ကုန်ကျစရိတ်များအား ကူညီပံ့ပိုးပေးခဲ့သည်။

ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ အထောက်အထားမဲ့ မြန်မာအလုပ်သမားဝင်ရောက်သူဦးရေ စုစုပေါင်း၂၃၅၅ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# ကမ္ဘာ့ဆရာများနေ့ အခမ်းအနား ဟားခါး၌ ကျင်းပ

**ဟားခါး အောက်တိုဘာ ၆**

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ဗိုလ်ကြွန်ဘိခ့်ခန်းမ၌ ကျင်းပရာ ဟားခါးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက အိုဘယ့်ဆရာ သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးဝီကောနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့ ကန်တော့ခံ ဆရာကြီး ဆရာမကြီး ၆၈ ဦးတို့အား ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကန်တော့ပစ္စည်းများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဟားခါးမြို့အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက မြတ်ဆရာသီချင်းဖြင့်ဂုဏ်ပြုသီဆိုကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

◆

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၈)တွင် ဖော်ပြပါရှိသော "တောင်သူလယ်သမားများ၏ နောင်ရေးစိတ်အေးရစေရန် တောင်သူလယ်သမားအသက်အာမခံဝန်ဆောင်မှုထားရှိနိုင်ပြီ" တွေ့ဆုံမေးမြန်းခန်း တတိယကော်လံ ဒုတိယပိုဒ်တွင် "တောင်သူတစ်ဦးက တစ်နှစ်အတွက် ပရီမီယံကြေး ကျပ်၅၀၀၀၀ (အစား) ကျပ် ၅၀၀၀ ပေးသွင်းထားတယ်ဆိုပါစို့" ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာရေးသူ)**

# လက်တွေ့အသုံးချဆေးနည်းတိုများ (၃၅)

ကြည်လွင်မြင့် (မုံရွာ)



**မေး။ ။ဆရာခင်ဗျာ။ ကျွန်တော်အနံ့မရတာ ၁၀ နှစ်ကျော်ပြီ။ မကြာခဏ နှာစေး၊ နှာပိတ် ဖြစ်တတ်ပါတယ်။ ခေါင်းတစ်ခြမ်းလည်း မကြာခဏကိုက်ပါတယ်။ တိုင်းရင်းဆေးနည်းလေးတွေ လမ်းညွှန်ပေးစေလိုပါတယ်။**

ဖြေ။ ။ကွမ်းရွက်ကိုလိပ်ပြီး နှာခေါင်းပေါက်အရွယ်အစားအတိုင်းပြုလုပ်ပါ။ နှာခေါင်းအတွင်းကို ဝင်နိုင်သလောက်ဝင်အောင် ကွမ်းရွက်လိပ်ကို ထည့်သွင်းပါ။ အသက်ရှူမကျပ်အောင် တစ်ဖက်ချင်း တစ်လှည့်စီပြုလုပ်ပါ။ ရက်ရှည်ပြုလုပ်ပေးရင် နှာခေါင်းအနံ့ ပြန်လည်ရရှိနိုင်ပါတယ်။ ကွမ်းရွက်ဟာ အာကာသပွင့်စေတဲ့ သတ္တိရှိပါတယ်။

**မေး။ ။ဆရာရှင့်။ ကျွန်မသမီးအသက် ငါးနှစ်အရွယ်ကလေးက ဖျားပြီး နှာစေး၊ ချောင်းဆိုးလို့ ကွမ်းရွက်၊ ချင်း၊ ထန်းလျက်ပြုတ်တိုက်ပါတယ်။ အဖျားကျသွားပြီး နောက်ရက်မှာ ချွေးတွေတအားထွက်လွန်းလို့ အကျီတွေ မကြာခဏလဲရပါတယ်။ ရေချိုးပေးလို့ရပါသလားရှင့်။ ဖျားပြီးဘယ်နှရက်မှာ ရေချိုးရမှာပါလဲရှင့်။ ညွှန်ကြားပေးပါ။**

ဖြေ။ ။အဖျားပြတ်ပြီး သုံးရက်မြောက်နေ့မှာ ရှေးလူကြီးတွေက ရေချိုးပေးလေ့ရှိပါတယ်။ ချွေးထွက်များရင် အပူကုန်အောင် အုန်းစိမ်းရည်တိုက်ပါ။ မနက် ၉ နာရီလောက် နေတက်ချိန်မှာ ရေချိုးခိုင်းပါ။ အပူကုန်ပြီး ချွေးထွက်လွန်တာ သက်သာနိုင်ပါတယ်။

**မေး။ ။ဆရာခင်ဗျာ။ လျှာဘေးနားမှာ အပူဖုပေါက်သလိုဖြစ်ပြီး နာနေပါတယ်။ ထမင်းစားလို့ မရပါ။ သက်သာမယ့်ဆေးနည်း သိလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။ ရှားစောင်းလက်ပပ်အနှစ်ကို ငုံထားပေးပါ။ ထမင်းကို ရေငှဲ့ချက်၊ ထမင်းရည်ပူပူမှာ ဆား အနည်းငယ်ခတ်ပြီး သောက်ပေးပါ။ လျှာအနာကို ပျားရည်တို့ပေးရင်သက်သာစေနိုင်ပါတယ်။

**မေး။ ။မင်္ဂလာပါဆရာ။ ကျွန်မသားလေးက ၂၅ ရက်သားရှိပါပြီ။ ကလေးက ဆီး၊ ဝမ်း၊ လေမှန်ပါတယ် ဆရာ။ ကလေးက တအားညှစ်ညှစ်နေပါတယ်။ ညှစ်ပြီဆိုရင် အသားအရေကအစ အရောင်တွေပြောင်းသွားပါတယ်။ ဘာများဖြစ်နိုင်မလဲဆိုတာ ဖြေကြားပေးပါဆရာ။**

ဖြေ။ ။ကလေးထွားရင် ညှစ်တယ်။ အသားလုပ်တာလို့ ရှေးလူကြီးတွေက ပြောကြပါတယ်။ ရောဂါမဟုတ်ပါ။ အန္တရာယ်မရှိပါ။ တချို့က ကလေးတအားညှစ်ရင်ဗိုက်နာမှာစိုးလို့ ခါးမှာ အပ်ချည်ကြိုးပတ်ပြီး ချည်ပေးကြပါတယ်။

**မေး။ ။မင်္ဂလာပါ ဆရာရှင့်။ သမီးဝမ်းချုပ်ရောဂါဖြစ်နေတာ တစ်နှစ်လောက်ရှိနေပါပြီရှင့်။ နည်းနည်းတော့ နေ့စဉ်သွားပါတယ်။ အားမရပါ။ ဆေးခန်းပြတာလည်း နေ့စဉ်ရေနှစ်လီတာသောက်ပါ။ ငှက်ပျောသီးမှည့်၊ သဘော်သီးမှည့်စားလို့ပြောပါတယ်။ ထူးခြားမလာပါဘူးရှင့်။ ဝမ်းနုတ်ဆေးအမျိုးမျိုးလည်း သောက်ဖူးပါတယ်။ နည်းနည်းကြာလာရင် ဆေးကယဉ်သွားပြီး ဝမ်းမသွားတော့ပါဘူးရှင့်။ အခုလောလောဆယ် ဝမ်းချုပ်တာ နှစ်ရက်ရှိပါပြီ။ ဝမ်းလုံးဝမသွားပါ။ ဘယ်လိုဆေးမျိုးသောက်သင့်တယ်ဆိုတာ အကြံလေးပေးပါရှင့်။**

ဖြေ။ ။ဝမ်းအောက်ကို သက်အောင် အူလှုပ်ရှားမှုလိုအပ်ပါတယ်။ အူလှုပ်ရှားမှုရှိအောင် နေ့စဉ်နှစ်မိုင်လောက် လမ်းလျှောက်ပေးဖို့ လိုအပ်ပါတယ်။ ဝမ်းနုတ်ဆေးတွေ စွဲသောက်ရင် အူထဲက သက်စောင့်အခွံအမြှေးတွေ ပါသွားနိုင်ပါတယ်။ မန်ကျည်းမှည့်က အူလှုပ်ရှားမှုကိုဖြစ်စေပြီး လူနဲ့တည့်ပါတယ်။ ဘေးထွက်ဆိုးကျိုးသိပ်မရှိပါ။ ဆားခါးကိုလှော်ပြီး ဟင်းစားဇွန်း တစ်ဇွန်းလောက် သောက်ပေးရင်လည်း ဝမ်းသက်စေနိုင်ပါတယ်။ ညအိပ်ရာဝင်ခါနီး မန်ကျည်းဖျော်ရည် တစ်ခွက်မှာ ဆားခါးလှော်ဟင်းစားဇွန်းတစ်ဇွန်းထည့်ဖျော်သောက်ပါ။ ဝမ်းကောင်းကောင်း သက်ပါလိမ့်မယ်။

**မေး။ ။ဆရာ။ သမီးသွားက ဝါနေပါတယ်။ ဖြူအောင်ဘယ်လိုလုပ်ရမလဲ။**

ဖြေ။ ။သံပရာသီးနဲ့ပွတ်၊ တမာရိုးပြာချသွားတိုက်ပေးရင် ဖြူလာနိုင်ပါတယ်။

**မေး။ ။ဆရာရှင့် ကျွန်မဘယ်ဘက်စောင်းအိပ်တတ်လို့ဘယ်ဘက်လက်မောင်းရင်းက အမြဲကိုက်ခဲနေပါတယ်။ ဇက်ကြောတွေတက်ပြီး လက်တွေက တစ်ခါတစ်ရံ ဓာတ်လိုက်သလို ကျဉ်တတ်ပါတယ်ရှင့်။ ကျေးဇူးပြုပြီး ဆေးနည်းလေးညွှန်ပြပေးစေလိုပါတယ်။**

ဖြေ။ ။ဇက်ကျိုးပေါင်း စစ်ဆေးကြည့်ပါ။ မုန်ညင်းဆီထဲမှာ ပရုတ်မှုန့်အနည်းငယ်ထည့်ချက်ပြီး လက်မောင်းနဲ့ ဇက်ကြောတွေကို လိမ်းပေးပါ။ ကျိုးပေါင်းရှိရင် ဖိအိပ်မိတဲ့အခါ လက်ကျဉ်တတ်ပါတယ်။ သဘော်ရွက်ကို ပျော့အောင်စိမ်ပြီး ဇက်ရင်းမှာကပ်ပေးပါ။ ကျိုးပေါင်းရောဂါသက်သာစေနိုင်ပါတယ်။

**မေး။ ။ဆရာခင်ဗျာ။ ကျွန်တော့်နားက နားဖာချေးခြောက်တွေ မကြာခဏပိတ်ပါတယ်။ နှမ်းဆီမီးနွေးပြီးထည့်လည်းမရပါ။ ဆီထည့်ပြီး နားကလော်တာ နားအတွင်းပိုင်းကို ထိခိုက်မိဖူးပါတယ်။ နားကလည်း ကိုက်သလိုဖြစ်နေပါတယ်။ ဆေးနည်းလေး လမ်းညွှန်ပေးပါခင်ဗျာ။**

ဖြေ။ ။ရေနွေးအဖန်ရည်ကျကျမှာ ဆားခါးတစ်ဇွန်း ပျော်အောင်ဖျော်ပါ။ နားအတွင်းကို ခပ်နွေးနွေး လောင်းထည့်ပါ။ ပြီးရင်ဘေးစောင်းလဲပြီး ပြန်ထုတ်ပါ။ အဲဒီလို နှစ်ကြိမ်၊ သုံးကြိမ်ပြုလုပ်ပေးရင် ဆားခါးရဲ့စုပ်ယူတဲ့ သတ္တိကြောင့် နားဖာချေးအဟောင်းတွေ အပြင်ကိုထွက်လာနိုင်ပါတယ်။ နားအတွင်းကို မာကြောတဲ့တုတ်တံ၊ နားကျပ်တံတွေနဲ့ မကလော်ပါနဲ့။

(တစ်နည်း) ကြက်သွန်ဥ မီးကင်ပြီး အရည်ညှစ်၊ နားအတွင်းထည့်ပေးရင်လည်း နားအတွင်းသားရောင်တာ သက်သာစေနိုင်ပါတယ်။

**မေး။ ။ဆရာကြီးရှင့်။ သမီးလည်ပင်းက တစ်ဆို့ဆို့နဲ့ နင်နေသလိုမျိုး ခံစားနေရပါတယ်။ ဆေးခန်းလည်း စုံနေပါပြီ။ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံမှာလည်း လည်ချောင်းထဲ မှန်ပြောင်းကြည့်ပါတယ်။ သွေးစစ်၊ ဓာတ်မှန်ရိုက် အစုံလုပ်ပါတယ်။ အကျိတ်လည်းမရှိ၊ ကင်ဆာ လည်းမဟုတ်၊ လည်ပင်းကြီးလည်း မဟုတ်ဘူးလို့ ပြောပါတယ်။ တစ်နှစ်ခွဲလောက်ရှိပါပြီဆရာ။ ပျောက်ကင်းနိုင်တဲ့ နည်းရှိရင် ကူညီပေးပါရှင့်။**

ဖြေ။ ။လည်ချောင်းလေပြွန်မှာ လေပူတက်ဆို့တဲ့ရောဂါတစ်မျိုးရှိပါတယ်။ နှမ်းဆီစစ်စစ် ဟင်းစားဇွန်း နှစ်ဇွန်း၊ မနက်၊ ည နေ့စဉ်သောက်ပါ။ ပျောက်ဖူးသူရှိပါတယ်။ ဆုံဆီရရင် ပိုကောင်းပါတယ်။

**မေး။ ။ဆရာရှင့်။ ဆီးအောင့်နေတာ နှစ်ရက်ရှိပါပြီ။ ကြက်သွန်နီအရည်ကို သံပရာသီးညှစ်သောက်တာ မပျောက်ဘူးဆရာ။ အင်္ဂလိပ်ဆီးဆေးဝယ်သောက်တာလည်း မပျောက်ဘူးရှင့်။ နှစ်ရက်ရှိပြီဆိုတော့ ဗိုက်တစ်ခုလုံးလည်း နာနေတယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာ ပြောပြပေးပါရှင့်။**

ဖြေ။ ။ဆီးအောင့်ပြီးနောက် ဆီးကောင်းကောင်းမထွက်ဘဲ ဗိုက်လည်းနာတယ်ဆိုရင် ဆီးကျောက်တည်လို့ဖြစ်နိုင်ပါတယ်။ ဆီးနဲ့ကျောက်ကပ် အထူးကုဆေးခန်းပြပြီး သေချာစစ်ဆေးသင့်ပါတယ်။ ကျောက်ကွဲပင်၊ သံမနိုင်ကျောက်မနိုင်ပင်၊ မြင်းခွာရွက်၊ ထိကရုန်းပင်တွေ နှစ်မျိုးဖြစ်ဖြစ်၊ သုံးမျိုးဖြစ်ဖြစ် ရသလောက်ပြုတ်သောက်ပါ။ လောလောဆယ် သက်သာအောင် ဆန်ဆေးရည် တစ်ဖန်ခွက်မှာ ချင်းပါးပါးလှီး သုံးလွှာထည့်စိမ်ထား၊ မနက်၊ နေ့လယ် နှစ်ကြိမ်သောက်ပါ။

**မေး။ ။ဆရာရှင့်။ သမီးသွားဖုံးအရင်းက အစာများများစားလိုက်တိုင်း အဖုအလုံးကြီး ဖြစ်လာတတ်ပါတယ်။ နာလည်းနာပါတယ်။ ဖြစ်နေတာ တစ်ပတ်လောက်ရှိပါပြီရှင့်။ အစာကို တခြားတစ်ဖက်နဲ့ ဝါးနေရပါတယ်။ ဆေးနည်းလေး ညွှန်ပြပေးပါ။**

ဖြေ။ ။ပုဏ္ဏရိက်ရွက်ပြုတ်ရည် ငုံပေးပါ။ တိုင်းရင်းဆေးအမှတ်-၄၃ အကင်းဆယ်ပါးဆေးမှုန့်ဝယ်ပြီး ပါးစောင်မှာ သိပ်ပေးပါ။ နလင်ကျော်ခေါက်သွေးပြီး ပါးမှာလိမ်းပေးပါ။

**မေး။ ။မင်္ဂလာပါ ဆရာ။ နှစ်နှစ်အရွယ်ကလေးခြေထောက်မှာ ခြင်ကိုက်တဲ့အဖုတွေကနေ အမည်းစက် အမာရွတ်တွေဖြစ်နေပါတယ်။ ရုပ်ဆိုးနေလို့ အမာရွတ်ပျောက်အောင် ဆေးနည်းပေးပါဦးဆရာ။**

ဖြေ။ ။သံပရာသီးစိတ်နဲ့ပွတ်ပါ။ ကွမ်းသီးခြမ်းသွေးလိမ်းပါ။ (တစ်နည်း) ကြိတ်မှန်ရွက် အရည်ညှစ်ပြီး သနပ်ခါးနဲ့ရောစပ်လိမ်းပါ။

**မေး။ ။ဆရာခင်ဗျာ။ ဖနောင့်ကွဲတာ၊ ကျိုးပေါင်းတက်ပြီး ဖနောင့်နာတာ ဆရာရေးထားတဲ့ ပျားရည်လိမ်းပြီး ညမှာ ဖနောင့်လုံအောင် ကြွပ်ကြွပ်အိတ်စွပ်အိပ်ပါဆိုတာ တွေ့ရပါတယ်။ ကျွန်တော်က ညအလုပ်ဆင်းရသူဖြစ်လို့ နေ့ခင်းဘက်မှာရော လုပ်လို့ရပါသလားဆရာ။**

ဖြေ။ ။ အပြင်သွားစရာမရှိတဲ့အချိန်၊ အိပ်ချိန်တွေမှာ နေ့ဘက်ဖြစ်ဖြစ်၊ ညဘက်ဖြစ်ဖြစ် ပြုလုပ်လို့ရပါတယ်။ ၁၄ ရက်လောက်ပြုလုပ်ရပါမယ်။ လက်တွေ့ပျောက်ကင်းသူတွေရှိပါတယ်။

**မေး။ ။ဆရာရှင့်။ ကျွန်မလက်ကို အင်းဆက်ကိုက်တာ ရောင်နေပြီး နာပါတယ်ရှင့်။ အုန်းပိုးကောင်လို အဝါနဲ့ အမည်းစက်ပါတဲ့အကောင်ပါ။ ဘာဆေးလိမ်းရမယ်ဆိုတာ မြန်မာဆေးနည်းလေးရှိရင် ပြောပြပေးပါရှင့်။**

ဖြေ။ ။ကိုက်သွားတဲ့နေရာမှာ ထမင်းအိုးမှ ကျက်ခါစ ထမင်းစေ့ ၁၀ စေ့လောက် ဇွန်းဖျားလေးနဲ့ယူပြီး ပူပူလေး ဖိကပ်လိုက်ပါ။ ငါးမိနစ်လောက်ကပ်ပါ။ သနပ်ခါးနဲ့ဆားရောသွေးလိမ်းပါ။ (တစ်နည်း) ကိုက်တဲ့နေရာမှာ ကြက်သွန်နီကိုထောင်းပြီး စည်းထားရင်လည်း ကိုက်တာ သက်သာစေပါတယ်။

**မေး။ ။မင်္ဂလာပါဆရာကြီး။ ကျွန်တော် ညအိပ်ရင် နှာခေါင်းပိတ်ပြီး အသက်ရှူလို့မဝဖြစ်တာ တစ်လလောက်ရှိပါပြီ။ အိပ်ရေးပျက်ပါတယ်။ ဆေးတွေလည်းတော်တော်စုံနေပါပြီ။ မပျောက်လို့ ဆေးနည်းလေးတွေရှိရင် ကူညီပေးပါခင်ဗျာ။**

ဖြေ။ ။ညအိပ်ခါနီး ခြေဖဝါးဆားပွတ်၊ ဒူးအထက်ကနေအောက်ကို ရေလောင်းခြေဆေးပါ။ ကွမ်းရွက်ကို မီးကင်တြိဂံပုံဖွဲ့ပြီး နှာခေါင်းမှာကပ်ပါ။ ငယ်ထိပ်မှာ အုန်းဆီလိမ်းအိပ်ပါ။ ရက်ဆက်လုပ်ရင် တဖြည်းဖြည်း သက်သာလာပါလိမ့်မယ်။

**မေး။ ။ဆရာခင်ဗျာ။ ကျွန်တော့်ဒူးတစ်ဖက်က လွန်ခဲ့တဲ့သုံးနှစ်လောက်က ဘောလုံးကန်ရင်း ထိခိုက်မိခဲ့ပါတယ်။ ဆရာဝန်ပြတော့ အရွတ်ဟသွားတာလို့ ပြောပါတယ်။ ဒူးထဲဆေးလည်းထိုးခဲ့ပြီးပါပြီ။ ဆေးတွေလည်းသောက်ပါတယ်။ လှုပ်ရှားမှုများရင်များသလို ပြန်နာတတ်ပါတယ်။ ဘယ်လိုဆေးတွေသောက်ရင် ပျောက်နိုင်မလဲ ဆရာကြီး ခင်ဗျာ။**

ဖြေ။ ။ချင်းခြောက်မှုန့် နှစ်ဆ၊ လင်းနေမှုန့်တစ်ဆ ရောပြီး ရေနွေးနဲ့ဖျော် ဒူးမှာလိမ်း၊ ဝါဂွမ်းအုပ်ပြီး ပတ်တီးနဲ့ စည်းထားပေးပါ။ တစ်ကြိမ်ကို ၂ နာရီကနေ ၄ နာရီကြာအောင်စည်းပြီး ပတ်တီးဖြေပါ။ ဆေးစည်းပြီးယားရင် သနပ်ခါးနဲ့ဆားရောစပ်ပြီး လိမ်းပေးပါ။ (တစ်နည်း) သစ်ကြံပိုးခေါက်မှုန့်၊ စန္ဒကူးနီမှုန့်နှစ်မျိုးကို ဆတူရောစပ်ပြီး ကြက်ဥအကာနဲ့ရောမွှေပါ။ ပျစ်ခဲနေရင် ရေနွေးအဖြူအနည်းငယ်ထည့်မွှေပါ။ ဒူးဆစ်ပေါ်မှာလိမ်းပြီး အဝတ်ပါးအုပ် ပတ်တီးစည်းပါ။ တစ်ကြိမ်စည်းရင် လေးနာရီလောက်စည်းပါ။ ၁၄ ရက်လောက်စည်းရင် ဒူးဆစ်အမြှေးကွာရောဂါ သက်သာစေနိုင်ပါတယ်။

**မေး။ ။ဆရာခင်ဗျာ။ ခရုသင်းအတွက် မုန်ညင်းဆီနဲ့ နနွင်းရောပြီး လိမ်းရတယ်လို့ရေးထားတာ တွေ့ရပါတယ်။ သင့်တော်ပါရဲ့လား ဆရာ။ ကျွန်တော့်ဦးလေးက လိမ်းဖို့ ပြင်နေလို့ သူ့အစား မေးပေးရတာပါဆရာ။ ကျေးဇူးတင်ပါတယ် ဆရာ။**

ဖြေ။ ။ခရုသင်းအတွက် ရှေးအစဉ်အဆက်သုံးတဲ့ ဆေးနည်းတိုကတော့ ကြိတ်မှန်ရွက်အရည်ညှစ်ပြီး နေ့စဉ်မှန်မှန်လိမ်းပေးရင် အရောင်ပြောင်းသွားနိုင်ပါတယ်။ (တစ်နည်း) တမာအစေးကို အမှုန့်ပြုလုပ်ပြီး သံပရာရည်နဲ့ ဖျော်စပ်လိမ်းပါ။ နနွင်းက မသေချာပါ။ အခန့်မသင့်သူမှာ ပွားသွားတာ ကြားဖူးပါတယ်။



# အလင်္ကာကျော်စွာကာတွန်းဦးဘဂျမ်းဂုဏ်ပြု တန်ဆောင်တိုင်ကာတွန်းပြိုင်ပွဲ၊ ပြပွဲကျင်းပမည်





**ရန်ကုန် အောက်တိုဘာ ၆**
ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၁၃) လမ်း အောက်ပိုင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တန်ဆောင်တိုင် မီးထွန်းပွဲတော်တွင် အလင်္ကာကျော်စွာကာတွန်းဦးဘဂျမ်း အား ဂုဏ်ပြုသောအားဖြင့် ကာတွန်းပြိုင်ပွဲ၊ ပြပွဲကို စည်ကားစွာ ကျင်းပသွားမည်ဖြစ်ပြီး ကာတွန်းပြိုင်ပွဲကို "ဒို့ပြည်-ဒို့မြေ" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ် ထားကြောင်း သိရသည်။ ဒို့ပြည်-ဒို့မြေ ခေါင်းစဉ်ဖြင့် ကာတွန်းပြိုင်ပွဲဝင်သူများသည် မိမိတို့တိုင်းပြည်တိုးတက် ဖွံ့ဖြိုးရန်၊ အဖျက်ရန်ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူ ပြည်သားများ၏ တာဝန်ဝတ္တရားများကို ဖော်ဆောင်သည့် ကာတွန်းများ ရေးဆွဲပြိုင်ပွဲဝင်နိုင်သည်။

ကာတွန်းပြိုင်ပွဲတွင် အရွယ်အစားမှာ ၁၀ လက်မ × ၁၄ လက်မ အဖြူ အမည်းသက်သက် (သို့မဟုတ်) ရေဆေးအရောင်ရေးခြယ်ခွင့်ပြုပြီး တစ်ဦးလျှင် ကာတွန်းပုံ သုံးပုံသာ ယှဉ်ပြိုင်ခွင့်ပြုထားသည်။ မိမိကိုယ်တိုင် ရေးဆွဲထားကြောင်းကို တာဝန်ယူရမည်ဖြစ်ပြီး ပုံနှိပ်ဖော်ပြ ပြီး ကာတွန်းမဖြစ်စေရဟု သတ်မှတ်ထားသည်။ ပြိုင်ပွဲတွင် ပထမရရှိသူကို ကျပ် သုံးသိန်း၊ ဒုတိယ ငွေကျပ်နှစ်သိန်းနှင့် တတိယ ငွေကျပ်တစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။


ပြိုင်ပွဲဝင်လိုသူများသည် အမည်အရင်း၊ ကလောင် အမည်ကို ရှင်းလင်းအောင်ရေးသားပြီး မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ် တို့ကို ပြည့်စုံစွာထည့်သွင်းဖော်ပြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ကာတွန်းပုံများကို အောက်တိုဘာ ၂၉ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ ဦးသန်းဝင်း-ဒေါ်အေးအေးသန်း၊ တိုက် အမှတ် (၂၂) ပထမထပ် (၁၃) လမ်းအောက် လမ်းမတော်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(ကြေးမုံ)**



# ယိုအာအင်ရဲ့ ကင်ဆာကုသရေးအတွက် ပရိသတ်တွေစုပေါင်းလှူဒါန်း

ယခုလ အောက်တိုဘာ ၆ ရက်ကတော့ တောင်ကိုရီးယားမင်းသားတစ်ဦးဖြစ်တဲ့ ယိုအာအင်ရဲ့ မွေးနေ့ဖြစ်ပါတယ်။ ယိုအာအင်ဟာ ကင်ဆာရောဂါ ခံစားနေရကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တာကြောင့် လတ်တလောမှာ ကျရောက်ခဲ့တဲ့ မင်းသားရဲ့ (၃၁)နှစ်ပြည့်မွေးနေ့မှာတော့ သူ့ရဲ့ပရိသတ်တွေ စုပေါင်းကာ ယခုလို မွေးနေ့လက်ဆောင်အဖြစ် ကင်ဆာကုသရေးမှာအသုံး ပြုဖို့ အလှူငွေတွေ စုပေါင်းပေးအပ်ခဲ့တာဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယိုအာအင်ဟာ ကလေးဘဝကတည်းကစတင်၍ ကင်ဆာရောဂါ တစ်မျိုးကို ခံစားနေရတာဖြစ်ပြီး ပရိသတ်တွေကတော့ သူ့ရဲ့ရောဂါကုသဖို့အတွက် ရည်ရွယ်ကာ ငွေကြေးပမာဏများစွာကို မွေးနေ့မှာ စုပေါင်းလှူဒါန်းလာတာလည်း ဖြစ်ပါတယ်။ ပရိသတ်တွေက ယိုအာအင်အပေါ် ထားရှိတဲ့ သူတို့ရဲ့ချစ်ခင်မှုကို ဖော်ပြတဲ့အနေနဲ့ ဆေးကုသရာမှာ သုံးစွဲဖို့ ကိုရီးယားဝမ် ၁၀ ဒသမ ၀၆ သန်း(အမေရိကန်ဒေါ်လာ ၈၈၀၃ ဒေါ်လာ) ကို လှူဒါန်းခဲ့ကြတာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီအလှူငွေတွေကိုတော့ ပရိသတ်တွေက ကိုရီးယားအခြေစိုက် အကျိုးအမြတ်မယူတဲ့ လူမှုအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ကိုရီးယား ကလေးများသွေးကင်ဆာဖောင်ဒေးရှင်းကနေတစ်ဆင့် လှူဒါန်းခဲ့ကြတာဖြစ်ပါတယ်။ ဒ့ါအပြင် ပရိသတ်တွေက ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ်အတွင်း အနုပညာလောကကို စတင်ခြေချခဲ့တဲ့ ယိုအာအင်ရဲ့ အနုပညာသက်တမ်း ဆယ်နှစ်ပြည့်အ ထိမ်းအမှတ်အတွက်လည်း အခမ်းအနားကျင်းပနိုင်ဖို့ စုပေါင်းလှူဒါန်းခဲ့ကြကြောင်းလည်း သိရပါတယ်။



# ကာကွယ်ရေးဝန်ကြီးဌာနထုတ်မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်ဖြစ်လာတဲ့ လီဆောင်ဂီ

လတ်တလောမှာ စစ်မှုထမ်းဆောင်နေတဲ့ တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ လီဆောင်ဂီရဲ့ စစ်မှုထမ်းဆောင်နေစဉ် ကာလအတွင်း စစ်ဝတ်စုံဝတ်ဆင်ရိုက်ကူးထားတဲ့ ဓာတ်ပုံတွေဟာ တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်တဲ့ လစဉ်ထုတ်မဂ္ဂဇင်း တစ်ခုရဲ့ မျက်နှာဖုံးအဖြစ် ဖော်ပြခြင်းခံခဲ့ရကြောင်း အောကေပေ့ါပ် ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မကြာသေးမီက လီဆောင်ဂီရဲ့ "Monthly HIM" မဂ္ဂဇင်းမျက်နှာဖုံး ဓာတ်ပုံတွေကို တရားဝင်ထုတ်ဖော်ပြသခဲ့ပြီး ယင်းဓာတ်ပုံတွေမှာ လီဆောင်ဂီရဲ့ သာမန်အချိန်မှာ နေထိုင်နေဟန်တွေအပြင် ရိုင်ဖယ် သေနတ်ကိုကိုင်ဆောင်ကာ ပစ်မှတ်ကိုအာရုံစိုက်ထားတဲ့ စစ်သားတစ်ဦး ရဲ့အသွင်ကိုလည်း တွေ့မြင်ခဲ့ရတာဖြစ်ပါတယ်။

လီဆောင်ဂီဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း စတင် စစ်မှုထမ်းခဲ့တာဖြစ်ပြီး ယခုနှစ် နိုဝင်ဘာ ၃၁ ရက်မှာ စစ်မှုထမ်းရက် ကုန်ဆုံးမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ဒ့ါကြောင့် ယခုနှစ် နှစ်ကုန် ပိုင်းမှာတော့ လီဆောင်ဂီရဲ့ အနုပညာလှုပ်ရှားမှုတွေနဲ့ ဝေးကွာနေရတဲ့ ပရိသတ်တွေဟာ သူ့ရဲ့ပုံရိပ်တွေကို ပြန်လည်မြင်တွေ့ခွင့်ရတော့မှာ လည်း ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

# ကိတ်ဝင်းစလက်နဲ့ ဂျိမ်းစ်ကမ်မရွန်းတို့ ပြန်လည်ပေါင်းဆုံ

အော်စကာဆုရှင် ဟောလိဝုဒ်ကြယ်ပွင့်တွေဖြစ်ကြပြီး နာမည်ကျော် ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Titanic" မှာလည်း အတူတွဲဖက်ပါဝင်ခဲ့ကြတဲ့ မင်းသမီး ကိတ်ဝင်းစလက်နဲ့ ဒါရိုက်တာ ဂျိမ်းစ်ကမ်မရွန်းတို့ဟာ ဆယ်စုနှစ်နှစ်စုအကြာ လတ်တလောမှာတော့ ပြန်လည်ပေါင်းဆုံခဲ့ကြတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၉ ခုနှစ်က ရိုက်ကူးထုတ်လွှင့်ခဲ့တဲ့ သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင်တစ်ကားကို ပြန်လည်ပုံဖော်ရာမှာ နှစ်ဦးစလုံး ပါဝင်ထားတာကြောင့် အော်စကာဆုရှင်တွေရဲ့ ပေါင်းစည်းမှုကို ပြန်လည်တွေ့မြင်ရတော့မှာပဲ ဖြစ်ပါတယ်။

ကိတ်ဝင်းစလက်နဲ့ ဂျိမ်းစ်ကမ်မရွန်းတို့ဟာ ပရိသတ်တွေ အချိန်ကြာမြင့်စွာ စောင့်စားခဲ့ရတဲ့ "Avatar" ရုပ်သံဇာတ်လမ်းတွဲရဲ့ ရုပ်ရှင်သစ်မှာ အတူပါဝင်ဖန်တီးသွားကြမှာဖြစ်ပြီး ကိတ်ကတော့ ဇာတ်ဆောင်တစ်ဦးအဖြစ်နဲ့ ကမ်မရွန်းကတော့ ဒါရိုက်တာအဖြစ် ပါဝင်သွားမှာဖြစ်ပါတယ်။ နှစ်နှစ်ဆယ်ကြာပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်လက်တွဲခဲ့ကြကြောင်းကို ကမ်မရွန်းက မီဒီယာတစ်ခုကို ဦးစွာ ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။

သူက "ကျွန်တော်နဲ့ ကိတ်တို့ဟာ ကျွန်တော်တို့ဘဝရဲ့ ဂုဏ်ယူစရာအကောင်းဆုံးတွေထဲက တစ်ခုဖြစ်တဲ့ Titanic ရုပ်ရှင်မှာ အတူတွဲဖက်ပါဝင်ဖန်တီးခဲ့တဲ့နောက် နှစ်ဦးအတူတွဲပြီး ရုပ်ရှင်တစ်ကားကို ထပ်မံရိုက်ကူးခွင့်ရဖို့ နှစ်နှစ်ဆယ်ကျော်ကြာ စောင့်ဆိုင်းခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကိတ်ဟာ သူ့ရဲ့ဇာတ်ကောင်သစ် ရိုနယ်လ်မှာ ပါဝင်သရုပ်ဆောင်တာတွေ့မြင်ရဖို့ မစောင့်ဆိုင်းနိုင်လောက်အောင်ပါ"လို့ ပြောကြားခဲ့တာဖြစ်ပါတယ်။

"Avatar" ဇာတ်လမ်းတွဲတွေအတွက် ရုပ်ရှင်သစ်လေးကားကို တစ်ဆက်တည်းရိုက်ကူးသွားမှာဖြစ်ပြီး ယင်းရုပ်ရှင်သစ်တွေမှာတော့ ကမ်မရွန်းက ဇာတ်ညွှန်းရေးသားမှုတွေအပြင် ဒါရိုက်တာတစ်ဦး အဖြစ်ပါ တာဝန်ယူဖန်တီးပေးသွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ လက်ရှိအချိန်မှာ ရုပ်ရှင်သစ်တွေအတွက် ဖန်တီးထုတ်လုပ်မှုတွေကို စတင်နေပြီဖြစ်ကာ ရုပ်ရှင်သစ်တွေရဲ့ မျှော်မှန်းထားတဲ့ ရုံတင်ရက်တွေကိုလည်း ထုတ်ဖော်ပြောကြားလိုက်ပြီ ဖြစ်ပါတယ်။

ဒုတိယမြောက် ထုတ်လွှင့်သွားမယ့် "Avatar 2" ကိုတော့ လာမယ့် ၂၀၂၀ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှာ စတင်ရုံတင်သွားမှာဖြစ်ပြီး "Avatar 3" ကိုတော့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှာလည်းကောင်း၊ "Avatar 4" ကိုတော့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှာလည်းကောင်း၊ "Avatar 5" ကိုတော့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှာလည်းကောင်း အမေရိကန်နိုင်ငံတစ်ဝန်း အသီးသီးရုံတင်သွားမှာဖြစ်ကြောင်း သိရပါတယ်။





# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်လှစ်

**ကျိုက်ထို အောက်တိုဘာ ၆**

မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်တွင်တည်ရှိပြီး အနယ်နယ်အရပ်ရပ်တွင် ထင်ရှားကျော်ကြားသည့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား သာသနာတော်နှစ် ၂၅၆၁ ခုမြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကြာသပတေးနေ့ နံနက် ၆ နာရီတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်၍ ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖွင့်လှစ်ခဲ့သည်။

ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်လှစ်ရာတွင်ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး စေတီတော်မှန်လုံဆောင်၌ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ မဟာမင်္ဂလာအခမ်းအနားကိုကျင်းပကာ ဆရာတော်ကြီးများက အန္တရာယ်ကင်းပရိတ်တရားတော်နှင့် ကိုးပါးသီလကိုချီးမြှင့်ပြီး တရားဒေသနာကိုဟောပြော၍ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

ယင်းနောက် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံက သာသနာရေးဆိုင်ရာ ကိစ္စရပ်များကိုလျှောက်ထားပြီး ဝန်ကြီးချုပ်ဒေါက်တာအေးဇံနှင့်အစိုးရအဖွဲ့ဝင်များ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်း၍ စေတီတော်ကြီးအား အမွှေးနံ့သာရည်များဖြင့်ရေသပ္ပာယ်ခဲ့ကြသည်။

အဆိုပါ ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားပွဲတော်ကိုအနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ဖူးမြော်နိုင်ရန် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့ထိ ခုနစ်လတိုင်တိုင်စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမောင်(ကျိုက်ထို)



# သီတင်းကျွတ်ကာလ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**သန်လျင် အောက်တိုဘာ ၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၂)ကြိမ်မြောက် အသက်(၇၀)နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၅ ရက် (သီတင်းကျွတ်လပြည့်နေ့)တွင် သန်လျင်မြို့ ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာရှိ စစ်စီးတောကျောင်းတိုက်၌ ကျင်းပသည်။

သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲတွင် ကွမ်းခြံကုန်းကျေးရွာ သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနာယက ဦးဝင်းနိုင်က အဖွင့်စကားပြောကြားပြီး ကော်မတီအလှည့်ကျ ဥက္ကဋ္ဌ ဦးဝေလင်းက ဘဏ္ဍာရေးရှင်းတမ်းဖတ်ကြားသည်။

ထို့နောက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြကာ ကန်တော့ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကန်တော့ခံ အဘိုးဦးသန့်အောင်က ဆုပေး စကားပြောကြားသည်။ သက်ကြီးပူဇော်ပွဲသို့ အသက် (၇၀)နှင့်အထက် အဘိုး ၆၀ နှင့် အဘွား ၉၉ ဦးတို့ တက်ရောက်ကြသည်။

နေသစ်ဦး

# ကယားပြည်နယ်ဝန်ကြီးချုပ် မယ်စဲ့မြို့ဒေသခံပြည်သူများနှင့်တွေ့ဆုံ



**မယ်စဲ့ အောက်တိုဘာ ၆**

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖေါင်းရှိုနှင့်ဇနီးတို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နံနက် ၇ နာရီက မယ်စဲ့မြို့ မြောက်ပိုင်းရပ်ကွက် ရတနာသုခမြို့မကျောင်းတိုက်သို့သွားရောက်၍ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိုစဲ့တောင်တန်းသာသနာပြုကျောင်းတိုက်၊ ဟိုစဲ့ (RC) ဘုန်းကြီးကျောင်း၊ မယ်စဲ့ (RC) ဘုန်းကြီးကျောင်း၊ ဝမ်ကန်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ ဟွေ့ပါလန်ကျေးရွာဓမ္မဥ္စူဘုန်းတော်ကြီးကျောင်း၊ နန့်မန်းကျေးရွာသုခိတာရာမဘုန်းတော်ကြီးကျောင်း၊ မယ်စဲ့(နှစ်ခြင်း) ဘုန်းကြီးကျောင်းများသို့ သွားရောက်၍ လှူဖွယ်ပစ္စည်းများနှင့်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ ဟိုစဲ့တောင်တန်း သာသနာပြုကျောင်းမီးဖိုဆောင် ပြုပြင်ရန် အလှူငွေကျပ်၂၅ သိန်း၊ နန့်မန်းကျေးရွာလောကမာန်အောင်စေတီတော်ဇရပ်အခင်းအတွက်အလှူငွေကျပ်၅သိန်းတို့ကိုတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင်ပန်တိန်းကျေးရွာဘုန်းတော်ကြီးကျောင်း၊ မယ်ဆည်နမ်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ နန့်ဟူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ နန့်ပိန်းလိုင်ကျေးရွာဘုန်းတော်ကြီးကျောင်း၊ မယ်စဲ့မြို့ ရတနာမာန်အောင်ဘုန်းတော်ကြီးကျောင်းတို့တွင် လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများဆက်ကပ်လှူဒါန်းခြင်း၊ အဘိဓမ္မာအခါတော်နေ့တွင် ဥပုသ်သီတင်းဆောက်တည်သော အဘိုးအဘွားများအား အလှူငွေများလှူဒါန်းခြင်း၊ ပန်တိန်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် လိုအပ်သော ထိုင်ခုံဆက်တီ တစ်စုံအတွက်အလှူငွေကျပ် ငါးသိန်း၊ နန့်ဟူးဘုန်းတော်ကြီးကျောင်းကော်ဖေါခင်းရန်အလှူငွေကျပ် နှစ်သိန်း၊ မယ်ဆည်နမ်ဘုန်းတော်ကြီးကျောင်းဘုရားဆင်းတုတော်ပလ္လင် တစ်ခုနှင့် စေတီတော်ဆေးသုတ်ရန် ရွှေဆေး လေးပုံး၊ ဆီဆေးလေးပုံး တို့ကို သက်ဆိုင်ရာဆရာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများ၊ သက်ဆိုင်ရာဌာနများက ယခုနှစ်အတွင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများအပြင် ကျေးလက်နေပြည်သူများ၏ အခြေခံလိုအပ်ချက်များပြည့်စုံကောင်းမွန်စေရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဦးစားပေးဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ကျေးရွာပြည်သူလေးသောင်းကျော် အသုံးပြုနေသော ကြိုးတံတားပြတ်ကျ



**ဖြူး အောက်တိုဘာ ၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်တွင် စက်တင်ဘာ ၅ ရက် ညနေ ၅ နာရီခွဲခန့်ကကြိုးတံတားတစ်စင်းပြတ်ကျမှုကြောင့်လူများပိတ်မိကာ သွားလာရန် အခက်တွေ့နေကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဖြူးမြို့နယ် ဝဲကြီးကျေးရွာရှိဖြူးချောင်းအားဖြတ်ကျော် ဝဲကြီးကျေးရွာနှင့် ဝဲကြီးမြောက်ရွာတို့အား ဆက်သွယ်တည်ဆောက်ထားသော အရှည်ပေ ၃၇၀ အကျယ် ၆ ပေရှိ သံခင်း သံပေါင်ထိန်း လူကူးသံမဏိကြိုးတံတားသည် အထိန်းသံကြိုး ခြောက်ချောင်းအနက်ကြိုးနှစ်ချောင်းမှာ လူများတံတားပေါ်မှ ဖြတ်သန်းနေစဉ်မြေစိုက်ငုတ်မှပြုတ်ထွက်ခဲ့ပြီး တစ်ခြမ်းစောင်းသွားသဖြင့်လူများဇောက်ထိုးဖြစ်ကာ တံတားပေါ်တွင် ပိတ်မိ ခဲ့သဖြင့်ဒေသခံများက ကယ်ဆယ်ခဲ့ရကြောင်းသိရသည်။

"ညနေ ၄ နာရီလောက် ရွာသားတွေစုစည်းပြီး ဆရာတော်ကိုသွားကန်တော့တဲ့အချိန်မှာ ကျပ်လုံးလောက်ရှိတဲ့မိန်းကြိုးတွေပြတ်ကျသွားပြီး တံတားပေါ်မှာ လူတွေ ဇောက်ထိုးဖြစ်နေလို့ ရွာသားတွေစုပြီးဝိုင်းကယ်ခဲ့ရတယ်။ ကြိုးတံတားကို ဒေသခံကျေးရွာက ပြည်သူလေးသောင်းကျော်ကအသုံးပြုနေတာပါ" ဟုအုပ်စု အုပ်ချုပ်ရေးမှူးဦးကျော်မိုးဆွေက ပြောကြားသည်။

ဖြိုးကိုလင်း(ညောင်ဝိုင်း)

# ကြံစိုက်တောင်သူများထံမှဝယ်ယူမည့်ဈေးနှုန်းမသတ်မှတ်ရသေး၍ ကြံရာသီနီးမှသာ ဈေးနှုန်း ကြော်ငြာပေးသွားမည်

**ရေတာရှည် အောက်တိုဘာ ၆**

စပါးဈေးနှုန်းကျဆင်းစဉ်အခါက ကြံသီးနှံစိုက်ပျိုးသည့် တောင်သူဦးရေမြင့်တက်လာပြီး ယခင်နှစ် ကြံရာသီပိတ်ခါနီးတွင် တစ်တန်လျှင် ကျပ် ခုနစ်သောင်းနှုန်းအထိ ဈေးမြင့်ဝယ်ယူခဲ့သည့်အတွက် နောက်ကျသော ကြံတောင်သူများ ငွေလုံးငွေရင်း ရရှိကာ အဆင်ပြေသွားကြသည်ကိုတွေ့ရှိရသည်။

အပိတ်ဈေးနှုန်းမြင့်တက်ခဲ့၍ ကြံစိုက်ပျိုးသည့်တောင်သူအရေအတွက် ပိုမိုများပြားလာကာ ကြံရာသီတွင် ဝယ်ယူမည့် ဈေးနှုန်းကိုသိရှိလိုကြသည်ဖြစ်ရာ လတ်တလောအနေဖြင့် ဝယ်ယူမည့်ဈေးနှုန်းကို သတ်မှတ်ရခြင်းမရှိသေးကြောင်း ရေတာရှည်မြို့ အမှတ်(၆)သကြားစက်ရုံမှ လက်ထောက်စက်ရုံမှူး ဦးတင်ဌေးက ပြောကြားသည်။

"ဈေးနှုန်းက လတ်တလော မသိရသေးပါဘူး။ အစည်းအဝေးတွေလုပ်ရဦးမှာ။ ကြံဝယ်ယူခါနီး တစ်ပတ်လောက်အလိုကျရင်တော့ ကြော်ငြာပေးသွားမှာပါ" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ကြံသီးနှံမှာ နှစ်ပတ်လည်သီးနှံဖြစ်သော်လည်း မြေဆီဩဇာကုန်ကျစရိတ် နည်းပါးသည့်အပြင် အခြားသော ဓာတုဆေးဝါးများ ဝယ်ယူသုံးစွဲရန်မလိုအပ်သည့်အတွက် တောင်သူများအတွက် အဆင်ပြေနိုင်သည့်သီးနှံလည်းဖြစ်သည်။

ကြံဈေးနှုန်းကျဆင်းစဉ်က စိုက်ဧကထောင်ဂဏန်းဝန်းကျင်သာရှိခဲ့ရာ စပါးကိုပြောင်းလဲစိုက်ပျိုးခဲ့ကြပြီးနောက် စပါးဈေးနှုန်းကပါ ဆက်လက်ကျဆင်းခဲ့သည့်အတွက် ဈေးနှုန်းအရတွက်ခြေကိုက်သော ဈေးနှုန်းသို့ ပြန်လည်ရောက်ရှိလာသည့်ကြံသီးနှံကို ပြန်လည် စိတ်ဝင်စားလာခဲ့ခြင်းဖြစ်သည်။

"လက်ရှိတော့ ကျွန်တော်တို့ စက်ရုံနဲ့ ချေးငွေထုတ်ပေးထားတဲ့ စိုက်ဧက ၂၀၀၀ ကျော်ရှိတယ်။ စက်ရုံစိုက်ခင်းက ဧက ၈၅၀ ဆိုတော့ ဧက ၂၈၅၀ ပေါ့။ အခြားစိုက်ထားတဲ့ တောင်သူတွေလည်းရှိပါတယ်။ အားလုံးတော့ အတိအကျသိဖို့ခက်တယ်"ဟု လက်ထောက်စက်ရုံမှူး ဦးတင်ဌေးက ရှင်းလင်းပြောကြားသည်။

ရေတာရှည်မြို့နယ်တွင် အမှတ်(၅)သကြားစက်ရုံ (မြို့လှ) နှင့် အမှတ်(၆)သကြားစက်ရုံ(ရေတာရှည်မြို့) တို့ရှိပြီး မြို့နယ်တစ်ခုလုံး ကြံစိုက်ဧက ၁၃၅၀၀ ကျော်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်က ပြောသည်။

ကိုလွင်(ဆွာ)

# ကျေးလက်ဒေသအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး တိုင်းဒေသကြီးအဆင့် ကွင်းဆင်းဆောင်ရွက်

**ထားဝယ် အောက်တိုဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက ထားဝယ်မြို့ ကျောက်ရပ်ကျေးရွာသို့ ကွင်းဆင်းပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ (၁၀)အိမ်စုခေါင်းဆောင် အမျိုးသမီး ၁၇ ဦးနှင့် တွေ့ဆုံသည်။

ထို့နောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်နီလာအေးနှင့်အဖွဲ့ဝင်များ၊ ထားဝယ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက (၁၀)အိမ်စုခေါင်းဆောင်များနှင့် ပတ်ဝန်းကျင်၊ ကူးစက်ရောဂါကာကွယ်ရေး၊ ပညာရေး၊ အာဟာရ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေအကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဗဟုသုတသညာနှင့်လက်တွေ့အတတ်ပညာ

မောင်ပြည့်အောင်



အခါအားလျော်စွာ ကျင့်သုံးနေထိုင်တတ်ခြင်းသည် လောကဓမ္မနှစ်ဌာနတို့၌ အကျိုးများကြောင်း စာရေးသူတို့ မှတ်သားခဲ့ကြရပါသည်။ ကျင့်ကြံကြိုးကုတ်၍လည်း လိုက်နာနိုင်အောင် အားထုတ်ခဲ့ကြရပါသည်။ ထိုသို့မှန်မှန်ကန်ကန် ကျင့်သုံးနေထိုင်တတ်မှသာလျှင် လူမှုအသိုင်းအဝိုင်း၌ ပြေပြစ်ချောမွေ့သော ဆက်ဆံရေးကို တည်ဆောက်နိုင်ပြီး ကောင်းကျိုးအဝဝနှင့် ပြည့်စုံမည်ဖြစ်ပါသည်။

**ဗဟုသုတကို တန်ဖိုးထား**

မျက်မှောက်ခေတ် လူ့အဖွဲ့အစည်းအတွင်း ဘက်စုံထောင့်စုံနယ်ပယ်စုံ၌ ဗဟုသုတကို တန်ဖိုးထားလျက် ပိုမိုလေ့လာကြသည်ကို သတိပြုမိကြမည်ထင်ပါသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် များပြားလှသောအကြောင်းအရာများကို နေထွက်မှနေဝင် နေဝင်မှမိုးချုပ် မိုးချုပ်၍ အိပ်ရာတွင်းရောက်၊ မျက်စိနှစ်လုံးပိတ်သည်အထိ ဖတ်မှတ်လေ့လာ စူးစမ်းရှာဖွေနေကြ၏။ မိမိသိသကဲ့သို့ သိကြပါစေဟူသော စေတနာအရင်းခံလျက် မိတ်ဆွေသင်္ဂဟအသိုင်းအဝိုင်းမျှသာမဟုတ် ကမ္ဘာတစ်ဝန်း လူထုလူတန်းစား အသီးသီးတို့အား အလွန်လျင်မြန်လှသော မီဒီယာပေါင်းစုံ၊ ကွန်ရက်ပေါင်းစုံတို့ကိုအသုံးချလျက် မျှဝေပေးနေကြသည်လည်းရှိကြ၏။

အသိပညာရှင်၊ အတတ်ပညာရှင်တို့ကလည်း မိမိတို့ကျွမ်းကျင်လိမ္မာသောနယ်ပယ်မှ အများပြည်သူ သိသင့်သည်ဟု ယူဆသည်များကို ပုဂ္ဂလဓိဋ္ဌာန်ဖြင့်တစ်သွယ် အဖွဲ့အစည်း၏ ဦးတည်ချက်ဖြင့်တစ်မျိုးရှုထောင့်စုံမှ ရေးသားကြလျက် "အများပြည်သူအသိပညာပေးရေး" ဟူသောခေါင်းစဉ် အောက်မှနေ၍ ဖြန့်ဝေပေးလျက်ရှိကြပါသည်။ မိမိတို့၏ပညာရပ်နယ်ပယ်၌ ပြည်သူအများဗဟုသုတရှိစေရန်ဖြစ်၏။ လုပ်ငန်းတွင်ကျယ်လျက် အကျိုးများရန် ဖြစ်ပါသည်။ အလွန်အလုပ်များသော ယနေ့ခေတ်တွင် အချိန်ကုန်သက်သာ ခရီးတာတိုစေရန်ဖြစ်ပါသည်။အများပြည်သူတို့နှင့် ဆက်ဆံရသော မိမိတို့၏ လုပ်ငန်းများကိုဆောင်ရွက်ရာတွင် ထိုသူတို့၌ ပညာရပ်ဗဟုသုတများရှိခြင်းအားဖြင့် "မိမိတို့၏ ရှင်းလင်းချက် အကြံပြုချက်များကို လွယ်ကူလျင်မြန်စွာ နားလည်ကြလျက် ထိရောက်မှုရှိစေရန်" ဖြစ်ပါသည်။

**စနစ်တကျ သင်ယူတတ်မြောက်**

ဤနေရာ၌ ရေးသားလိုသည်မှာ ကြားသိမြင်သိ ဖတ်သိမှတ်သိမျှသာဖြစ်သော သာမန်ဗဟုသုတသညာသည် ပညာရပ်ဆိုင်ရာတက္ကသိုလ်များ၊ အင်စတီကျူများတွင် တက်ရောက်၍ ဆရာကောင်းသမားကောင်းတို့အထံ၌ စနစ်တကျသင်ယူ တတ်မြောက်သော အတတ်ပညာမဟုတ်သည်ကို သတိမူကြလျက် မိမိတို့၏ဗဟုသုတကို မှန်မှန်ကန်ကန် ကျင့်သုံးကြရန် အကြံပြုလိုရင်း ဖြစ်ပါသည်။

ဆေးရုံ ဆေးခန်းသို့ နာမကျန်းဖြစ်၍လာပြသောလူနာက မိမိခံစားရသောဝေဒနာနှင့် ဆရာဝန်မေးသော မေးခွန်းများကို သေချာဂယမဖြေကြားရန် အားမထုတ်ဘဲ (ဆေးပညာရှင်က ဝေဒနာဖြစ်ရခြင်း၏ဇာစ်မြစ်ကို စဉ်းစားသုံးသပ်နေချိန်၌) "ဒီနေရာကနာနေတာဆိုတော့ အစာအိမ်ရောဂါဖြစ်ပြီထင်တယ် အဲဒီနေရာမှာ အစာအိမ်ရှိတာမဟုတ်လားဆရာ" ဟူ၍ပြောခြင်းမျိုး။ အမှုသည်အား ရှေ့နေဖြစ်သူက အမှုသွားအမှုလာအခြေအနေများကို စူးစမ်းလေ့လာမေးမြန်းရာတွင် အမှုဖြစ်စဉ်ကို အမှန်အတိုင်း ပြည့်ပြည့်စုံစုံဖြေကြားရန် အားမထုတ်ဘဲ(ရှေ့နေဖြစ်သူက ပြစ်မှုအတိမ်အနက်ကို စဉ်းစားဆင်ခြင်သုံးသပ်နေချိန်၌) "ဒီပြစ်မှုကိုကျူးလွန်မိတာဆိုမှတော့ အနည်းဆုံးထောင်ဒဏ်(-) နှစ်တော့ကျမှာ သေချာပြီပေါ့ဆရာ" ဟု မိမိတို့၏ ကြားသိ မြင်သိ ဖတ်သိမှတ်သိသမျှကိုသုံး၍ မှတ်ချက်ပေးတင်ကြိုပြောဆို စွက်ဖက်ခြင်းများသည် "သတိတရားလက်ကိုင်ထားလျက် အတတ်ပညာနှင့် ဆင်ခြင်တုံတရားတို့ကို ဟန်ချက်ညီညီပေါင်းစပ်လုပ်ကိုင်နေရသော အတတ်ပညာရှင်များအား အထူးပင် စိတ်မသက်မသာဖြစ်စေပါသည်။"

**သာမန်ဆုံးဖြတ်၍မရ**

ဤခေတ်ဤအခါ၌ ဆေးပညာရှင်များ၊ ဥပဒေပညာရှင်များနှင့် အခြားသောနယ်ပယ်အသီးသီးရှိပညာရှင်များ ကြုံတွေ့နေကြရသော အလွန်ပင်စိတ်မသက်မသာဖြစ်စေသော ရှက်ပုံးသီးအနှောင့်အယှက်တစ်ခုဟုပင်ဆိုချင်ပါသည်။ အစာအိမ်ရှိသောနေရာ၌ နာသည်ဆိုတိုင်း အစာအိမ်ရောဂါဖြစ်သည်ဟု မဆိုနိုင်သည်ကိုလည်းကောင်း၊ ဥပဒေက သတ်မှတ်ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်အတိုင်း တရားခံကျခံရမည်ဟု တရားလမ်းကြောင်းအရ မဆိုနိုင်သည်ကိုလည်းကောင်း၊ ကြားသိမြင်သိ ဖတ်သိမှတ်သိမျှသာဖြစ်သော ဗဟုသုတဖြင့် ဆုံးဖြတ်၍ မရနိုင်သည်ကို သတိမူကြစေလိုပါသည်။

သို့ဆိုလျှင် အကြားအမြင် ဗဟုသုတရှိခြင်းသည် အချည်းအနှီးပင်ဖြစ်သည်ဟု ဆိုလိုသလောဟူ၍ မေးဖွယ်ရာရှိနေပါသည်။ စာရေးသူ၏ ဆိုလိုရင်းမှာ "အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ လုပ်ငန်းခွင်၌ သာမန်ဗဟုသုတမျှလောက်ဖြင့် ဝင်ရောက်မစွက်ဖက်သင့်" သည်ကိုသာ ဖြစ်ပါသည်။ ကိုယ်အမှုအရာ၊ နှုတ်အမှုအရာတို့ဖြင့် စွက်ဖက်ခြင်းသည် အကျိုးမဲ့ကိုသာဖြစ်စေပါမည်။ ပညာရပ်တူ သဘာဝတူ ပညာရှင်အချင်းချင်းသည်ပင်လျှင် မိမိတို့၏ဌာနေမဟုတ်သောနေရာ၌ လက်ရှိလုပ်ငန်းလုပ်နေသူအား လေးစားသောအားဖြင့်လည်းကောင်း၊ ထိုသူ၏စဉ်းစားဆင်ခြင်မှုနှင့် တွေးထင်ယူဆချက်များအား အနှောင့်အယှက်မဖြစ်စေရန် အတွက်လည်းကောင်း (ဖိတ်ခေါ်ခြင်းမရှိလျှင်) ဝင်ရောက်စွက်ဖက်ပြောဆိုခြင်းကို ရှောင်ကြဉ်ကြပါသည်။ ဤနေရာ၌ စွက်ဖက်ခြင်းနှင့် အကြောင်းရင်းမှန်ကို သိလို၍ မေးမြန်းခြင်းတို့၏ မတူညီသော သဘော သဘာဝကို စာဖတ်သူတို့ သိပြီးဖြစ်မည်ဟု ယုံကြည်ပါသည်။အကြောင်းရင်းမှန်ကိုသိလို ၍ ရိုးသားစွာမေးမြန်းသူအား မည်သည့် ပညာရှင်မဆို သေချာစွာရှင်းပြမည်သာ ဖြစ်ပါသည်။

> ပညာရှင်အချင်းချင်းသည်ပင်လျှင် မိမိတို့၏ဌာနေမဟုတ်သောနေရာ၌ လက်ရှိလုပ်ငန်း လုပ်နေသူအား လေးစားသောအားဖြင့်လည်းကောင်း၊ ထိုသူ၏စဉ်းစားဆင်ခြင်မှုနှင့် တွေးထင်ယူဆ ချက်များအား အနှောင့်အယှက်မဖြစ်စေရန် အတွက်လည်းကောင်း ဝင်ရောက်စွက်ဖက် ပြောဆိုခြင်းကို ရှောင်ကြဉ် . . .

**မှတ်ကျောက်တင်သူနှင့်တူ**

အကယ်စင်စစ် အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံခြင်းသည် သူ့နေရာနှင့်သူ အရေးပါအရာရောက်ပါသည်။ ဗဟုသုတနှင့် ပြည့်စုံသူသည် ရွှေရည်ရွှေသွေးကို ပိုင်းခြားဆုံးဖြတ်နိုင်သော မှတ်ကျောက်တင်သူနှင့်တူ၏ဟု အာစရိယဝါဒအားဖြင့် မှတ်သားရပါသည်။ မှတ်ကျောက်တင်လျက် ရွှေရည်ကိုဆုံးဖြတ်နိုင်သကဲ့သို့ ပြည့်ဝကုံလုံသော မိမိ၏ဗဟုသုတဖြင့် လူရည်လူသွေးကို အကဲဖြတ်နိုင်၏။ ဝတ္ထုပစ္စည်းတို့၏ အတုအစစ်ကို ခွဲခြားနိုင်၏၊ အတတ်ပညာရှင်တို့၏ကျွမ်းကျင်မှုကို တိတိပပသိနိုင်၏။ အချိန်ကာလတို့ကို ပိုင်းခြားဆုံးဖြတ်နိုင်၏။ ခရီးအစကိုသိ၍ ခရီးဆုံးကိုလည်း မှန်းဆနိုင်ကြောင်း ရှေးသူဟောင်းတို့၏ အဆုံးအမတို့၌ ရှိပါသည်။

**အကျိုးများစေ**

သို့ဖြစ်ရာ ဆိုရှယ်မီဒီယာများအပါအဝင် မီဒီယာပေါင်းစုံ၊ ဝက်ဆိုဒ်ပေါင်းစုံတို့ဖြင့် တန်ဆာဆင်အပ်သော အင်တာနက်ကွန်ရက်ကြီးအတွင်း၌ ကျင်လည်ကြလျက် ဗဟုသုတအပေါင်းနှင့် ပြည့်စုံသူတို့သည် အထက်ဖော်ပြပါ မှတ်ကျောက်တင်သူကဲ့သို့ ကျင့်ကြံသင့်လှပေသည်။ မိမိသိလိုသည်များကိုလည်း ပညာရှင်များအား အခြေအနေနှင့် အချိန်အခါကိုသိလျက် ရိုးသားစွာမေးမြန်းကြရန် အကြံပြုလိုပါသည်။ သို့မှသာလောကဓမ္မနှစ်ဌာနတို့၌ အကျိုးများစေမည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် ရေးသားလိုက်ရပေသည်။ ။

## ရှမ်းတိုင်းရင်းသားရိုးရာ တံခွန်တိုင်စိုက်ထူပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၆**

ရှမ်းတိုင်းရင်းသားလူမျိုးစုများ၏ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်မတိုင်မီ တစ်ရက်အလိုတွင် ရိုးရာဓလေ့တစ်ခုဖြစ်သည့် တံခွန်တိုင်စိုက်ထူခြင်းကို သက်ဆိုင်ရာမြို့နယ်နှင့် ဘုန်းတော်ကြီးကျောင်းများတွင် ကျင်းပလျက်ရှိရာ အောက်တိုဘာ ၄ ရက် ညနေ ၅ နာရီက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် သီတာအေး ဘုန်းတော်ကြီးကျောင်းတွင် ရှမ်းတိုင်းရင်းသားရိုးရာ တံခွန်တိုင်စိုက်ထူပွဲအားစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ရှမ်းတိုင်းရင်းသားရိုးရာ တံခွန်တိုင်စိုက်ထူပွဲနှင့်ပတ်သက်၍ "တံခွန်တိုင်မှာတော့ စိန်ဖူးတော်၊ ဘုံခုနစ်ဆင့်၊ ရွှေဟင်္သာရုပ်၊ ငါးရုပ်၊မြွေရုပ်တွေပါရှိပါတယ်။ အရုပ်တွေရဲ့အဓိပ္ပာယ်ကတော့ သာသနာတော်အဓွန့်ရှည်ကြာရေး၊ ဒေသတွင်းအေးချမ်းသာယာရေး၊ ပြည်သူတွေကျန်းမာရေးကောင်းမွန်စေရေးစတဲ့ ရည်ရွယ်ချက်ကောင်းများနဲ့ ရိုးရာမပျက် စိုက်ထူကြတာပါ၊ အခုဒီပွဲကိုတော့ သီတာအေးနယ်မြေမှာနေထိုင်တဲ့ရှမ်းမျိုးနွယ်စု (တိုင်းလေ) လူငယ်များအဖွဲ့ကကြီးမှူးကျင်းပခြင်းဖြစ်ပြီးအရင်နှစ်ပေါင်း ၄၀ ကျော်ကစတင်ကျင်းပလာခဲ့တာဖြစ်ပါတယ်။ တံခွန်တိုင်ဝါးကိုတော့ လူပျိုတွေကသွားရောက်ခုတ်ရပြီး အပျိုတွေကတော့ တံခွန်တိုင်ပိတ်စကို ချုပ်လုပ်ရပါတယ်" ဟု လူငယ်ခေါင်းဆောင် ကိုစိုင်းအောင်က ရှင်းလင်းပြောကြားသည်။

တံခွန်တိုင်အား ရှမ်းတိုင်းရင်းသားတိုင်းရင်းသူများက ညီညာစွာဖြင့် စိုက်ထူကြကာ လူငယ်များက ရှမ်းရိုးရာအိုးစည်အက၊ ဓားသိုင်းအကများဖြင့် တီးမှုတ်သီဆိုကပြကြပြီး ညပိုင်းတွင် ဆွမ်းတော်တင်ရန်အတွက် ရပ်ကွက်အတွင်း ဆွမ်းဆန်တော်နှင့် ဟင်လျာအမယ်များအား လှည့်လည်အလှူခံထွက်ကြပြီး နံနက် ၄ နာရီတွင် ဆွမ်းတော်တင်လှူပူဇော်ပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

**သူရိန်စိုး(ကချင်မြေ)**



## သဘာဝပိုးသတ်ဆေးသုံးစွဲနည်းသရုပ်ပြ

**ခင်ဦး အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ လယ်ယာကဏ္ဍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း(Good Agriculture Practices, GAP) စနစ်အသုံးပြုစိုက်ပျိုးရေး ပညာပေးသင်တန်းကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက ကျင်းပရာ တောင်သူလယ်သမား ၇၂ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ တက်ရောက်လာသော သင်တန်းသားများကို ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်သီတာလွင်၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်မေကြွယ်ဝင်းနှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မာချိုတို့က သက်ဆိုင်ရာ ဘာသာရပ်များကို ပရိုဂျက်တာဖြင့် သင်ပြပို့ချ၍ သင်တန်းသားများ၏ သိရှိလိုသော မေးမြန်းချက်များကို ရှင်းလင်းဆွေးနွေးပြီး သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းများကို လက်တွေ့သရုပ်ပြသခဲ့သည်။

**ချစ်စံ(ခင်ဦး)**

FAMOUS HOTELS GROUP ၏
FAMOUS HOTEL - (ငပလီ) ကို

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၅ – ၁၀ – ၂၀၁၇) တွင် အောင်မြင်စွာ ဖွင့်လှစ်လိုက်ပါပြီ။ ဧည့်သည်တော်လူကြီးမင်းများ စိတ်ချမ်းမြေ့စွာ လာရောက်အနားယူ အပန်းဖြေနိုင်ပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



Ward (3), Lin Thar, Ngapali. Email - rsvn.famoushotelsgroup@gmail.com
09 258888250, 09 455557740, 09 455557750

University of East London(UEL) နှင့် Myanmar Noble College(MNC)
ပညာရေးဟောပြောပွဲ အခမ်းအနား

University of East London(UEL) နှင့် Myanmar Noble College(MNC) တို့၏ နိုင်ငံတကာပညာရေး ရေစီးကြောင်းနှင့် MNC မှ စတင်ဖွင့်လှစ်မည့် Top-up Bachelor Program များ၏ ပညာရေးဟောပြောပွဲ ပြုလုပ်မည်ဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသဖြင့် တက်ရောက်လိုသော ကျောင်းသား/သူ မိဘများမှ အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်၍ အမြန်ဆုံးစာရင်းပေးသွင်းပြီး တက်ရောက် ချီးမြှင့်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည် ခင်ဗျား..........

**Special Promotion**

Bachelor Degree တန်းများကို နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်မည် ဖြစ်ပါသဖြင့် Early Bird Promotion ကာလအနေဖြင့် အောက်တိုဘာလ ၁၃ ရက်နေ့မှ နိုဝင်ဘာလ ၁၃ရက်နေ့ထိဖြစ်ပြီး ထပ်မံ၍ ယခုပညာရေး ဟောပြောပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကျောင်းအပ်နှံပါက Special Discount များထပ်မံပေးအပ်သွားမည် ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည် ခင်ဗျား........

- Time - 10am - 12pm
- Date - 13th October 2017 (Friday)
- Place - Sule Shangri-La Hotel (Pegu Room)

**BA(Hons) Business Management**
**BEng(Hons) Civil Engineering**

**** ****

ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည် - အမှတ်(၆-က)၊ စိန်ပန်းမြိုင်လမ်းအဆုံး၊ ကြို့စက်ရုံလမ်း၊ (၁)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၂၃၃၂၇၆၊ ၂၃၃၂၅၇၊ ၂၃၃၂၆၄၊ ၂၃၃၂၄၅၊ ၀၉ - ၄၄၈၀၆၆၆၆၀ - ၃
MNCEducation










ဝါကျွတ်ပွဲတော်အထူး
The Gold Finger
MEN'S CLASSIC BARBER
No.123, 1st Floor Mid Block
Pazundaung Township
Ph : 09-250082249


## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ ရန်ကုန်ပုံနှိပ်စက်ရုံများနှင့် နေပြည်တော် ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)တို့မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းဟောင်းများ၏ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂-၁၀-၂၀၁၇ရက် မှ ၁၂-၁၀-၂၀၁၇ ရက်ထိ) နေ့စဉ် (နံနက် ၉း၃၀ နာရီမှ ညနေ ၄ နာရီ)အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၁၂-၁၀-၂၀၁၇ရက် ညနေ ၄နာရီ ဖြစ်ပါသည်။

၃။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၈၂၅၁၉၀၈၊ ၀၆၇-၃၄၁၂၂၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**


GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09401505559

## ရောင်းမည်
ပဲခူး-ဟံသာဝတီလေဆိပ် စီမံကိန်းအနီး စက်မှုဇုန်အတွင်း စက်မှုမြေကွက်(၁၀)ဧကRC ခြံစည်းရိုးကာပြီး ရေ၊ မီး၊ ဂိုဒေါင်ပါ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (ပွဲစားမလို)
ဖုန်း-၀၉-၇၈၈၀၂၂၃၂၂
၀၉-၇၈၈၀၂၂၂၇၂

## ဝင်ခွင့်စာမေးပွဲ ဖြေဆိုသူများအတွက်
၁၁ ကြိမ်မြောက်
## အောင်ကောင်းစုံ 2017-2018
မဟာဘွဲ့ရတစ်ဦး
### အထွေထွေသိပ္ပံ မှတ်စု ဗဟုသုတမှတ်စု
INTERVIEW ဖြေဆိုမည့်သူများနှင့်ဗဟုသုတရှာဖွေလေ့လာလိုသူများအတွက်...

## အောင်ကောင်းစုံ
၆ ကြိမ်မြောက် ရာထူးဝန် ဝင်ခွင့် 2017-2018
မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ဥပဒေ
ဦးထွန်းသန်း ပါမောက္ခ(ငြိမ်း)
ဦးမောင်မောင်သန့်
ဦးကျော်ဆန်းလင်း The King's English
မဟာဘွဲ့ရတစ်ဦး

## လက်ရှိငှားရမ်းနေသော နေရာကောင်း ဆိုင်းဘုတ်နေရာရောင်းရန်
- ရန်ကုန်-မန္တလေး အမြန်လမ်းတိုးဂိတ်အနီး
- ၁၁၅ မိုင် ယာဉ်ရပ်နားစခန်း
- မိတ္ထီလာယာဉ်ရပ်နားစခန်း

09-773173300, 09-785505018

## JES Driver Agency အတွက်
09- 32173735, 09-263145979, 09-428581144
09-797815723, 09-767272088, 09-780636377




SONY
SALE
THADINGYUT
30th Sep ~ 5th Nov | 2017
BRAVIA
KD-55X8000E
(4K HDR ANDROID TV™)
BDV-E6100
2,490,000 KS
KD-49X7500E
(4K HDR ANDROID TV™)
BDV-E2100
1,430,000 KS
KD-43X7500E
(4K HDR ANDROID TV™)
DAV-TZ140
1,030,000 KS
KDL-32R324E (POWER BANK TV)
359,000 KS
POWER BANK
Discount
KDL-43W750E (FULL HD INTERNET TV™)
669,000 KS
40,000 KS
DISCOUNT COUPON
KDL-55W800C (FULL HD ANDROID TV™)
1,290,000 KS
DVP-SR760
30,000 KS
Discount
Coupon
KDL-40/48W650D (FULL HD INTERNET TV™)
569,000 KS (40")
729,000 KS (48")
30,000 KS
DISCOUNT COUPON
SONY BRAVIA TV
SONY
Discount Coupon .....
HOME AUDIO & VIDEO
GTK-XB7
CP-V9
489,000 KS
SHAKE-X10M
699,000 KS
Sony
Back Pack
CUH-2106A
599,000 KS
CP-V9
INTERCHANGEABLE-LENS CAMERA
ILCE-7M2K
2,100,000 KS
ILCE-6300
1,320,000 KS
ILCE-6000
839,000 KS
XPERIA™ SMARTPHONE
XPERIA™ XZ PREMIUM
MPT Data Package
999,000 KS
XPERIA™ XA1 ULTRA
MPT Data Package
509,000 KS
XPERIA™ XA1
310,000 KS
XPERIA™ L1
MPT Data Package
229,000 KS
XPERIA™ XA
199,000 KS
HEADPHONE & WIRELESS SPEAKER
MDR-ZX110AP
31,500 KS
T-Shirt
MDR-EX150AP
35,500 KS
T-Shirt
MDR-ZX310AP
41,500 KS
T-Shirt
MDR-AS210AP
45,500 KS
T-Shirt
SRS-XB10
68,000 KS
Soft Pouch
SRS-XB20
149,000 KS
Premium
Pouch
SONY SHOWROOM
Junction City, Tel: 09 422999963
Myanmar Plaza, Tel: 09 455533667
Kabar Aye, Tel: 01-556622
Bo Aung Kyaw, Tel : 01-398566, 398563 ,
Gamome Pwint Shopping Mall, Tel : 09 73119900
Mandalay, Tel: 02-72580~4
Nay Pyi Taw, Tel: 067-3420791, 3420966
Buy Smart, Be Assured!
Like Us On
Sony Showroom By TMW Enterprise Limited
Official Warranty by: TMW Enterprise Limited
WAI YAN ELECTRONICS
Dealer
Official Warranty

## ကြော်ငြာ

### ဗိုလ်သင်တန်းအမှတ်စဉ်(၂၉)(စည်သူကြီး)
### (၅၃)နှစ်မြောက်ဆွမ်းကပ်လှူပွဲနှင့်ညစာစားပွဲဖိတ်ကြားခြင်း

ဗိုလ်သင်တန်းအမှတ်စဉ်(၂၉)ကျောင်းဆင်းအရာရှိများ၏ (၅၃)နှစ်မြောက် နှစ်ပတ်လည်အလှူနှင့် ညစာစားပွဲကို ၁၇-၁၀-၂၀၁၇(အင်္ဂါနေ့) ၉နာရီတွင် နိုင်ငံတော်သံဃာ့မဟာနာယက ဆရာတော်ကြီးများအား ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃာ့မဟာနာယက ကျောင်းတော်ကြီး၌ နေ့ဆွမ်းကပ်လှူဒါန်းခြင်း၊ ညနေ၁၈း၀၀-၂၁း၀၀နာရီထိ ပြည်လမ်း၊ ၇မိုင်ခွဲရှိ ၆၉(အေ)၊ ကုန်းမြင့်သာ စားတော်ဆက်၌ ညစာစားပွဲကို ကျင်းပမည်ဖြစ်ပါ၍ နယ်များရှိအရာရှိများအပါအဝင် ကျောင်းဆင်းအရာရှိများအားလုံး မိသားစုနှင့်တကွ မပျက်မကွက်တက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ညစာစားပွဲတွင် တစ်ဦးနှင့်တစ်ဦးအပြန်အလှန် လက်ဆောင်ဖလှယ် ကြရန်အတွက် လက်ဆောင်ပစ္စည်းများ ကိုယ်စီယူဆောင်လာကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(တစ်ဦးချင်းစီသို့ ဖိတ်စာဖြင့်ဖိတ်ကြားခြင်းမပြုပါ)

ဆက်သွယ်ရန် - ကြည်ထွန်း-၀၉-၇၆၆၉၇၉၂၉၄၊ စောငွေ-၀၉-၅၀၀၀၄၂၄
သူရဆွေဝင်း-၀၉-၂၅၄၃၈၆၄၄၀၊ သူရအောင်ကြည်-၀၉-၇၉၉၇၃၃၁၀၀၊
မောင်မောင်-၀၉- ၅၀၀၆၅၆၁

### ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်
### မဟာကထိန်လျာသင်္ကန်းကပ်လှူပွဲကျင်းပမည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၌ ပုရိမဝါမှ ထတော်မူကြကုန်သော ပဓာနနာယက ဆရာတော်ဘဒ္ဒန္တအမတောဘာသအမှူးရှိသည့် စာချစာသင်သံဃာတော်အပါး(၁၆၀)နှင့် ပင့်သံဃာတော်အရှင်မြတ်တို့အား ကထိန်ဒါယကာ ဒါယိကာမများဖြစ်ကြသော နှစ်ဖက်မိဘများအား ရည်စူး၍ ဦးထွန်းဝင်း-ဒေါ်ခင်နွယ်တင်၊ သား-ဦးသတိုးဟိန်း-ဒေါ်စိုးမာလာ၊ မြေး-မောင်ပြည့်စုံ၊ မောင်အောင်စည်၊ မောင်မိုးမြင့် (မြန်မာ့သြဘာမိသားစု)တို့က (၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်) ၁၅-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် မဟာကထိန်လျာသင်္ကန်းကပ်လှူပွဲ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းဒါယကာ၊ ဒါယိကာမတို့အား ကြွရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၂၀၁၇ နှစ်ကုန်အတွက်
"နိုဝင်ဘာ၊ ဒီဇင်ဘာ" အထူးပေါ်စာတမ်းနှင့်အတူ
တစ်နှစ်တာ အိတ်ဆောင်ဗေဒင်စာအုပ်-
၂၀၁၈-ခုနှစ်
ဝံ-ဂဏဂိုဏ်
၁၂-ရာသီဟောကိန်း



ထွက်ပြီ

အမြန်ရောင်းမည်
ရန်ကုန်မြို့၊ မြောက်ဒဂုံ ၁၆/B ရပ်ကွက်
ဆက်သွယ်ရန် - 09787260620, 09972959518

ROYAL ART MEDIA
01-391020 , 09 , 73049820
09-450003870

FAME HerbalFresh®
Mental refreshment
စိတ်ကြည်ဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
09-965559860

FAME HerbalSleep®
Herbal sedative
သဘာဝအိပ်ဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
09-73142216

ရွှေဆိုတာ မရှိဝမ်းစာ၊ ရှိတန်ဆာ...............
စိန်ရွှေရတနာဆိုင်
ရွှေစုလိုသော Customer များအတွက်
အခေါက်တုံးများကို ၁ကျပ်သားမှစ၍ အခေါက်ရွှေဈေးအတိုင်း
(လက်ခမပါ) ဝယ်ယူရရှိနိုင်ပါသည်။
အမှတ်(၇၅)၊ လည်းတန်းလမ်းမ၊ လည်းတန်းဈေးအနီး။ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆ (Ext. 801-802)

CONSTRUCTION, POWER & MINING
Myanmar 2017
12-14 October 2017
New Venue
MEP at Mindama Yangon
9.00 -17.00 Hrs.
The 5th International Construction, Power & Mining Exhibition
3in1



Including:
- Over 180 leading companies from around the world
- 6 international groups from China, Germany, India, Korea, Singapore and Thailand
- Industry Conferences & Seminars
Pre-register at www.cpmmyanmar.com
Information Hotline Contact: Ei Thinzar Aung
Tel: +95 1 378975, Email: eizar.aung@ubm.com
Supported by
MCEA
Platinum Sponsor
JCB
Organised by
UBM



TOTO
YEAR END
SALE
UP TO 40%
* terms & conditions apply
15 Oct to 15 Nov 2017





Yangon Showroom : G1 Pyay Road, Diamond Condo, Kamaryut Township. Tel : +95 1 502379, 502412.

4TV ၏ တစ်ပတ်စာ ကြည့်ရှုရာ အစီအစဉ်ကောင်းများ
(၇ - ၁၀ - ၂၀၁၇ မှ ၁၃ - ၁၀ - ၂၀၁၇ အထိ)
အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

Vol.2 No-39

4TV HD Receiver ကို ဝယ်ယူတပ်ဆင်ချင်တယ်ဆိုရင်
01- 230 6166 ကို ဖုန်းလေး ဆက်လိုက်ပါနော်
01-230 6166






ကြော်ငြာ


# သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ကထိန်သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့

| | | |
|---|---|---|
| ၁ | အမှတ်-၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၅၅၅၃၉၅၊ ၀၁-၅၅၁၃၉၆ |
| ၂ | အမှတ်-၁၅၆၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်။ | ၀၁-၅၄၃၂၈၂၊ ၀၁-၅၄၃၂၈၆ |
| ၃ | အမှတ်-၂၃/ဘီ၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်။ | ၀၁-၃၀၀၅၇၃ |
| ၄ | အမှတ်-၁၁၃၊ အနောက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်။ | ၀၉-၇၃၀၀၆၀၁၂ |
| ၅ | အမှတ်-၁၂၅၊ သံရေကျော် လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်။ | ၀၁-၂၂၅၅၀၆ |
| ၆ | အမှတ်-၃၇၊ ကုန်သည်တန်းလမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်။ | ၀၉-၇၃၀၀၅၉၂၆ |
| ၇ | အမှတ်-၅၁(ဘီ)၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်။ | ၀၉-၈၆၀၃၀၀၅ |
| ၈ | တိုက်-A၊ အခန်း-၁၊ ပွဲစားအိမ်ရာ၊ အင်းစိန်ဈေးကြီးအနီး၊ လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်။ | ၀၁-၆၄၃၂၂၂ |
| ၉ | ၁၂၁၊ ရန်ကုန်-အင်းစိန်လမ်း၊ လက်ခုပ်ပင် ကမာရွတ်၊ ဗဲဒိုပြင်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား။ | ၀၉-၇၃၀၆၅၂၃၇ |
| ၁၀ | အမှတ်-၂၆၊ သမိန်ဗရမ်းလမ်းမကြီး၊ တာမွေမြို့နယ်။ | ၀၉-၇၃၀၀၅၇၉၃ |
| ၁၁ | ရန်ကုန်မန္တလေးကားလမ်း၊ ဆင်ရောနှင့် မြင်းရထားကြား၊ နေပြည်တော်၊ ပျဉ်းမနား။ | ၀၆၇-၂၂၁၃၇ |
| ၁၂ | ၂/ ဧရာနေပြည်တော်လမ်းမကြီး(ပျဉ်းမနား-တောင်ညိုလမ်း)ဆင်ရောအနီး…နေပြည်တော်-ပျဉ်းမနားမြို့။ | ၀၆၇-၂၅၅၅၃ |

နယ်ကိုယ်စားလှယ်ယူလိုသူများ အမြန်ဆက်သွယ်နိုင်ပါသည်။

သမ္မတဆိုင်များအားလုံးတွင် ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် လက်လီ/လက်ကား ဝယ်ယူရရှိနိုင်ပါသည်

## FARMER AUTO SUZUKI SHOWROOM

" Suzuki Brand New ကားများနှင့် Suzuki မော်တော်ဆိုင်ကယ်များကို (၁)နှစ် - (၅) နှစ် အထိ အရစ်ကျနှုန်းများဖြင့် ဝယ်ယူနိုင်ပါသည်။"

ရန်ကုန် - ဖုန်း ၀၉ … ၊ ၀၉ … ၊ ၀၉ …

နေပြည်တော် - ဖုန်း ၀၉ … ၊ မကွေး - ဖုန်း ၀၉ …

## ရုံးဝန်ထမ်း(ကွန်ပျူတာ) ကျွမ်းကျင်

အမြန်အလိုရှိသည်။ မှတ်ချက်-မရမ်းကုန်း၊ ကမာရွတ်၊ လှိုင်မြို့နယ်များတွင် နေထိုင်သူ။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၈၇၀၆၀၉၀၇၊ ၀၉-၅၀၄၅၄၁၃

## ခြံနှင့်မြေ

အိမ်ခြံမြေ/ မြေပြောင်းဝန်ဆောင်မှု/ မြို့ပြောင်း/ မှန်ဘီးဝေး

၀၉ ၇၇၀၆၃၉၁၅၅
၀၉ ၄၂၅၃၀၈၇၇၇
၀၉ ၇၇၃၇၃၃၁၆၃

## 23 မဆလာ

ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ငါး၊ ကြက်သား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အရသာ အတွက် ဖြည့်စွက်နိုင်ပါသည်။


## အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V VIKING OCEAN V.8 သင်္ဘောသည် ၁၀-၁၀-၂၀၁၇ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။ **ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**





# ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

* လှည်းကူးမြို့ မြို့မရပ်ကွက် ၊တပင်ရွှေထီးလမ်းစာရွက်စာတမ်းအစုံပါကွက်ရစ်လမ်းဘေး၊ ဈေးမီးစုံ၊

(40'x60') =150 သိန်း၊

(25'x60') =110 သိန်း၊

(25'x50') = 80 သိန်း၊

Ph:09-252278945,09-799716395,09-421161198

# THREE STAR

Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။

Split Type Air-con Brand New **1HP**

တပ်ဆင်ပြီးဈေးနှုန်း **290000-Ks**

(Copper Pipe-10', Drain Pipe, Wire, Safeguard, Frame, Transportation)

"အနီးဆုံးဆိုင်သို့ ဆက်သွယ်ရန်"

တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932


## ကန့်ကွက်နိုင်ကြောင်း

[illegible]

## ဆာ အုပ် ဆာ ပေရှု့ မိတ်ဆွေ

# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
သီတင်းကျွတ် Promotion အထူးအစီအစဉ် (1.10.2017 မှ 31.10.2017) အတွင်း
ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို ဘောက်ဆိုးရွှေကလာစ် (၁)ခု ဖေ့တ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၃၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၄၆၁၁၀၊ ၅၃၉၁၃၀၂၊ ၅၂၃၈၈၈
PH: ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၀၀၀၂
















# ကြော်ငြာ

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည်
License No(661)
သာကီနွယ် ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
Hot Line - 01-200952
တန်ဆောင်မုန်းလပြည့်နှင့်ခါတ်တော်တိုက်ဖွင့်ပွဲအထူး Promotion ဆိုးခရီးစဉ်ကြီး
ထွက်ခွာမည့်ရက် ➡ ၂၉.၁၀.၂၀၁၇
အထူးလျှော့ဈေးဝန်ဆောင်မှုအပြည့် ၁၂ ၅သိန်းအစား
(၁၁.၂)သိန်း (၁၅) ရက်ခရီး ဘုရားဌာနအစုံစုံရိုက်ငြိမ်း
(၉.၂) သိန်း (၈) ရက်ခရီး စရိတ်ငြိမ်းဗိဇာကြေးလျှော့ထားပြီး
(၈)ရက်ခရီး Hotel Package - ၁၅သိန်း
Shine Tower (Golden View Condo)

ဧည့်စိမ်မင်း 09-444450446, 09-444450558, 09-250144709

တမွေ ENGLISH Conversation Practice
Sayar Yang
Great Wall TAMWE - 540714, 09 5183636, 09 420230133

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးအသားသင်
Guide
Ph: 01-375970, 0951 72096, 09254541441

Management
LCCI- I+II
Hardware/Software









# ရွှေကျင် သီတင်းကျွတ်မီးမျှောပွဲတော် ကျင်းပ



သတင်းနှင့်ဓာတ်ပုံ
ငွေးအောင်(ကြေးမုံ)

**ရွှေကျင် အောက်တိုဘာ ၆**

ရွှေကျင်မြို့၏ (၁၆၆)နှစ်မြောက် သီတင်းကျွတ်မီးမျှောပွဲတော်အား (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်) ယနေ့နံနက် ၉ နာရီမှ စတင်ကာ ရွှေကျင်မြို့ ရွှေကျင်ချောင်းတွင် ရိုးရာမပျက် ကျင်းပသည်။ **(ဓါတ်ပုံ)**

ရှေးဦးစွာ ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များက ပြိုင်ပွဲဝင်ကြရာ တက်ခုတ်ယိမ်းလေးယိမ်း၊ တက်ပုံ့ယိမ်းငါးယိမ်းနှင့် ယိမ်းအကလေးယိမ်း စုစုပေါင်း ၁၃ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့အတူ ရှမ်းယိမ်းတစ်ယိမ်းနှင့် ကရင်ဒိုးယိမ်းသုံးယိမ်း စုစုပေါင်းယိမ်းအဖွဲ့လေးဖွဲ့က ဖျော်ဖြေရေးယိမ်းများအဖြစ် ချောင်းတစ်လျှောက် ဖျော်ဖြေကြသည်။

(၁၆၆)နှစ်မြောက် ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပွဲတော်တွင် ယိမ်းအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ်ငါးသိန်း၊ တက်ပုံ့ယိမ်းတစ်ဖွဲ့လျှင် ငွေကျပ်လေးသိန်း၊ တက်ခုတ်ယိမ်းတစ်ဖွဲ့လျှင် ငွေကျပ်သုံးသိန်း၊ တိုင်းရင်းသားရိုးရာယိမ်း တစ်ဖွဲ့လျှင် ငွေကျပ်လေးသိန်းနှင့် ယိမ်းမထွက်သည့် ကျေးရွာများက ယိမ်းထွက်သည့် ကျေးရွာများအား ထောက်ပံ့မှုများ ဆောင်ရွက်ထားကြသည်။ ညနေ ၄ နာရီတွင် ဆုချီးမြှင့်ပွဲကျင်းပပြီး ယိမ်းပြိုင်ပွဲ၊ တက်ပုံ့ယိမ်းနှင့် တက်ခုတ်ယိမ်းပြိုင်ပွဲမှ ဆုရယိမ်းများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယိမ်းပြိုင်ပွဲနှင့် တက်ပုံ့ယိမ်းပြိုင်ပွဲတွင် ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်းခွဲနှင့် တတိယဆုငွေကျပ်နှစ်သိန်း ပေးအပ်ချီးမြှင့်ပြီး တက်ခုတ်ယိမ်းပြိုင်ပွဲတွင်

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ☆**

# Yangon Water Bus ၏ ပိုလ်တထောင်-အင်းစိန် ခရီးစဉ်စတင်ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်မြို့ လမ်းမကြီးများ၏ ယာဉ်ကြောပိတ်ဆို့မှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်ရေး အထောက်အကူဖြစ်စေရန် ရန်ကုန်မြစ်ကို အသုံးပြု၍ ခရီးသည်ပို့ဆောင်ရေးဝန်ဆောင်မှုတစ်ရပ်အဖြစ် Yangon Water Bus ဖွင့်ပွဲကို ယနေ့ကျင်းပခဲ့ကြောင်း သိရသည်။

Yangon Water Bus များကို အောက်တိုဘာ ၇ ရက် နံနက် ၇ နာရီမှ စတင်ကာ ခရီးသွားပြည်သူများက ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဆိပ်ကမ်းနှင့် အင်းစိန်မြို့နယ် အောင်ဇေယျတံတားဘေးတို့တွင်ရှိသည့် Yangon Water Bus ဆိပ်ကမ်းတို့မှ ငွေကျပ် ၃၀၀ ဖြင့် စီးနင်းနိုင်မည်ဖြစ်သည်။ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်း၌ ပြုလုပ်ခဲ့သည့် Yangon Water Bus ဖွင့်ပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။

**(ကြေးမုံ)**




Yangon Water Bus ဆိပ်ခံတံတားများပြ မြေပုံကို တွေ့ရစဉ်။



# မိတ္ထီလာကန်ရှိ မိုးကောင်းအန္တကူ ရေလယ်ဘုရားသို့သွားရာ သစ်သားတံတား ရေကျော်

**မိတ္ထီလာ အောက်တိုဘာ ၆**

မိတ္ထီလာမြို့ မိတ္ထီလာ(တောင်)ကန်အတွင်းရှိ မိုးကောင်းအန္တကူ ရေလယ်ဘုရားသို့ သွားရာ သစ်သားတံတားပေါ်သို့ ယနေ့နံနက်ပိုင်းက ကန်ရေကျော်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

သီတင်းကျွတ်လပြည့်နေ့ ညနေပိုင်းအချိန်အထိ မိုးကောင်းအန္တကူ ရေလယ်ဘုရားသို့သွားရာ သစ်သားတံတားပေါ်တွင် ကန်ရေကျော်ခြင်း မရှိခဲ့ဘဲ ညပိုင်းအချိန်တွင် မိုးအဆက်မပြတ်ရွာသွန်းခြင်း၊ ကန်အတွင်းသို့ စီးဝင်သည့် ချောင်းများမှ ရေများဝင်ရောက်နေခြင်းကြောင့် ကန်ရေကျော်သည်အထိ ကန်ရေပြည့်လာခြင်းဖြစ်သည်။ ဒေသခံများ၏ ကန်ရေပြည့်မှတ်ဟု အမှတ်သညာပြု မှတ်သားလေ့ရှိသည့် ရေလယ်စေတီတော်ရှိ နဂါးရုပ်တုများ၏ ဦးခေါင်းပိုင်းမှာ ရေငုတ်သည့် အနေအထားတွင် ရောက်ရှိနေကြောင်း သိရသည်။ ၎င်းသစ်သားတံတားပေါ်တွင် ရေကျော်လျက်ရှိသော်လည်း ယနေ့နံနက်ပိုင်းအချိန်အထိ ဘုရားဖူးများအား ဖြတ်သန်းသွားလာခွင့်ပြုထားကြောင်း သိရသည်။

ယခင်နှစ်က မိုးမဆက်မပြတ်ရွာသွန်းပြီး မိတ္ထီလာကန်ရေပြည့်ကာ မိတ္ထီလာမြောက်ကန် ဓမ္မသုခ ရွှေစည်းခုံစေတီတော်အနီး ရေကျော်နေရာရှိ ရေကန်အတွင်း လူတချို့ရေနစ်သေဆုံးမှုများ ဖြစ်ပွားခဲ့သည်။ ယခုအခါ ယင်းရေကျော်နေရာတွင် ယခင်နှစ်ကကဲ့သို့ ကန်ရေကျော်နေ၍ ၎င်းရေကျော်လမ်းပေါ်မှ ဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထားပြီး ရေကျော်အနီးရှိ ရေကန်ထဲတွင် ရေဆင်းကူးခြင်း၊ ငါးဖမ်းခြင်းများကိုလည်း

**စာမျက်နှာ ၁၄ ကော်လံ ၄ သို့ ✳**

ဆေးဝါးလှူဒါန်းခြင်းသည် အနာရောဂါကင်းဝေးပြီး သက်ရှည်ကျန်းမာခြင်းကို ပြည့်စုံစေမည့် ကုသိုလ်ထူးကို ရရှိစေပါသည်။

ထွန်းရွှေဝါ
တိုင်းရင်းဆေးမျိုးစုံဘူး

တိုင်းရင်းဆေး (၂၁) မျိုး
ပါဝင်သည်။



"ထွန်းရွှေဝါတိုင်းရင်းဆေးမျိုးစုံဘူး"



# တိုင်းရင်းသားရေးရာ
Affair of National Races

ကြေးမုံ
အထူးကဏ္ဍ

ပ

အောက်တိုဘာ ၇၊ ၂၀၁၇


တိုင်းရင်းသားခရီးသွား

# ကန္တာရဝတီ ငွေတောင်ပြည်

ရာမည



ဓာတ်ပုံ - အောင်ထွန်းလေး

ကန္တာရဝတီ သို့မဟုတ် ဒဏ္ဍာရီထဲမှ ငွေတောင်ပြည်ကြီးရှိရာ ကယားပြည်နယ်သည် ဆန်းကြယ်လှပသည့် ဆင်ယင်ထုံးဖွဲ့မှုများ၊ ရိုးရှင်းလှသည့် ရိုးရာယဉ်ကျေးမှုဓလေ့များ၊ ထူးခြားသည့် သဘာဝလိုဏ်ဂူ၊ ရေကန်များနှင့် ဒဏ္ဍာရီဖြစ်ရပ်များတည်ရှိရာ အထင်ကရနေရာများကြောင့် ပြည်တွင်းသာမက ကမ္ဘာလှည့်ခရီးသည်များ၏ စိတ်အာရုံကိုဖမ်းစားနေသော စိတ်ဝင်စားစရာဒေသတစ်ခုအဖြစ် ပိုမိုထင်ရှားလာနေပေသည်။

ကယားပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၄၅၀၀ ကျော်ကျယ်ဝန်း၍ ပြည်နယ်ခုနစ်ခုတွင် ဧရိယာအားဖြင့်အငယ်ဆုံးပြည်နယ်ဖြစ်ပြီး လူနေကျဲပါးသော တောင်ပေါ်ဒေသဖြစ်သည်။ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။ ကယားပြည်နယ်ကို လွိုင်ကော်ခရိုင်နှင့် ဘော်လခဲခရိုင်တို့ဖြင့် ဖွဲ့စည်းထားပြီး ပြည်နယ်၏မြို့တော်မှာ လွိုင်ကော်ဖြစ်သည်။ လွိုင်ကော်ခရိုင်တွင် လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆိုနှင့် ရှားတောမြို့နယ်များပါဝင်ပြီး ဘော်လခဲခရိုင်တွင် ဘော်လခဲ၊ ဖားဆောင်းနှင့် မယ်စဲ့မြို့နယ်များပါဝင်သည်။ မြန်မာနိုင်ငံ၏ အဓိက လျှပ်စစ်ဓာတ်အားပေးစက်ရုံဖြစ်သော လောပိတရေအားလျှပ်စစ်စက်ရုံလည်းရှိသည်။

ရိုးရာဓလေ့၊ သဘာဝအလှတရားများရှိနေသည့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရန်ကုန်နှင့် မန္တလေးမြို့များမှ လေကြောင်းဖြင့် ခရီးနှင်မည်ဆိုလျှင် တစ်နာရီဝန်းကျင်ကြာမြင့်မည်ဖြစ်ပြီး ကုန်းလမ်းခရီးဖြင့်လာပါက ၁၂ နာရီကျော် ကြာမည်ဖြစ်သည်။ နေပြည်တော်မှ ကုန်းလမ်းခရီးဖြင့်ဆိုလျှင် ငါးနာရီကျော်ကြာမြင့်မည်ဖြစ်သည်။

ဒဏ္ဍာရီထဲက ငွေတောင်ပြည်ကြီးရှိရာ ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်၏ သာယာလှပမှုကို အပန်းဖြေအနားယူရင်း လေ့လာကြည့်ရှုနိုင်ရန် လွိုင်ကော်မြို့မှ ၄၅ မိနစ်ကြာ သွားရမည်ဖြစ်သည်။

အထူးကဏ္ဍ [ဂ] သို့ ››››



ငွေတောင်ဆည်ကို တွေ့ရစဉ်။
ဓာတ်ပုံ - ရာမည

# တို့တိုင်းရင်းဖွား ပြည်ထောင်စုသား

**ပြည်ထောင်စုဟူသောအမည်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း ပြည်နယ်ခုနစ်ပြည်နယ်နှင့် တိုင်းဒေသကြီး ခုနစ်ခု စုပေါင်းဖွဲ့စည်းထားခြင်းကို ဆိုလိုသည်။ လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ဤပြည်ထောင်စုနယ်မြေတွင် "တိဗက်-မြန်မာအနွယ်ဝင်"၊ "တရုတ်ထိုင်းအနွယ်ဝင်"နှင့် "မွန်ခမာအနွယ်ဝင်" လူမျိုးစုကြီးများမှ တိုင်းရင်းသားလူမျိုးစုများ ပြန့်ပွားဖြစ်ပေါ်လာခဲ့သည်။**

**ယခုအပတ် တိုင်းရင်းသားရေးရာကဏ္ဍတွင် အရှေ့ဘက်သို့ခွဲထွက်သွားသော တိဗက်-မြန်မာအစု၏ စီ-ဖန်အုပ်စုခွဲမှ မြေပြန့်နေမြန်မာများက "ခနံ့"ဟုခေါ်ဆိုကြပြီး ၎င်းတို့ အချင်းချင်း "ရဝမ်"ဟုခေါ်ဆိုကြသော တိုင်းရင်းသားလူမျိုးစုအကြောင်းကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ တိဗက်-မြန်မာအုပ်စုတွင်ပါဝင်သည့် ထားဝယ်အုပ်စုခွဲမှ ထားဝယ်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို မျှဝေဖော်ထုတ်ပေးသွားမည်ဖြစ်သည်။ ထို့အပြင် တရုတ်ထိုင်းအုပ်စုတွင်ပါဝင်သော ကရင်အုပ်စုခွဲမှ ကယား၊ ပဒေါင်၊ ယင်းကော်၊ ဇယိမ်၊ ဗရဲ၊ ယင်းတလဲ၊ ကဲခို၊ ကဲဗာ လူမျိုးစုများအကြောင်း ဆက်လက်ဖော်ထုတ်ပေးသွားမည်ဖြစ်ပါသည်။**

ယခင်တစ်ပတ်မှအဆက် ››››

## ရဝမ်တိုင်းရင်းသားများနေထိုင်မှု

ရှေးက ရဝမ်တိုင်းရင်းသားလူမျိုးများနေထိုင်ကြရာ ရွာလေးများမှာ မြစ်ဝှမ်း၏အထက် ပေ ၃၀၀၀ မှ ပေ ၅၀၀၀ အတွင်းရှိ တောင်စောင်း၊ တောင်ဘေးများတွင်လည်းကောင်း၊ မြေပြန့်ကွက်လေးများရှိသော တောင်စွယ်များ၏ထိပ်ပေါ်တွင် စုဝေးလျက်လည်းကောင်း နေထိုင်ခဲ့ကြသည်။ ယခင်က ရွာငယ်လေးများသာဖြစ်သော်လည်း နောက်ပိုင်းတွင် နမ်တီးဆံနှင့် မလိခမြစ်ဝှမ်းအတွင်းရှိ နောင်မွန်း၊ နမ်ခမ်းတို့တွင် ရွာကြီးများတည်ဆောက်နေထိုင်လာခဲ့ကြသည်။ ထိုရွာကြီးများတွင် ရွာပုံစံအကွက်ချတည်ဆောက်ထားသည်မှာ စံနမူနာယူလောက်အောင် ခေတ်မီသပ်ရပ်သည်။ အိမ်များမှာ တောင်ပေါ်တွင်ဆောက်ထားသောတဲများကဲ့သို့ မဟုတ်။ ခေတ်မီသော ဘန်ဂလို(Bungalo)ပုံစံ တည်ဆောက်ထားကြသည်။ သို့သော် ထိုသို့သောရွာကြီးများမှာ မများလှဘဲ များသောအားဖြင့် ကချင်တောင်ပေါ်သားလူမျိုးစုများနည်းတူ သစ်လုံးတိုင်သက်ငယ်အိမ်များဖြင့် နေထိုင်ကြသည်။

ရဝမ်အိမ်ပုံစံများမှာ ဂျင်းဖော၊ မရူ စသည့်လူမျိုးများကဲ့သို့ အိမ်ရှည်များဖြစ်ပြီး နောက်တစ်မျိုးမှာ တီထွင်ဆန်းသစ်လာသော လေးထောင့်ပုံစံအိမ်ဖြစ်သည်။ ရဝမ်အိမ်များကို မြေပြင်မှ လေးငါးပေမြှင့်ထားပြီး အိမ်ရှေ့တွင် ကပြင်ထုတ်ထားသည်။ အိမ်တွင်း၌ အခန်းဖွဲ့ထားပြီး အခန်းတိုင်း၌ မီးဖိုထားသည်။ မီးဖိုတွင်ချက်ပြုတ်စားသောက်ကြပြီး ဧည့်သည်လာလျှင် မီးဖိုဘေး၌ပင် ဧည့်ခံကျွေးမွေး၍ စကားပြောသည်။ ပြတင်းပေါက်မရှိ၍ အိမ်အတွင်း ကျပ်ခိုးများဖြင့် မည်းပြောင်နေသည်။ အိမ်သို့ဝင်လျှင်ဝင်ချင်း ပထမဆုံးအခန်းကို ဧည့်ခန်းအဖြစ်ထားသည်။ ဝင်ပေါက်ကို နေထွက်သောအရှေ့ဘက်သို့သာ မျက်နှာမူသည်။ ရဝမ်အိမ်တိုင်း၌ ဆန်စပါးရိက္ခာများ သိုလှောင်ရန် စပါးကျီတဲများ မနီးမဝေး၌ရှိသည်။ အိမ်တွင် ဝင်းထရံခတ်ထားသော စိုက်ခင်းလေးများရှိသည်။

အထူးကဏ္ဍ [ခ] သို့ ››››



ပူတာအိုဒေသ မဒွယ်ရာဇီတောင်နှင့် တိုင်းရင်းသားများ မွေးမြူထားသော နွားနောက်များကို တွေ့ရစဉ်။
ဓာတ်ပုံ - MOE MIN THEIN(PUTAO)

အထူးကဏ္ဍ [က] မှ »»



## ရဝမ်လုပ်ကိုင်စားသောက်မှု

ဆန်စပါးကို စိုက်ပျိုးသော်လည်း ပြောင်း၊ လူး၊ ဆပ်နှင့် အခြားသီးနှံများကို အစားထိုး စိုက်ပျိုးခြင်း၊ တောတွင်းမှ သစ်ဥ၊ သစ်ဖုများကို ရှာဖွေခြင်း၊ ပိန်းဥ၊ မြောက်ဥ၊ ကန်စွန်းဥတို့ကို စိုက်ပျိုးခြင်းပြုလုပ်ကြပြီး ရောင်းဝယ်စားသောက်ကြသည်။ ရဝမ်ရွာများ၌ ဝက်၊ ကြက်များစွာမွေးမြူကြသည့်အပြင် နွားနောက်ခေါ် တောင်ပေါ်နွားတစ်မျိုးကိုလည်း မွေးမြူကြသည်။ နွားနောက်ကို လွန်စွာတန်ဖိုးထားပြီး ပွဲကြီးလမ်းကြီးရှိမှသာလျှင် စားသောက်လေ့ရှိသည်။ ရဝမ်တို့မှာ တောလိုက်ကျွမ်းကျင်သော လူမျိုး ဖြစ်ပြီး ဟင်းလျာအတွက် သားကောင်ကို ဒူးလေးဖြင့် ပစ်ခတ်ဖမ်းဆီးသည်။ မြစ်၊ ချောင်းများတွင် ငါးကို ပိုက်ကွန်ဖြင့်လည်းကောင်း၊ လှံဖြင့်လည်းကောင်း ဖမ်းဆီးသည်။ မြင့်မားလှသော ရေခဲတောင်ပေါ်တွင်သာ ကျက်စားသည့် သားမင်ကောင်ခေါ် ကျွဲရိုင်းတစ်မျိုးကို ဖမ်းယူစားသောက်ပြီး သားရေနှင့် ချိုကို ရောင်းစားသည်။ ထို့အပြင် ရှားပါးသော ကတိုးကောင်ကို ဖမ်းယူလေ့ရှိသည်။ မြောက်ဘက်စွန်းဒေသရှိ ရဝမ်များသည် ဧရာဝတီမြစ်ဖျားခံရာ ရေခဲတောင်များပေါ်တွင် ပေါက်ရောက်သော အသက်ရှည်ဆေး၊ နုပျိုဆေးဟု ကျော်ကြားသည့် 'မချစ်'ခေါ် ဆေးဂမုန်းဥများကို တူးဖော်ရောင်းချကြသည်။

## ရဝမ်ဝတ်စားဆင်ယင်မှု

ရဝမ်လူမျိုးများ၏ ဝတ်စားဆင်ယင်မှုသည် တစ်မူထူးခြားသည်ဟုဆိုနိုင်သည်။ အထူးခြားဆုံးအချက်မှာ အဝတ်အစားအရောင်ဖြစ်သည်။ ကချင်လူမျိုးများ၏ အဝတ်အစားအရောင်မှာ အနက်ဖြစ်သော်လည်း ရဝမ်လူမျိုးတို့၏ အရောင်မှာ အင်္ကျီအပေါ်ပိုင်းမှ ခါးဝတ်အထိ အဖြူရောင်ဖြစ်သည်။ ထို့ကြောင့်ပင် ရဝမ်ဟူသောစကားမှာ ဖြူစင်သောအဝတ်အစားများကို ဝတ်ဆင်သောလူမျိုးဟု အဓိပ္ပာယ်ဆောင်သည်။

အမျိုးသားများမှာ အောက်ပိုင်းဒူးအထိ ဖုံးလွှမ်းသော တိုနံ့နံ့အဖြူရောင်ခါးဝတ်ကို ကိုယ်၌ပတ်ကာ ရှေ့တွင် လုံချည်စစည်းထားသကဲ့သို့ စည်းထားသည်။ ရင်စေ့အပေါ်ဝတ်အင်္ကျီဖြူကို ဝတ်ဆင်ကြသည်။ အမျိုးသမီးများမှာ အမျိုးသားများ ဝတ်ဆင်သကဲ့သို့ဖြစ်သော်လည်း အောက်ပိုင်းတွင် ထဘီကဲ့သို့ပင် ပတ်ချည်ထားကာ ခါးတွင် ကြိမ်ကွင်းများစွာနှင့် ကြေးစေ့များဖြင့် သီလုပ်ထားသော ခါးပတ်များ ပတ်ထားကြသည်။ ကျား၊ မ ဝတ်ဆင်သော ပိတ်စများကို 'လဂျစ်'ခေါ် ဂုံလျှော်ကြမ်းကို အိမ်တွင်း ဂျပ်ရက်ကန်းများ၌ ရက်လုပ်ကြသည်။ အစမှာ ကြမ်းသော်လည်း ထူထဲခိုင်ခံ့သည်။ အနားတစ်လျှောက်တွင် အကွက်မျိုးစုံကို အနီရောင်ဖြင့် ကွပ်ထားသည်။ အေးသောအခါတွင် စောင်နီနက်ကျားများကို ခြုံကြသည်။

နောက်ပိုင်းတွင် အဝတ်အစားများကို မြန်မာများနှင့်ဆင်သော ဝတ်စားဆင်ယင်လာသည်ကို တွေ့ရသည်။ အပေါ်ပိုင်းတွင် လက်တိုရင်ဖုံးကျပ်ကျပ်၊ အောက်ပိုင်းတွင် အဖြူပေါ်၌ အနီကန့်လန့်စင်းဖော်ထားသော ထဘီဝတ်ဆင်ကြသည်။ ခါးတွင်မူ ရိုးရာထုံးဖွဲ့မှုများကို ဆင်ယင်ထားသည်။ မိန်းမပျိုလေးများ၏ ခေါင်းတွင် အဝတ်ဖြူပေါင်းတတ်ကြသည်။ လည်ပင်းတွင် ရောင်စုံပုတီးဆွဲ၍ သတ္တုလက်ကောက်များဝတ်ဆင်ကြသည်။ ရှေးကယောက်ျား၊ မိန်းမ နားပေါက်ဖောက်ကြသည်။ နားကွင်းဆွဲကြသည်။

ပွဲလမ်းသဘင်များတွင် ရဝမ်ခေါင်းဆောင်လူကြီးတို့သည် ရိုးရာဝတ်စုံနှင့်အတူ ဦးခေါင်းတွင် ကြိမ်ဖြင့်ကွပ်လုပ်၍ တောဝက်စွယ်များကို ဝိုက်ပြီး တပ်ဆင်ထားသော ခမောက်တစ်မျိုးကို ဆောင်းကြသည်။ ဓားအိမ်ကို ပခုံးထက်တွင် လွယ်ထားသည်။ ကျန်ပခုံးတစ်ဖက်တွင် ရဝမ်လွယ်အိတ်ဖြူလွယ်လေ့ရှိသည်။ ထိုအသုံးအဆောင်များမှာ အရေးပါအရာရောက်သောလူကြီးများတွင် ပါလေ့ရှိသော ပစ္စည်းများဖြစ်သည်။



*ဆက်လက်ဖော်ပြပါမည်။*

# နှစ်ပေါင်းနှစ်ဆယ်ကျော်ဝေးကွာခဲ့သည့် ရှမ်းနှစ်သစ်ကူးပွဲတော်ကို ပြည်နယ်အဆင့် စည်ကားစွာကျင်းပမည်

■ **EPN**

**ဟိုပင် အောက်တိုဘာ ၆**

မိုးညှင်းခရိုင် ဟိုပင်မြို့ တကွင်းကျေးရွာတွင် နှစ်ပေါင်းနှစ်ဆယ်ကျော်ဝေးကွာခဲ့သည့် ရှမ်းနှစ်သစ်ကူးပွဲတော်ကို ပြည်နယ်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၈ ရက်တွင် ကျင်းပမည့် အဆိုပါ ရှမ်းနှစ်သစ်ကူးပွဲတော်ကို စက်တင်ဘာလမှစပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြောင်း တကွင်းကျေးရွာ ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ သိရသည်။ တကွင်းရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံရှမ်းတိုင်းရင်းသား၊ တိုင်းရင်းသူများက တေးသီချင်းလေ့ကျင့်သီဆိုခြင်း၊ တိုးနယားအက၊ ရှမ်းသိုင်းအက၊ ရှမ်းရိုးရာအကများ သင်ကြားလေ့ကျင့်မှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ကြိုတင်လေ့ကျင့်ခြင်းများပြုလုပ်ရခြင်းသည် ပွဲတော်ရောက်သည့်အခါ အခက်အခဲမရှိဘဲ အဆင်ပြေစေရန် ပွဲတော်လာရောက်ကြသည့်ဧည့်သည်များ ပျော်ရွှင်မှုရသအမျိုးမျိုး ခံစားကြည့်ရှုနိုင်ရန်နှင့် ရိုးရာယဉ်ကျေးမှုများကို လူငယ်များထံ လက်ဆင့်ကမ်းနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သင်ကြားလေ့ကျင့်ရေးတွင် ပါဝင်သူများက ဆိုသည်။

"အခုလိုသင်ပေးနေတာက ကျွန်မတို့ ရှမ်းရိုးရာအကတွေကို ပျောက်ပျက်မသွားအောင် နောင် ရှမ်းလူငယ် မောင်မယ်များကိုလည်း လက်ဆင့်ကမ်းပေးချင်တာပါ"ဟု လေ့ကျင့်ရေးတွင် ဦးဆောင်ပါဝင်သူ နန်းဆိုင်ဟွမ်က ပြောသည်။



ယခုကျင်းပမည့် ရှမ်းနှစ်သစ်ကူးပွဲသည် နှစ်စဉ်ပြုလုပ်နေကျ နှစ်သစ်ကူးပွဲနှင့်မတူဘဲ ပြည်နယ်ဆင့်အနေဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း တကွင်းကျေးရွာတွင် ၁၉၉၃ ခုနှစ်က တစ်ကြိမ်ပြုလုပ်ခဲ့ပြီး နှစ်ပေါင်း ၂၀ ကျော်ဝေးကွာခဲ့ရပြီးမှ ယခုအခါ ဒုတိယအကြိမ်မြောက် ပြုလုပ်နိုင်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလို ရှမ်းနှစ်သစ်ကူးပွဲကို ကျွန်တော့်အသက် (၂၀) လောက်က တကွင်းကျေးရွာစာသင်ကျောင်းမှာ ပထမအကြိမ်တွေ့ကြုံခဲ့ရပြီး အခုကျွန်တော့်အသက် (၄၄)နှစ်ရောက်မှ ဒီလိုပွဲမျိုးကိုပြန်ပြီးတော့ ဆင်နွှဲရတော့မယ်"ဟု တကွင်းရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့အတွင်းရေးမှူး ဦးစိုင်းတင်ထွန်းက ပြောသည်။

အဆိုပါပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၀ ရက်ထိ တကွင်းရှမ်းစာပေနှင့် ယဉ်ကျေးမှုရုံးနေရာတွင် သုံးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးရှိ ရှမ်းတိုင်းရင်းသားများအားလုံးကို ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ ■

## ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]



ဓာတ်ပုံ - အင်တာနက်

အထူးကဏ္ဍ [ဃ] မှ ››››

## ရိုးရာမလေ့ ရိုးရာအလှ တင့်တယ်လှပ ရေအိုးရွက်အက

ရေအိုးရွက်သူတွေရဲ့ စွမ်းရည်နဲ့ အရည်အချင်းတွေကို ပြောပြရရင်တော့ ရေအိုးတစ်လုံးရွက်သူအတွက် ရေနဲ့အိုးရဲ့အလေးချိန်က ခုနစ်ပိဿာ၊ ရေအိုးနှစ်လုံးရွက်သူအတွက် ရေနဲ့အိုးက အလေးချိန် ကိုးပိဿာနဲ့ ရေအိုးသုံးလုံးရွက်သူအတွက် ရေနဲ့အိုးကအလေးချိန် ၁၁ ပိဿာလောက်ရွက်ပြီး ကပြရတဲ့အကဖြစ်တဲ့အတွက် တော်ရုံကပြဖို့ဆိုတာ မလွယ်ပါဘူး။ ဒါကြောင့်ဒီလိုခက်ခဲနက်နဲလှတဲ့ ကျွန်မတို့ရဲ့ ရိုးရာရေအိုးရွက်အကကို ထားဝယ်ရိုးရာယဉ်ကျေးမှုတစ်ရပ်အနေနဲ့ အမြဲရှင်သန်နေအောင် ထိန်းသိမ်းရင်း ကပြနေရတာပါ”ဟု ပြောပြသည်မှာ အံ့သြဂုဏ်ယူဖွယ်ရာ။

ထို့အပြင် အသက် (၁၇) နှစ်အရွယ်ကတည်းမှစတင်၍ ယနေ့ထက်တိုင် ရေအိုးရွက်အကကို ကဖြစ်နေသေးသည့် အသက် (၃၀) နှစ်ရှိသော သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာမှ မချိုချိုသက်ကလည်း ရေအိုးရွက်အကနှင့်ပတ်သက်၍ ပြောပြသည်မှာ “ကျွန်မတို့ မိဘမောင်နှမမျိုးရိုးမှာ ရေအိုးရွက်ကခဲ့တဲ့သူတော့မရှိပါဘူး။ ဒီအကကို ကျွန်မက စိတ်ဝင်စားပြီး ဝါသနာပါတာကြောင့် ကဖြစ်သွားတာပါ။ ကျွန်မအသက် (၁၇)နှစ်ကစပြီး ကတဲ့နှစ်မှာပဲ ရေအိုးတစ်လုံးရွက်ပြီးကပါတယ်။ နောက် ၁၀ နှစ်အကြာ အသက် (၂၈) နှစ်အရွယ်မှာ ရေအိုးနှစ်လုံးရွက်ပြီး ကနိုင်ခဲ့ပါတယ်။ နောက်တစ်နှစ်အကြာ အသက် (၂၉) နှစ်အရွယ်မှာတော့ ရေအိုးသုံးလုံးကို အခုတွေ့တဲ့အတိုင်း ရွက်ပြီး ကနိုင်နေပါပြီ။ ရေအိုးရွက်ကတဲ့သက်တမ်းကတော့ ၁၄ နှစ်လောက်ရှိပါပြီ။ ကျွန်မတို့ရေအိုးရွက်ပြီးတော့ ကမယ်ဆိုရင် အကမစတင်ခင်မှာ ကိုယ့်ခေါင်းပေါ်တင်မယ့် အိုးကို ကြိုတင်ပြီး ဟန်ချက်ညီအောင်ရွက်ပြီး မကျအောင်ထိန်းရပါတယ်။ ရေအိုးနဲ့ ခေါင်းကြားမှာ ဘာအခုအခံမပါပါဘူး။ အိုးထဲမှာ ရေအပြည့်ပါတာကြောင့် ရေအိုးကို ကြာကြာရွက်ထားရင်တော့ ခေါင်းတော့အနည်းငယ်ကျိန်းပါတယ်။ ရေအိုးရဲ့ဖင်ကိုလည်း ချိုင့်ထားတာတို့ ဘာတို့ မရှိပါဘူး။ ပုံမှန်ရေအိုးအလုံးအတိုင်းပါပဲ။ ကတဲ့ရေအိုးဆိုပြီး သီးသန့်လုပ်တာလည်း မရှိပါဘူး။ ရေအိုးရွက်ကမယ့်သူတွေဟာ အပျိုဖြစ်ရပါတယ်။ ရေအိုးကို ကြီးစဉ်ငယ်လိုက် ငါးလုံးအထိရွက်ပြီး ကနိုင်တဲ့ သူတွေလည်းရှိခဲ့ပါတယ်။ အခုအခါ သရက်ချောင်းမြို့နယ်မှာ ရေအိုးရွက်ကခဲ့တဲ့ မိန်းကလေးတွေ အယောက် ၂၀ လောက်ရှိပြီး လက်ရှိကတော့ ၁၅ ဦးနဲ့ ကနေပါတယ်။ အကအဖွဲ့ကတော့ ကျွန်မတို့ရဲ့အဖွဲ့တစ်ဖွဲ့တည်း ရှိပါတယ်”ဟု ရှင်းပြသည်။

မြန်မာပြည်တောင်ဘက်စွန်းဒေသလေးဖြစ်သည့် တနင်္သာရီဒေသက ထားဝယ်တိုင်းရင်းသားများ၏ ထူးခြားစိတ်ဝင်စားဖွယ်ရာ ကောင်းသော ရိုးရာအက၊ ရိုးရာအလှတစ်ခုဖြစ်သည့် သရက်ချောင်းမြို့က ရေအိုးရွက်အကလေးမှာ မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့တိုင် လက်ဆင့်ကမ်းသယ်ဆောင်သွားကြရင်း ရိုးရာအမွေကို ထိန်းသိမ်းကာ ဆက်လက်ရှင်သန်နေဦးမည်ဟု မျှော်လင့်ရင်းဖြင့်. . . ။

■



ကန်ခုနစ်ဆင့်ကို ဝေဟင်မှတွေ့ရစဉ်။
ဓာတ်ပုံ - အောင်ထွန်းလေး

## ကန္တာရဝတီ ငွေတောင်ပြည်

အထူးကဏ္ဍ [က] မှ ››››

ငွေတောင်ဆည်သည် အမြင့် ၃၅ ပေရှိ မြေသားတမံဖြစ်ပြီး အလျားပေ ၆၀၀၀ ရှိသည်။ ကန်ရေပြင်ကျယ် ဧက ၆၂၀ ရှိပြီး ကန်ရေပြင်ပမာဏ ဧက ၈၉၂၀ သိုလှောင်ထားနိုင်၍ ဆည်ရေသောက်ဧရိယာ ၆၂၉၁ ဧကကို စိုက်ပျိုးရေပေးဝေနေသည့် ဒေသသောက်သုံးရေအတွက် အလွန်အရေးပါသော ဆည်တစ်ခုဖြစ်သည်။

လွိုင်ကော်မြို့၏ကျက်သရေဆောင် သီရိမင်္ဂလာတောင်တော် (တောင်ကွဲစေတီ)သည် သဘာဝအတိုင်း ထူးခြားစွာဖြစ်ပေါ်နေသော ကျောက်တောင်ထွတ်ကိုးခုရှိပြီး တောင်တော်မှာ ၃၈၇ ပေမြင့်သည်။ သီရိမင်္ဂလာတောင်ကို မြန်မာဘာသာဖြင့် တောင်ကွဲတောင်၊ ရှမ်းဘာသာဖြင့် လွိုင်ဖာတက်၊ ကယားဘာသာဖြင့် ဖော်ဖြဲဟုခေါ်ဆိုကြပြီး “ဤတောင်သည် ကိုးစိတ်ကိုးမြွာကွဲနေသော်လည်း သာသနာပြုမင်းပေါ်ထွန်းလာသောအခါ ဤတောင်တွင် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်လတ္တံ့”ဟု အတိတ်တဘောင်လည်း ရှိသည်။

ကိုးစိတ်ကွဲနေသော ကျောက်တောင်ထွတ်ထက်တွင် စေတီတော်တစ်ဆူစီကို ၁၈၉၅ ခုနှစ်တွင် ဉာဏ်တော် ၂၂ တောင်ရှိ ရွှေယပ်တောင်စေတီကိုလည်းကောင်း၊ ၁၉၁၃ ခုနှစ်တွင် ဉာဏ်တော် ကိုးတောင်ရှိ ရွှေရင်အေးစေတီကိုလည်းကောင်း၊ ၁၉၁၄ ခုနှစ်တွင် ဉာဏ်တော် ကိုးတောင်ရှိ ကျောက်သမ္ဘာန်စေတီကိုလည်းကောင်း၊ ၁၉၂၉ ခုနှစ်တွင် ဉာဏ်တော် ၁၆ တောင်ရှိ အောင်တော်မူစေတီနှင့် ဆုတောင်းပြည့်စေတီတို့ကိုလည်းကောင်း၊ ၁၉၃၃ ခုနှစ်တွင် ဉာဏ်တော် ၂၄ တောင်ရှိ ပြည်လုံးချမ်းသာ (ပင်မစေတီတော်)နှင့် ဉာဏ်တော် ကိုးတောင်ရှိ အောက်ကျိုက်ထီးရိုးစေတီတို့ကိုလည်းကောင်း၊ ၁၉၃၄ ခုနှစ်တွင် ဉာဏ်တော် ၁၂ တောင်ရှိ အထက် ကျိုက်ထီးရိုးစေတီကိုလည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်တွင် ဉာဏ်တော် ၁၄ တောင်ရှိ ရွှေပြည်အေးစေတီကိုလည်းကောင်း တည်ထားကိုးကွယ်ခဲ့သည်ဟု သိရသည်။ တောင်ထွတ်များပေါ်၌ တည်ထားသောစေတီကိုးဆူကို သက်သောင့်သက်သာ ဖူးမြော်နိုင်ရန် ဓာတ်လှေကားလည်း တပ်ဆင်ထားသည်။ စေတီကိုးဆူကို စုံလင်စွာဖူးမြော်မည်ဆိုလျှင် ကျောက်လှေကားမှတစ်ဆင့် တဖြည်းဖြည်းချင်း ခြေကျင်တက်ရောက်နိုင်သည်။

***ဆက်လက်ဖော်ပြပါမည်။***

## တိုင်းရင်းသားရေးရာ သတင်းများ

### မောင်တောမြို့တွင် အဘိဓမ္မာအခါတော်နေ့ အေးချမ်းစွာကျင်းပ

**မောင်တော အောက်တိုဘာ ၆**

ရခိုင်ပြည်နယ် မောင်တောမြို့ပေါ်၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် နံနက်ပိုင်းက ဘုန်းတော်ကြီးကျောင်းများ၌ ဗုဒ္ဓဘာသာဝင်များ ဥပုသ်သီလဆောက်တည်ကြပြီး ညပိုင်းတွင် မြို့ဦးရွှေစည်းခုံဆံတော်မြတ်စေတီတော်ရင်ပြင်တော်တွင် မြို့နေတိုင်းရင်းသားပြည်သူများက ဆီးမီးတစ်ထောင်ကပ်လှူပူဇော်ကာ မီးပုံးပျံလွှတ်တင်ခဲ့ကြသည်။ **[ဖိုးစိန်]**

### မိုင်းယောင်း၌ သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ပြုသူများ စည်ကား

**မိုင်းယောင်း အောက်တိုဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာနေ့)က မြို့၏သမိုင်းဝင်အထင်ကရနေရာများနှင့် ကျေးရွာဘုန်းကြီးကျောင်းများ၌ ဒေသခံတိုင်းရင်းသားပြည်သူများ ကုသိုလ်ကောင်းမှုများပြုခဲ့ကြကြောင်း သိရသည်။

မိုင်းယောင်းတွင် နှစ်စဉ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာနေ့)ရောက်တိုင်း မြို့၏သမိုင်းဝင်အထင်ကရနေရာများဖြစ်ကြသည့် ရှေးဟောင်းသမိုင်းဝင် ဓာတ်လုံစွမ်ယောင်း (ထပ်လုံ)စေတီ၊ သက်တမ်း နှစ် ၂၀၀၀ ကျော်ရှိ ဗောဓိရွှေညောင်ပင်၊ ဖပီလုံပါဝုန်း (ဈာန်ရကိုရင်ကြီး) တောရကျောင်း၊ မဟာမြတ်မုနိဘုရား (ဖကျောက်လုံလခဲန်)၊ တန်ခိုးကြီးဘုရားဆင်းတုတော်များ ကိန်းဝပ်စံပယ်ရာ ဟိုခုံဘုန်းကြီးကျောင်း(အသောကသိမ်)၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းတိုက်(တပ်ဦးကျောင်း)နှင့် ကျေးရွာဘုန်းတော်ကြီးကျောင်းများ၌ ကုသိုလ်ပြုသူများ၊ တရားဘာဝနာအားထုတ်သူများနှင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြည်ညိုသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဓာတ်ပုံ - ဖြိုးဝေဆက်

### မီးရောင်စုံအလှ ဖားစည်မြေညာ သီတင်းကျွတ်မီးထွန်းပွဲတော်

**ဘားအံ အောက်တိုဘာ ၆**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၄)ရပ်ကွက် သီရိလမ်းရှိ ဖွဲကပင်ခန်းမ၌ ကရင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှကြီးမှူး၍ မီးရောင်စုံအလှ ဖားစည်မြေညာ မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားအား အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်စီမံ၊ ဘဏ္ဍာနှင့်စည်ပင်ဝန်ကြီး ဦးသန်းနိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး၊ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ကရင်ဒိုးယိမ်းအကအဖွဲ့ဝင်များ၊ အရောင်းပြခန်းကုမ္ပဏီဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ၊ လေ့လာသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါမီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၄ ရက်မှ ၆ ရက်ထိ နေ့စဉ် ညနေ ၅ နာရီအချိန်မှ ည ၁၀ နာရီအချိန်ထိကျင်းပခဲ့ရာ ကာရာအိုကေ သီချင်းဆိုပြိုင်ပွဲများနှင့် အဆိုတော်များ၏ ဖျော်ဖြေရေးအစီအစဉ်များပါဝင်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

### မင်းပြားတွင် သီတင်းကျွတ်မီးထွန်းပွဲတော် အေးချမ်းစွာကျင်းပ

**မင်းပြား အောက်တိုဘာ ၆**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ အဘိဓမ္မာအခါတော်နေ့ သီတင်းကျွတ်လပြည့်နေ့ မီးထွန်းပွဲတော်ကို အောက်တိုဘာ ၅ ရက်ညက ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

မင်းပြားမြို့နယ်ရှိ ပဋ္ဌသီလရက္ခတိ ငါးပါးသီလအသင်းမှဦးဆောင်ပြီး မြတ်စွာဘုရားရှင်အား ရည်မှန်းပူဇော်ခြင်း၊ ပျော်ပွဲရွှင်ပွဲများကျင်းပခြင်း၊ အစားအစာများရောင်းချခြင်း၊ ကုသိုလ်ကောင်းမှုများပြုလုပ်ခြင်းတို့ကို မြို့ပေါ်ရပ်ကွက်များမှ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူငယ်မောင်မယ်များ၊ ရပ်ကွက်အဖွဲ့အစည်းများက အေးချမ်းစွာဖြင့် ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(မင်းပြား ပြန်/ဆက်)**

ထားဝယ်တိုင်းရင်းသားရိုးရာဓလေ့

# ရိုးရာဓလေ့ ရိုးရာအလှ တင့်တယ်လှပ ရေအိုးရွက်အက

■ ညီညီမိုး

ကျွန်းပေါင်း ၂၀၁ ကျွန်းနဲ့ ဖွဲ့စည်းတည်ရှိနေတဲ့ တနင်္သာရီကမ်းမြောင်ဒေသကို တနင်္သာရီတိုင်းဒေသကြီးရဲ့ ဘယ်နေရာကပဲကြည့်ကြည့် ကျွန်းတွေကို အရွယ်အစားအမျိုးမျိုး၊ အသွင်သဏ္ဌာန်အစုံစုံနဲ့ တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ အဲဒီ တနင်္သာရီဒေသမှာတော့ ကတန်ကျွန်းလို့ခေါ်တဲ့ ကျွန်းကြီးကတော့ အကြီးဆုံးဖြစ်တယ်။ အဲဒီကျွန်းပေါ်မှာ ကျွန်းစုဆိုတဲ့ မြို့နယ်လေးတစ်ခုတည်ရှိနေတယ်ဆိုတာကလည်း ထူးခြားမှုတစ်ခုပါပဲ။

တနင်္သာရီဒေသဟာ ရေသယံဇာတ၊ မြေသယံဇာတတွေနဲ့ ထူးခြားအံ့သြဖွယ်ရာပြည့်စုံနေတဲ့ ဒေသလေးတစ်ခုဖြစ်တယ်ဆိုတာ ဒေသရဲ့ ဖွံ့ဖြိုးတိုးတက်စည်ပင်နေမှုက သက်သေပြနေတယ်။ ဒါ့အပြင် သဘာဝအလှအပတွေနဲ့လည်း ပြီးပြည့်စုံပြီး အလွန်သာယာလှပတဲ့ ထားဝယ်မြို့က မောင်းမကန်ကမ်းခြေ အပန်းဖြေစခန်းနဲ့ ကော့သောင်းမြို့အနီးက ပုလုံးတုံးတုံးကမ်းခြေအလှတို့ဟာ ဒေသရဲ့ ဂုဏ်ဒြပ်ကို ဖော်ဆောင်မြှင့်တင်ပေးနေတယ်။ စကားသံဝဲဝဲလေးနဲ့ မြိတ်ကို ဘိတ်လို့ခေါ်တဲ့ သံသာချိုမြလှတဲ့ စကားသံလေးတွေနဲ့ ထားဝယ်သံဝဲဝဲလေးတွေကလည်း ကြားရသူကျွန်တော်တို့အတွက် အသွင်ဆန်း၊ အမြင်ဆန်းနေရတာကလည်း အဲဒီဒေသကတိုင်းရင်းသားတွေရဲ့ ချစ်စရာဓလေ့လေးတစ်မျိုးပါပဲ။

ထားဝယ်ဒေသရဲ့ ရိုးရာယဉ်ကျေးမှုတွေအနက်က ကျွန်တော်နဲ့ နှစ်ပေါင်းများစွာကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ ရိုးရာအကတွေက အခုခရီးစဉ်မှာ ကျွန်တော့်ရဲ့စိတ်အစဉ်ကို လှုပ်ခတ်နှိုးဆွပေးနေတယ်။ စိတ်အစဉ်ကို လွှမ်းမိုးနေရာယူနေတယ်။


ဓာတ်ပုံ - အင်တာနက်

အဲဒီအကတွေကတော့ ထားဝယ်ရိုးရာယဉ်ကျေးမှုအကနဲ့ ထားဝယ်မြို့နဲ့ ၁၇ မိုင်အကွာမှာ တည်ရှိနေတဲ့ သရက်ချောင်းမြို့က အံ့မခန်းစိတ်ဝင်စားဖွယ်ကောင်းလှတဲ့ ရေအိုးရွက်အကတို့ ဖြစ်တယ်။ ဒါ့ကြောင့် ဒီတစ်ခေါက်တော့ အကြောင်းအရာတစ်ခုကို စိတ်ဝင်စားရင် စာရေးပြီး စိတ်ဖြေတတ်တဲ့ ကျွန်တော်တစ်ယောက် ကလောင်ကို ဆွဲကိုင်ရချေပြီ။

သရက်ချောင်းမြို့နယ်မှာလည်း ထားဝယ်မြို့မှာကဲ့သို့ပင် ထားဝယ်သူ ထားဝယ်သားအများစုနေထိုင်ကြပြီး ထားဝယ်ရိုးရာယဉ်ကျေးမှုနဲ့ ပွဲတော်များ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ အဆို၊ အကနဲ့ တေးသီချင်းများကို ယနေ့ထိတိုင် ရှေးမူမပျက် သီဆို၊ ကခုန်ကျင်းပလျက်ရှိကြတယ်။ ရှေးရှေးအခါက သရက်ချောင်းကျေးရွာက ထားဝယ်သူကလေးတွေဟာ သနပ်ခါးဘဲကျားနဲ့ ညနေဆည်းဆာအချိန်မှာ ယဉ်ကျေးသိမ်မွေ့လွန်းတဲ့ ဟန်အမူအရာလေးတွေနဲ့အတူ ရေခပ်ဆင်းလာကြတဲ့ အသွင်သဏ္ဌာန်ဟာ ဒီနေ့ထိတိုင် မျက်ဝန်းထဲက မထွက်နိုင်လို့ ပြောကြလေ့ရှိတယ်။ ရေခပ်ဆင်းကနေ ရေခပ်ပြန်ရာ လမ်းတစ်လျှောက်မှာလည်း ရွှေအဆင်းသဏ္ဌာန်နဲ့ ခြေလှမ်းပုံကလည်း စည်းချက်ကျန အကပုံနှယ်ရှိလှတယ်။ အဲဒီနောက်မှာတော့ တဖြည်းဖြည်း ရေခပ်ဆင်းပုံနဲ့ ရေခပ်ပြန်လာပုံတွေကို သဏ္ဌာန်ယူလို့ ရိုးရာတေးသွားသံစဉ်တွေနဲ့ ရောစပ်လို့ စည်းဝါးကျနစွာ ခေါင်း၊ ခါး၊ ခြေ၊ လက်တို့လှုပ်ရှားကပြကြရင်းက ရေအိုးရွက်အကကို သရုပ်ဖော်ခဲ့ကြတာဟာ ဒီကနေ့ထိတိုင်ပင်ဖြစ်တယ်လို့ လူကြီးတွေက ဆိုခဲ့ကြတယ်။

စင်မြင့်ထက်က မီးရောင်အောက်မှာ ရိုးရာသံစဉ်နဲ့ ခေတ်ပေါ်ဂီတသံစဉ်တို့ပေါင်းစပ်လို့ ထွက်ပေါ်လာတဲ့ တေးသီချင်းသံတွေက မြူးကြွလို့နေတယ်။ ရွှေဝါရောင်ချိပ် အဆင်ဝမ်းဆက်ဝတ်ဆင်လို့ ရေအိုးနီနီလေးတွေကို တစ်လုံး၊ နှစ်လုံး၊ သုံးလုံး အမျိုးမျိုးကို ဦးခေါင်းပေါ်တင်ကာ စောင်းဘောက်က ထွက်ပေါ်လာတဲ့ ရိုးရာဂီတ သီချင်းသံနဲ့အတူ ညီညီညာညာ မြိုင်မြိုင်ဆိုင်ဆိုင်နဲ့ စည်းချက်ညီညာစွာ ကပြနေတာကိုကြည့်နေရတဲ့အရသာဟာ ကျွန်တော့်အနေနဲ့ မျက်လှည့်ပွဲကြည့်နေရသကဲ့သို့ ရင်တဖိုဖို၊ စိတ်တထင့်ထင့် ရှိလှသည်ကလည်း ရေအိုးရွက်အကရဲ့ စိတ်အစဉ်ကို စွဲဆောင်လွှမ်းမိုးနိုင်မှုတစ်ရပ်ဖြစ်တယ်လို့ ထင်မိတယ်။ ခေါင်းနဲ့ရေအိုးကြား အခုအခံမပါဘဲ ကိုယ်ခန္ဓာနဲ့ ရေအိုးရဲ့ ဟန်ချက်ကိုပိုင်နိုင်စွာထိန်းသိမ်းလို့ ခေါင်း၊ ခါး၊ ခြေ၊ လက်တွေကို လိုသလိုလှုပ်ရှားကပြနေတာဟာ တော်ရုံသတ္တိနဲ့ တော်ရုံအရည်အချင်းမဟုတ်၊ တော်ရုံဇွဲလုံ့လမဟုတ်။

ကပွဲအပြီးမှာတော့ ရေအိုးရွက်အကနဲ့ပတ်သက်လို့ သရက်ချောင်းမြို့က အလယ်တန်းပြ ဆရာမတစ်ဦးလည်းဖြစ်၊ အကအဖွဲ့ရဲ့ အုပ်ချုပ်သူတစ်ဦးလည်းဖြစ်သူ ဆရာမဒေါ်ချိုမာက ကျွန်တော်သိချင်တာတွေကို ပြောပြရာမှာတော့ "ဒီရေအိုးရွက်အကကို သရက်ချောင်းမြို့နယ်က ထားဝယ်သူလေးတွေက ဒေသရဲ့ ရိုးရာယဉ်ကျေးမှုတစ်ရပ်အဖြစ် တန်ဖိုးထားပြီး ထိန်းသိမ်းကပြနေဆဲပါပဲ။ ဒီအက ကကြည့်ရတဲ့သူအဖို့ အမြင်လွယ်သလောက် သင်ရ၊ ကရ အလွန်ခက်ခဲတဲ့ အကပညာရပ်တစ်ခုဖြစ်ပါတယ်။ ရေအိုးရွက်ပြီး ကပြရာမှာတော့ ရေအိုးနဲ့ခေါင်းကြားမှာဘာအခုအခံမှမပါပါဘူး။ ပြီးတော့ရေအိုးထဲမှာ ရေအပြည့်ထည့်ပြီး ကပြလှုပ်ရှားရတဲ့ အကမျိုးဖြစ်ပါတယ်။ အိုးထဲမှာ ရေပြည့်မပြည့်ပရိသတ်သိမြင်နိုင်အောင်အတွက် အိုးထဲကရေပေါ်မှာ ခွက်ကလေးတစ်ခွက်ကို တင်ပြထားပါတယ်။

အထူးကဏ္ဍ [၈] သို့ ››››

ရှမ်းတိုင်းရင်းသားရိုးရာအစားအစာ

# ရှမ်းတိုင်းရင်းသားတို့၏ ဆန်ကောဝိုင်းနှင့် ရှမ်းထမင်းဟင်းလျာများ


■ စိုင်းသာလှိုင်(လိမ္မော်မြေ)

ရှမ်းနယ်ဖွားတိုင်းရင်းသားတွေဟာ ရိုးရာဓလေ့၊ ရိုးရာအစားအစာတွေကို နေ့စဉ်ချက်ပြုတ်ဝမ်းရေးဖြည့်တင်းကြပေမယ့် ဧည့်သည် မိတ်ဆွေတွေ လာရောက်တဲ့အခါ ဒေသအစားအစာတွေကို စုံစုံလင်လင် ဖွယ်ဖွယ်ရာရာ ကျွေးမွေးဧည့်ခံနိုင်ဖို့အတွက် ရိုးရာစားသောက်ဆိုင်တွေကို ပင့်ဖိတ်ဧည့်ခံလေ့ရှိပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ဒုဋ္ဌဝတီမြစ်ကမ်းဘေး ရွှေညောင်ပင်လမ်းနဲ့ အောင်သပြေလမ်းထောင့်ရှိ Bamboo House (ခေါ်) ဝါးအိမ်လေး အမည်ရှိ ရှမ်းရိုးရာထမင်းဟင်းလျာ ဆန်ကောဝိုင်းဆိုင်လေးကို မရောက်ဖြစ်ရင် သီပေါကိုရောက်တယ်လို့ မဆိုနိုင်လောက်အောင်ပါပဲ။ ဆိုင်တစ်ခုလုံးကို ရှမ်းရိုးရာအငွေ့အသက်တွေရရှိခံစားနိုင်အောင် ဝါးနဲ့သာဆောက်လုပ်ဖန်တီးတည်ဆောက်ထားပါတယ်။ ဒါကြောင့်လည်း Bamboo House ဆိုတဲ့ အမည်နာမလေးနဲ့ လိုက်ဖက်ညီလှပါတယ်။

ဆိုင်လေးရဲ့အခင်းအကျင်းကတော့ သစ်ခွပင်တွေ၊ ပန်းပင်လေးတွေနဲ့ အေးချမ်းဆိတ်ငြိမ်စွာသုံးဆောင်နိုင်ဖို့ စီစဉ်ထားပါတယ်။ အုန်းဘောင်(ခေါ်) မြို့သီပေါကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေလည်း အလွန်နှစ်သက်သဘောတွေ့တဲ့ ရိုးရာစားသောက်ဆိုင်ဖြစ်ပါတယ်။ ဒီဆိုင်လေးအကြောင်းနဲ့ပတ်သက်ပြီး TV Channel တွေကလည်း လာရောက်ရိုက်ကူးကြပါတယ်။ ထမင်းဟင်းလျာတွေကိုလည်း ကျန်းမာရေးနဲ့ညီညွတ်မျှတစေမယ့် ရှမ်းဟင်းလျာများဖြစ်ကာ ဒေသထွက်အသီးအနှံတွေနဲ့ လတ်ဆတ်သန့်ရှင်းစွာ ရိုးရာမပျက်ချက်ပြုတ်ထားတာကို တွေ့မြင်ရပါတယ်။ ရှမ်းထမင်းဟင်းလျာတွေကို ရှမ်းရိုးရာဒေသထွက်စဥ့်ပန်းကန်များနဲ့ထည့်ထားပြီး ဆန်ကောဝိုင်းတစ်ချပ်ပေါ် ငှက်ပျောဖက်နဲ့ ခင်းကာ ဆန်ကောဝိုင်း(ရှမ်းဒေါင်းလန်း)လေးနဲ့အတူထည့်၍ လာချပေးပါတယ်။

လက်ဖက်ရည်သောက်ရေနွေးကြမ်းပန်းကန်လေးတွေဟာလည်း စဥ့်ရေနွေးအိုး၊ ရေနွေးပန်းကန်တွေနဲ့ ဖြစ်ပါတယ်။ ဆိုင်အတွင်းမှာ ရှမ်းရိုးရာအသုံးအဆောင်၊ ပလိုင်းအမျိုးမျိုး၊ ခမောက်အမျိုးမျိုး၊ ရိုးရာရှမ်းအိုးစည်၊ ရိုးရာအသုံးအဆောင် ပန်းကန်ခွက်ယောက်တွေနဲ့ သောက်ရန်ရေကို ရှမ်းရိုးရာမြေအိုးရေတကောင်းတို့ဖြင့် တည်ခင်းဧည့်ခံထားပါတယ်။ ဒါကြောင့် ရှမ်းရိုးရာစားသောက်ဆိုင်မှာ ထမင်းလက်ဆုံသုံးဆောင်ရင်း ခင်းကျင်းပြသထားတဲ့ ရှမ်းရိုးရာအသုံးအဆောင်များကိုပါ ကြည့်ရှုလေ့လာနိုင်ကြပါတယ်။


ဓာတ်ပုံ - စိုင်း(သီပေါ)

ရှမ်းဒေသ ဝါးအိမ်လေးရဲ့ ရှမ်းထမင်းဟင်းလျာနဲ့ ဆန်ကောဝိုင်းမှာ ပဲပုပ်ထောင်း၊ မျှစ်ပြုတ်၊ မြင်းခွာရွက်သုပ်၊ မုန်လာဥနီ စတဲ့အတို့အမြှုပ်များလည်း ဖက်ပေါ်မှာရှိပါတယ်။ ရှမ်းထမင်းဝိုင်း(ဆန်ကောဝိုင်း)တစ်ဝိုင်းလျှင် လူငါးယောက် သုံးဆောင်နိုင်ပြီး တစ်ဝိုင်းစာ ငွေကျပ် ၁၅၀၀၀ သာကျပါတယ်။ ဟင်းလျာအမျိုးအမည်တွေကတော့ ရာသီပေါ်သီးနှံများပေါ်မူတည်ပြီး အပြောင်းအလဲရှိနိုင်ပေမယ့် ဟင်းလျာတွေဟာ ရှမ်းရိုးရာချက်နည်းအတိုင်းသာ ချက်ပြုတ်ထားတာဖြစ်လို့ ဒေသရဲ့အနှစ်သာရကို အပြည့်အဝခံစားရမှာဖြစ်ပါတယ်။

အသားဟင်းလျာအနေဖြင့် ကြက်သားကိုတောက်တောက်စဉ်းပြီး အစာပလာထည့်ကာ ဆီနည်းနည်းနဲ့လှိမ့်လျက် ရှမ်းတိုင်းရင်းသားများ အမြဲအသုံးပြုသော(ခန့်)ခေါ် သစ်ခေါက်တစ်မျိုးပါဝင်ပါတယ်။ ဟင်းလျာတစ်မျိုးကတော့ ရှမ်းတိုင်းရင်းသားများနှစ်ခြိုက်စွာစားသုံးကြတဲ့ ဝဥ(ခေါ်) ဝတုန်ကို မျှစ်ခြောက်နဲ့ချက်ထားပါတယ်။ ငါးပေါင်းကတော့ ပဲပုပ်အမှုန့်နဲ့နယ်ပြီး မီးအေးအေးနဲ့ ပေါင်းထားတာပါ။ အရသာမှာ ဆိမ့်ဆိမ့်လေးနဲ့ စားကောင်းလှပါတယ်။ နောက်ဟင်းတစ်မည်ကတော့ ရှမ်းရိုးရာမုန်ညင်းစောပါ။ မုန်ညင်းကိုချဥ်စော်ကားသီး၊ ကြံသကာတို့ဖြင့် "စော" ထားတာဖြစ်လို့ စားရတာချိုချဥ်လေးပါ။ ခရမ်းသီးနှပ်လည်းပါသေးတဲ့အပြင် ဂျုံးမြစ်နဲ့ကြက်ဟင်းခါးသီး၊ ပဲတောင့်ရှည်တို့ကို ကြော်ချက်လေးချက်ထားတာပါ။ ဆူးပုပ်နဲ့ ကြက်ဥကြော်လည်း ပါသေးတယ်။

နောက် အသားဟင်းလျာတစ်မျိုးကတော့ ဝက်သားသုံးထပ်သားကို ကြာညို့ပဲငါးပိနဲ့ နူးနေအောင်ချက်ထားပါတယ်။ ရှမ်းတိုင်းရင်းသားများ ထမင်းသုံးဆောင်ရာမှာ မပါမဖြစ်တဲ့ဟင်းကတော့ နာမည်ကျော်ရှမ်းရိုးရာပဲပုပ်ထောင်းပါ။ ရှမ်းဘာသာစကားအရ နမ့်ဖစ်ဖူးလို့ခေါ်ပါတယ်။ ထမင်းကိုတော့ ငှက်ပျောရွက်ဖက်လေးနဲ့ထုပ်ပြီး ဝါးနဲ့ရက်ထားတဲ့ဘူးလေးနဲ့ ထည့်ထားပေးပါတယ်။ ထမင်းတစ်ဝိုင်းစာကို ထမင်းထုပ် ငါးထုပ်လောက်ထည့်ထားတာပါ။ ထမင်းကိုဖက်နဲ့ထုပ်ပြီး ပြန်ပေါင်းထားတာဖြစ်လို့ ထမင်းဟာ ဖက်ရနံ့သင်းပျံ့ပျံ့နဲ့မွှေးနေပါတယ်။ ဖက်အောက်မှာ သစ်စေးသုတ်ထားတဲ့ ဆန်ကောအသေးတစ်ချပ်ရှိပါတယ်။

ထမင်းသုံးဆောင်ပြီးတော့ ရွှေဖီမိုးလွတ်လက်ဖက်ခြောက်လှော်နဲ့ နှပ်ထားတဲ့လက်ဖက်ရည်ကို ရှမ်းရိုးရာစဥ့်ပန်းကန်လေးတွေနဲ့ သောက်သုံးရတဲ့ အရသာဟာ ဘာနဲ့မှနှိုင်းမရလောက်အောင် နှလုံးစိတ်ဝမ်းအေးချမ်းသွားစေတာမို့ တစ်ခါတစ်ခေါက်လောက်တော့ မြို့သီပေါ(ခေါ်)အုန်းဘောင်ကို အလည်အပတ်လာရင်း ရေတံခွန်စိမ့်စမ်းများနဲ့ သီပေါချောင်းသာကမ်းခြေမှာ ဘဝအမောတွေဖြေရင်း ရှမ်းရိုးရာအသုံးအဆောင်တွေနဲ့ ဒေသရှမ်းထမင်းဟင်းလျာတွေကို သုံးဆောင်နိုင်ကြဖို့ ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ခေါ်လိုက်ပါရစေ။ ■

## မြန်မာသီရိလက်ာရာမကျောင်းတိုက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြန်မာသီရိလင်္ကာရာမကျောင်းတိုက်၌ (၂၄)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်) ၁၅-၁၀-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ စေတနာရှင်ဓမ္မမိတ်ဆွေများနှင့်ပေါင်းစုကာ ကုသိုလ်ပြုလိုပါသောကြောင့် ကြွရောက်ကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

အလှူမင်္ဂလာနေ့ရက် - ၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၁၀ရက် ၁၅-၁၀-၂၀၁၇ရက်(တနင်္ဂနွေနေ့)
ရေစက်ချတရားနာချိန် - နံနက်၉း၃၀နာရီ
ကျွေးမွေးဧည့်ခံချိန် - နံနက်၁၀နာရီမှ ၁၂နာရီအထိ

ကထိန်သင်္ကန်းဒွိစုံတစ်စုံ ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့်လည်းကောင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းကျွေးမွေးရန်အတွက်လည်းကောင်း ကုသိုလ်ပါဝင်နိုင်ကြပါသည်။

**သာသနာ့ပါလဝေယျာဝစ္စအဖွဲ့**
**မြန်မာသီရိလင်္ကာရာမကျောင်းတိုက်၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၉-၅၀၂၀၉၃၇၊ ၀၁-၅၄၉၇၅၄**

## အချိန်ပြည့်နှင့်အချိန်ပိုင်း ဝန်ထမ်းအလိုရှိသည်

- ဆေးဝါးပညာရှင် (၁)ဦး
  (B.Pharm ဘွဲ့ရ၊ ဆေးရုံ၊ ဆေးခန်းအတွေ့အကြုံရှိသူ)
- အရောင်းစာရေး (၆)ဦး
  (အနည်းဆုံးပညာအရည်အချင်းဆယ်တန်းအောင်မြင်ပြီးသူ)
- စာရင်းကိုင်/ငွေကိုင် (၁)ဦး
  (တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ Basic Computer တတ်ကျွမ်းသူ)

ဆက်သွယ်ရန်ဖုန်း-၀၉-၂၄၀၂၅၃၃၊ ၀၉-၅၁၇၂၄၂၀
Email:greathope.mp2@gmail.com

## စိန့်ပေါလ်ကျောင်းသားဟောင်းများ၏ (၃၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

စိန့်ပေါလ်ကျောင်းသားဟောင်းများ၏ (၃၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် [illegible] ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ(၂၆)ရက် (တနင်္ဂနွေနေ့) နံနက်(၉း၀၀)နာရီတွင် အထက(၆) ဗိုလ်တထောင် အောင်ကျော်ခန်းမ(ယခင် Concert Hall)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

O.P.A အသင်းသားများ၏ ၂၀၁၇ ခုနှစ် [illegible] ပညာရည်ချွန်ဆုပေးနိုင်ရန် (၃၀-၁၀-၂၀၁၇)ရက်နေ့ နောက်ဆုံးထား၍ [illegible]

Reunion Dinner ကို (၂၆-၁၁-၂၀၁၇) ညနေ(၆း၀၀)နာရီတွင် M.J Restaurant ၌ ကျင်းပမည်။ [illegible] Dinner Ticket ဝယ်ယူရန် [illegible]

[illegible]

(၃၀)ကြိမ်မြောက်အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ



## ES4E လူမှုဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ ကျောင်းဆောင်ဆောက်လုပ်ရန်အတွက် လှူဒါန်းခြင်း

၃-၁၀-၂၀၁၇ရက်တွင် သန်လျင်မြို့ ဘုရားကုန်းကျေးရွာအုပ်စု၊ ကျောက်ရေတွင်း ကျေးရွာဆုတောင်းပြည့် တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ES4E ကိုယ်ပိုင်အထက်တန်းကျောင်း လူမှုဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမှ အလှူငွေ(ကျပ်သိန်းနှစ်ရာ) တိတိအား လှူဒါန်းပါသည်။ အလှူမင်္ဂလာအခမ်းအနားသို့ ဆုတောင်းပြည့်ကျောင်းထိုင်ဆရာတော် ဦးနန္ဒဝံသကိုယ်တိုင်ကြွရောက်ချီးမြှင့်ပြီး ဘဏ္ဍာထိန်းအကျိုးဆောင်ရှေ့နေ ဦးညိုမင်း (ကပ္ပိယကာရက)ကအလှူတော်ငွေများကို လက်ခံပါသည်။












# M.K.T Construction Co.,Ltd

မြန်မာ သက္ကရာဇ် ၁၃၇၉ ခုနှစ်၊ သီတင်းကျွတ် အခါသမယတွင်
မြန်မာပြည်သူပြည်သားများ အားလုံး ကျန်းမာ ချမ်းသာ ပျော်ရွှင်ပြီး
ကံကောင်းခြင်း မင်္ဂလာအပြာပြာနှင့် ပြည့်စုံပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရုံးချုပ်-အမှတ်(၁၁၁)၊ (၄၂)လမ်း၊ မဟာဗန္ဓုလလမ်း နှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၈၂၄၂၃၊ ၀၁-၈၃၉၈၁၉၁၊ ၀၁-၂၄၅၇၈၆ 📱 ၀၉- ၇၃၀၇၂၂၅၀၊ ၀၉-၈၆၁၁၀၅၇
Website: www.mktconstruction.com Email: marketing@mktconstruction.com.
Facebook: www.facebook.com/mktconstruction.mm



## ရောင်းမည်/ငှားမည်
ရန်ကုန်မြို့၊ ပန်တျာလမ်း၊ (စစ်သမိုင်းပြတိုက်ဘေးလမ်း) ဒဂုံမြို့နယ်၊ ၁၈'×၅၅'၊ ၄-လွှာရောင်း သိန်း ၁၂၀၀၊ ငှား ၆ သိန်း
**ဖေသိန်းတင်**
ဖုန်း-၀၉-၂၅၀၁၅၀၆၃၉
ကိုလှဖေ ဖုန်း-၀၉-၇၉၉၆၄၁၄၈၃

## ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

## သာလွန်ကျော်
အိမ်၊ခြံ၊မြေ ရောင်း၀ယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း လေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
Ph: 09-420780797
09-254285314

## တိုက်ခန်းကျယ်ငှားမည်
ပထမထပ်၊ ယုဇနပလာဇာ အနောက် (၃၀×၆၀) ဓာတ်လှေကားပါ၊ အခန်း(၄)ခန်း၊ အိမ်သာ(၂)လုံး ...
Ph:09-73112396,
09-798419272


## အမွေစားအမွေခံ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၄)လမ်း၊ အိမ်အမှတ်(၈၂၇/ခ)နေ အမိ ဒေါ်ဆာရာဆူး[၁၂/ဥကတ(နိုင်) ၁၁၄၉၂၉]၏ သားဖြစ်သူ မောင်ကျော်ဇေယျ(ခ)မောင်စိန်ဝင်း[၁၂/ဥကတ(နိုင်)၁၆၄၇၇၄] သည် ဆွေမျိုးနှင့်မိဘများ၊ ညီအစ်ကိုမောင်နှမများ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် ၁၅-၆-၂၀၁၇ ရက်တွင် အမွေစားအမွေခံသားသမီး အဖြစ်မှ အမွေပြတ်စွန့်လွှတ်ထားခြင်းဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသော မည်သည့်ကိစ္စအဝဝကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**မိခင် ဒေါ်ဆာရာဆူး**



## ဘော်မြန်မာဆေးသုတ်အဖွဲ့

| | |
|---|---|
| Unitex | 1'x1' = 220 |
| Orient | 1'x1' = 250 |
| Premier | 1'x1' = 330 |
| Dulux, Jotun | 1'x1' = 430 |
| Nippon | 1'x1' = 430 |

Ph: 09 786590818, 09 796211925

## ရောင်ခြည်ထစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြည့်အစုံ မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

## SEVEN
ဒဂုံဆိပ်ကမ်း အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ? အိမ်အရောက်ငွေပေးချေသည်၊ ပွဲခ လုံး၀ မယူပါ
09-33 333 511
09-33 333 514
09-33 333 644


## ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်း

၁။ ရန်ကုန်မြစ်ကြောင်းပေါ်ရှိ သီလဝါနယ်မြေတွင် Diamond Star Terminal Project ၏ အမြဲတမ်းဆိပ်ကမ်း တည်ဆောက်ရေး လုပ်ငန်းကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်သွားပါမည် -

- (က) စီမံကိန်းအမည် - Diamond Star Terminal Project
- (ခ) စီမံကိန်းတည်နေရာ - သီလဝါ
- (ဂ) ဆောင်ရွက်မည့်လုပ်ငန်း - ဆိပ်ခံတံတားတည်ဆောက်မည့်ကမ်းနားတွင် ဘေးတိုင်စိုက်ခြင်း
- (ဃ) လုပ်ငန်းဆောင်ရွက်မည့်ကာလ - ၁.၁၀.၂၀၁၇ ရက်နေ့မှ ၁၅.၁၂.၂၀၁၇ ရက်နေ့ထိ (ခန့်မှန်း)
- (င) လုပ်ငန်းဆောင်ရွက်မည့်ဧရိယာသတ်မှတ်ချက်
  - (၁) A - Lat 16 ° 37.277' N, Long 096 ° 15.568' E
  - (၂) B - Lat 16 ° 37.599' N, Long 096 ° 15.697' E
  - (၃) C - Lat 16 ° 37.552' N, Long 096 ° 15.822' E
  - (၄) D - Lat 16 ° 37.231' N, Long 096 ° 15.703' E
- (စ) လုပ်ငန်းဆောင်ရွက်မည့်ရေယာဉ်များ
  - (၁) ထွန်းရေယာဉ် - M.V ZAWANA
  - (၂) ဆောင်တူးရေယာဉ် - CHUN HING No.60
  - (၃) နန်းသယ်ယာဉ် - AOM 09 နှင့် AOM 10

၂။ လုပ်ငန်းဆောင်ရွက်မည့်ဧရိယာ၏ မြစ်ကမ်းဘက်ခြမ်းရှိ အမှတ် A နှင့် အမှတ် B တို့တွင် မီးဖော်ယာဉ်များ (FL 1 sec; မီးအရောင် အနီ) ထားရှိပါမည်။ လုပ်ငန်းဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်မည့် ရေယာဉ်များသည် [illegible] ဖြတ်သန်းသွားလာသည့် ရေယာဉ်များ [illegible] ရေကြောင်းသွားလာမှုဆိုင်ရာ စည်းမျဉ်းများကို လိုက်နာသွားပါမည်။ လုပ်ငန်းရေယာဉ်များတွင် VHF ဆက်သွယ်ရေးစက်တပ်ဆင်ထားပြီး လေကြောင်း CH - 16 တွင် ဆက်သွယ်နိုင်ရန် အသင့်ရှိပါမည်။

၃။ စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့်ဧရိယာအနီးတစ်ဝိုက်သွားလာကြသည့်ရေယာဉ်များသည် စီမံကိန်းဧရိယာအတွင်း ဖြတ်သန်းဝင်ရောက်ခြင်းမပြုဘဲ ရှောင်ရှားသွားလာကြရန်နှင့် လိုအပ်ပါက ဆက်သွယ်ရေးလေကြောင်း VHF CH - 16 တွင် ကြိုတင်ဆက်သွယ်မှုများပြုလုပ်၍ ညှိနှိုင်းသွားလာကြရန် ရေကြောင်းသတိပေးချက်ထုတ်ပြန်အပ်ပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်